www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ညိုမှောင်

# ပါးကွက်ကျား

ပဌမမြောက် အသစ်စက်စက် အချစ် ... ဟာသ ... လုံးချင်းဝတ္ထုသစ် ...

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

■ စာမူခွင့်ပြုချက်အမှတ်
၄၀၀၇၀၅၀၄၀၈

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၆၃၂၀၅၀၈

■ မျက်နှာဖုံးဒီဇိုင်း
စောမင်းဝေ

■ ကွန်ပျူတာစာစီ
မြစ်ခွဲစဉ်းကွန်ပျူတာ


■ ထုတ်ဝေသူ
ဦးအေးကြူ(မြစ်ခွဲစဉ်းစာပေ)
တိုက်(၄)၊ အခန်း(၂၀၁)၊ ဈ-လမ်း(အေ)၊
ယုဇနဉယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၊
ရန်ကုန်မြို့။

■ ပုံနှိပ်သူ
ဒေါ်မြ ကြွ(၀၃၃၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊
အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်
ထုတ်ဝေခြင်း - ဇွန်လ၊ ၂၀၀၈
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀

ဟန်ဆောင်မှုကင်းသော
မာယာကင်းသော
အပြစ်ကင်းသော
ရိုးရာဆန်သည့်အလှ
ဝဿဝင်အလှ
အရိုးခံအလှ
ထိုအလှတရားဏ် ဝိသေသသည်
ချစ်သူ့ပါးပြင်ပေါ်က သနပ်ခါးပင်၊
ထိုပါးပြင်ပေါ်သို့
နှာသီးဖျားခိုနားပြီး
တရှိုက်မက်မက်နမ်းဖို့အတွက်
ကျွန်တော်...
ဘယ်လောက်အထိ
အရယ်လွယ် အပြုံးခက်ခဲ့ရတယ်
မှတ်လဲ၊

သုနန်းစံ



www.burmeseclassic.com

## — ၁ —

တကယ်တော့ ဒီဇာတ်လမ်းကို ဖေဖေက စခဲ့တာ ဖြစ်သည်။

ကိုယ့်ဖေဖေကို ကြောင်တယ်လို့ပြောရင် ငရဲများ ကြီးနေဦးမည်လား မသိ။ တကယ်တော့လည်း ကျွန်တော့်ဖေဖေဟာ အူကြောင်ကြောင်ပါပဲ။ (ငရဲရေ… ဘွာတေး…)

ကြည့်လေ… ဖေဖေ လုပ်သွားပုံ။

ဖေဖေ့မှာ ညီတစ်ယောက် ရှိတယ်။ ကျွန်တော့်ရဲ့လေးလေး ဦးသောင်းယုပေါ့။ ဦးသောင်းယုက ရှေ့နေလုပ်ငန်းလုပ်တယ်။ ဖေဖေ နေထိုင်မကောင်းဖြစ်တော့ လေးလေးဦးသောင်းယုပဲ အနီးကပ်ပြုစုစောင့်ရှောက်ခဲ့ရတယ်။ မဆုံးခင်မှာ ကျွန်တော့်ဘဝအတွက် လိုအပ်တာတွေကို စီမံခန့်ခွဲပေးဖို့ လေးလေးဦးသောင်းယုကို အကုန်မှာကြားခဲ့ပါတယ်။

အခုတော့လည်း ကျွန်တော့်ရဲ့ရှေ့ဘဝခရီးအတွက် လေးလေးဦးသောင်းယုရဲ့ ညွှန်ကြားချက်တွေအတိုင်း ကျွန်တော် နေထိုင်သွားရပါတော့မယ်။

အဖေ့ခမျာမလည်း လောကထဲမှာ မျက်စိသူငယ်၊ နားသူငယ်နဲ့ ကျန်ရစ်ခဲ့ရှာမယ့် ကျွန်တော့်ကို စိတ်မချနိုင်လို့ မှာစရာရှိတာတွေ မှာကြားသွားတာ ဖြစ်မှာပေါ့။

www.burmeseclassic.com



ကျွန်တော် ဆယ့်ငါးနှစ်သားကတည်းက ထာဝရ စွန့်ခွာသွားခဲ့သော အဖေ။ ကျွန်တော် စားဖို့သောက်ဖို့၊ နေဖို့ထိုင်ဖို့ စသည့် အခက်အခဲတွေကို ရှေ့နေကြီးဦးသောင်းယုလက် ဝကွက်အပ်ခဲ့သော အဖေ။

မပူမပင် မကြောင့်မကြနဲ့ အဲယားကွန်း ဖင်ပေးပြီး အေးအေးနေခဲ့ရသော ကျွန်တော်။

ဘွဲ့ရပြီးတဲ့ တစ်နေ့မှာပဲ ပြဿနာက စခဲ့တော့သည်။

'ကဲ... ငါ့တူလေးက
ဒီတစ်နှစ်အတွင်းမှာ
ယောကျ်ားတို့ရဲ့ မလျှော့သောလုံ့လနဲ့
အိမ်ထောင်ဖက်တစ်ယောက်ကို ရှာပါ၊
တွေ့ရင် ဦးကို အကြောင်းကြား၊
တကယ်လို့မှ ငါ့တူကြီးရှာလို့မတွေ့ရင်
ဦးကိုယ်တိုင် ရှာပေးရလိမ့်မယ်၊
ဟဲ... ဟဲ...'



www.burmeseclassic.com

www.burmeseclassic.com

## -၂-

လေးလေးဦးသောင်းယု ရှေ့နေဝတ်စုံကြီးဝတ်ကာ အိမ်ရှေ့ ဧည့်ခန်းကို ရောက်လာသည်။ ခဏတာမျှ အလာ သလ္လာပစကားတွေပြောပြီး အာဝါဟ၊ ဝိဝါဟစကားတွေ ပြောလာတော့သည်။

‘ဒီက ငါ့တူလေးမှာ အိမ်ထောင်ပြုဖို့ ရည်ရွယ်ထားတဲ့သူတွေ ဘာတွေ ရှိနေပြီလားကွယ့်’

‘မ… မရှိသေးပါဘူး ဦး’

‘ဒါဆို ရည်းစားလေ‘ဘာလေးတောင် မရှိသေးဘူးပေါ့’

‘ဟုတ်ကဲ့ခင်ဗျ’

လေးလေးဦးသော‌‌ယု အပြောရကျပ်သွားသလို ဖြစ်သွားကာ လည်ပင်းက လည်စည်းလိုဟာကြီးကို လက်နှင့် ဆွဲလုညှိနေသေးသည်။ ပြီးမှ ဟနေသော တိုက်ပုံအင်္ကျီရင်ဘတ်ကို နည်းနည်းဆွဲစေ့ကာ ကိုယ်ကို မတ်၍ စကားဆက်သည်။

‘ဦးပြောတာက ဒီလိုလေ၊ အစ်ကိုကြီးက မှာထားခဲ့တယ်၊ ငါ့တူလေး ဘွဲ့ရပြီးလို့ရှိရင် အိမ်ထောင်ပြုရမယ်လို့ ရေးထားတာကိုး၊ တကယ်လို့ အိမ်ထောင်မပြုခဲ့လို့ရှိရင် အမွေတွေ လွှဲမပေးရဘဲ နိုင်ငံတော်အကျိုးရှိမယ့် ဘာတစ်နေရာရာမှာ လှူဒါန်းရမယ်လို့ပါတယ်၊ ဟဲ… ဟဲ… ဦးအထင်ကတော့



ငါ့တူလေးအဖေ ဦးအောင်ထူးက သူ့ရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ မင်းကို မျိုးဆက် မပြတ်စေချင်လို့နဲ့ တူပါတယ်၊ ဒါကြောင့် ဦးက ငါ့တူလေးကို အခုလိုမေးရတာ’

‘ဟိုက်… ဒုက္ခပဲ’

‘ဒုက္ခမလုပ်နဲ့ ငါ့တူလေးရေ၊ မင်း အိမ်ထောင်ပြုဖို့ကလည်း နှစ်အကန့်အသတ်နဲ့’

‘ဘယ်နှနှစ်လဲ ဦး’

‘မင်းအသက် နှစ်ဆယ့်ငါးနှစ်ထဲမှာတဲ့’

‘ဟာ… အဲဒါမှ ဒုက္ခကို ထပ်ကိန်းတင်လိုက်တာပဲ ဦးရေ’

‘ဘာလို့လဲကွယ့်’

‘ဦးသိတဲ့အတိုင်းပဲလေ၊ ကျွန်တော့်အသက်က ရှေ့လထဲမှာဆိုရင် နှစ်ဆယ့်လေး ပြည့်ပြီပဲဥစ္စာ’

ကျွန်တော့်အပြောကြောင့် ရှေ့နေကြီး ဦးသောင်းယု မောသွားသလို သက်ပြင်းချသည်။

‘ဟူး… ဦးကလည်း ငါ့တူလေးကို ဒီအကြောင်းကို စောစောကတည်းက ကြိုပြောထားမလို့ပဲ၊ ဒါပေမဲ့ ငါ့တူလေးရဲ့ပညာရေးကို အနှောင့်အယှက်ဖြစ်သွားမှာကိုလည်း ထည့်တွေးရသေးတယ် မဟုတ်လား၊ အစ်ကိုကြီး မှာခဲ့တဲ့အထဲမှာလည်း ငါ့တူလေး ဘွဲ့တစ်ခုခုရမှသာ အမွေတွေကို ဆက်ခံပိုင်ခွင့်ရှိရမယ်လို့ ဆိုထားတာကိုး’

‘အင်း… အခုလို အချိန်နည်းသွားရတာကလည်း ကျွန်တော်ကိုက ညံ့တာပါ’

ကျွန်တော့်ကိုယ်ကျွန်တော်သာ အပြစ်ဖို့မိသည်။

ကျွန်တော်နှင့် ရွယ်တူတန်းတူ သူငယ်ချင်းတွေ ဘွဲ့တွေဘာတွေရ၊ အလုပ်တွေဝင်နေချိန်မှာ ကျွန်တော်က ကျောင်းနေပျော်ပြီး စာသင်ကောင်းတုန်းကိုး။ ဟိုအတန်းမှာ သောင်တင်၊ ဒီအတန်းမှာ ရေမကျနဲ့ နှစ်ဆယ့်လေး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထဲရောက်မှ ညည်းခန်းနံရံမှာ ဘွဲ့ဓာတ်ပုံချိတ်နိုင်ခဲ့တာ။

တချို့ကျတော့ ပညာလည်းစုံ၊ ကြင်ရာလည်းစုံတဲ့။ ကျွန်တော့်မှာတော့ ရည်းစားဆိုလို့ ဖက်ကြောတက်၊ ခေါင်းကိုက်လို့တောင်မှ လိမ်းစရာမရှိ၊

ကျွန်တော့်အဖို့တော့ ချစ်သူရည်းစားဆိုတာ လေဖမ်းဝါးတမ်းချည်နေရသောအရာ။ အိမ်ထောင်ပြုဖို့ဆိုတာ မျိုးစေ့တောင် မချရသေးသည့်သစ်ပင်တစ်ပင်၏ ပန်းပွင့်။ ထိုပန်းပွင့်ကို နမ်းရှိုက်ဖို့ အခွင့်အရေးကတစ်နှစ်။ လနှင့်တွက်လျှင် ဆယ့်နှစ်လ။ ရက်ပေါင်း သုံးရာခြောက်ဆယ့်ငါးရက်။ ဖေဖေ ဘယ်လိုလုပ်ခဲ့တာပါလိမ့်။ ဇာတ်ထဲက မင်းသားကြီးတွေလို အောင်မယ်လေးတပြီးတော့သာ ငိုလိုက်ချင်တော့သည်။

'ကဲ… ငါ့တူလေးက ဒီတစ်နှစ်အတွင်းမှာ ယောကျာ်းတို့ရဲ့ မလျှော့သောလုံ့လနဲ့ အိမ်ထောင်ဖက်တစ်ယောက်ကို ရှာပါ၊ တွေ့ရင် ဦးကို အကြောင်းကြား၊ တကယ်လို့မှ ငါ့တူကြီးရှာလို့မတွေ့ရင် ဦးကိုယ်တိုင်ရှာပေးရလိမ့်မယ်၊ ဟဲ… ဟဲ…'

'ပါးကွက်ကျား တွေ့ချင်ရင်…
တောရွာကိုသွား…'
'ပါးကွက်ကျား တွေ့ချင်ရင်…
တောရွာကိုသွား…'
'ပါးကွက်ကျား တွေ့ချင်ရင်…
တောရွာကိုသွား…'
'တောရွာကိုသွား…'



www.burmeseclassic.com

www.burmeseclassic.com

## -၃-

ခက်ကြီး ဘယ်နှပါးရှိသလဲ မသိ။

မိန်းမလိုလျှက် ရည်းစားခက်ဆိုတာတော့ ပါလိမ့်မည် မထင်။

ဒါပေမဲ့ ကျွန်တော့်မှာတော့ အခက်ကြီးကြုံနေရသည်။ မိန်းမတော် ပြီး မယားကောင်းရှာနေသော ခေတ်ကြီးထဲမှာ ကျွန်တော့်စိတ်ကြိုက် တွေ့ဖို့ဆိုတာ ပိုလို့ပင် ခက်နေသေးတော့သည်။ နေ့စဉ်မြင်တွေ့နေရသည့် ကောင်မလေးတွေကို ကျွန်တော် သဘောမကျ။

သူတို့လေးတွေ မလှလို့လား… မဟုတ်။ သူတို့လေးတွေ အရည် အချင်းမရှိလို့လား… မဟုတ်။ တစ်ယောက်မှ မစွံနိုင်လောက်အောင် ကျွန်တော့်ရုပ်ရည်က ဆိုးနေလို့လား၊ မဟုတ်ရေးချ မဟုတ်ပါ။ ကျွန်တော့် ကိုယ်ကျွန်တော် မှန်းရလျှင် (အယ်… အကြေးခွံပါတဲ့ငါးမှ မဟုတ်တာ ဘာလို့ မှန်းရမှာလဲ)။ အဟဲ… ကျွန်တော့်ရုပ်ရည်ကလည်း မခေလှပါ။ ငါးရှဉ့်က အစ်ကိုခေါ်လောက်အောင် ချောပါသည်။

အဟီး… ဒါတောင် လျှော့ပြောထားတာ။

ဖေဖေ သေသွားသော်လည်း မေမေသာ ကျန်နေခဲ့လျှင် ဒီလို ပြဿနာမျိုး ကြုံရမည် မဟုတ်ပါ။ အခုတော့ အလောသုံးဆယ့် အိမ်ထောင် ဖက်တစ်ယောက် မဖြစ်မနေကို ရှာရတော့မည်။



ဖေဖေ့ညီ ရှေ့နေကြီးဦးသောင်းယုကိုမှ မလွဲမသွေ အသေအချာ လုပ်ဆောင်ရန် မှာကြားခဲ့ခြင်း ဖြစ်သည်။

ဒါကြောင့် ကျွန်တော့်မှာ ခကွေးကသတ် ခက်နေရသည်။

ဟန်ဆောင်ပန်ဆောင်နှင့် လင်မယားလုပ်တမ်း ကစားကြတာမျိုး ကလည်း ဗီဒီယိုတွေ၊ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာပင် ဖန်တစ်ရာတေနေ ပြီ။ ဒါတောင်မှ မိန်းကလေးများကသာ ဟန်ဆောင် လင်အငှားလုပ်နိုင်းပြီး သရုပ်ဆောင်စေကြတာသာ ရှိသည်။ ယောကျ်ားကလေးက မယားအငှား လုပ်နိုင်းဖို့ရှာရလျှင် အပျိုဂုဏ်ပျက်မှာစိုးတာနှင့် ဘယ်မိန်းမကောင်းကမှ လုပ်မှာမဟုတ်။ နောက်ပြီး ညာရလှည့်ရမယ့်သူကလည်း တခြားသူမဟုတ်။ ရှေ့နေကြီး ဦးသောင်းယု။ ကိုယ့်ဦးလေး တကယ့်ဝါရင့်ရှေ့နေကြီးကို ညာရမယ့်ကိစ္စက ဒေးဗစ်ကော်ပါဖီးလ်ကို လက်ယမ်းပြီး မီးခြစ်ဘူးဖှက်ပြ သလို ရယ်စရာမျက်လှည့်တစ်ခုသာ ဖြစ်ပေလိမ့်သည်။

ကျွန်တော်ကလည်း အရေးကြီးလို့ ရရာရွေးရမည့်အချိန်မှာ တစ် ဘဝလုံးစာ လက်တွဲသွားရမည့်သူကို ရှာရမည့်ကိစ္စမို့ ချေးများချင်သည်။

မျိုးရိုးလည်း ကောင်းပေ့၊ သန့်ပေ့။ ပညာလည်း တတ်၊ ရုပ်ရည် လည်းချောသည့် မိန်းကလေးတွေ တောင်ပုံယာပုံ ရှိနေတာတောင်မှ တစ် ယောက်တလေမှ မျက်စိထဲမှာမတိုး။

ကျွန်တော်ကလည်း နည်းနည်းတော့ ကြောင်ပါသည်။ အလှ အသွေး ရောင်စုံခြယ်သထားသည့် မော်ဒယ်(လ်)ကောင်မလေးတွေကြားထဲ မှာမှ ပါးကွက်ကျားနှင့် ကောင်မလေးတစ်ယောက်၏ ရိုးရိုးရှင်းရှင်းမျက်နှာ လေးကိုမှ စိတ်ကူးယဉ် ရူးသွပ်နေမိသည်။

ကျွန်တော့်စိတ်ကူးကမ္ဘာထဲမှ ချစ်သူသည် သဘာဝ သနပ်ခါး စစ်စစ်ကို သစ္စာရှိရှိ မြတ်မြတ်နိုးနိုး လိမ်းခြယ်တတ်သူ။ (ကြော်ငြာမင်း သမီးတွေလို သနပ်ခါးကြော်ငြာရိုက်တုန်းခဏ ပါးကွက်ကွက်ပြတာမျိုး မဟုတ်ရ)။

ချစ်သူ၏ပါးပြင်သည် မနက်ခင်းမှာကြည့်ကြည့်၊ နေ့ခင်းမှာ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ ညမှာကြည့်ကြည့် သနပ်ခါးပါးကွက်ကျားလေးနှင့် ယဉ်နေရမည်။ အစဉ် မွေးပျံ့နေရမည်။

ကဲ… ဒီလိုခေတ်အခါကြီးထဲမှာ ဒီလို မိန်းကလေးမျိုးဆိုတာ မရှိသလောက် ရှားသွားပြီ မဟုတ်လား။ ဓာတုပစ္စည်းတွေနဲ့ ခြယ်သထား သည့် ပါးပြင်များ၊ ကျောပြင်ဗလာ၊ လက်မပါ၊ ပခုံးကြိုးမပါနှင့် ရင်စည်း အင်္ကျီ ဝတ်စားဆင်ယင်မှုများ၊ ရေ့ကွဲ၊ နောက်ကွဲ၊ ဘေးကွဲ စကတ်များ ဘောင်းဘီအတို၊ အရှည်၊ ဘောင်းဘီ စကောစကများ၏ လွှမ်းမိုးမှု။

မြန်မာဟန် လုံးဝပျောက်နေသည့် ကောင်မလေးများကိုပယ်ထား ရိုးရိုးယဉ်ယဉ်နှင့် လှနေသည့် မိန်းမလှလေးတစ်ယောက်ကိုသာ အလိုရှိပါ သည်။ ဘယ်မှာ ရှာလို့တွေ့ပါ့မလဲ။

ပန်းကွက်ကျားကိုမှ လိုချင်နေတာလည်း ဝဋ်ဒုက္ခတစ်မျိုးပဲဟု ဆိုရမည်။

ကျွန်တော့်အကြောင်းကို ပြောပြတော့ ကြားသူတိုင်းက ရယ်ကြ သည်။ အားလုံးက စေတနာနဲ့လား၊ ဘုတောခြင်းလား မဆိုနိုင်။ သူတို့ အားလုံးက တညီတညွတ်တည်း တိုက်တွန်းကြသည်။ ဒီလောက်တောင် ပါးကွက်ကြားရူး ရူးနေတဲ့ ကျွန်တော့်ကို…

'ပါးကွက်ကျားတွေ့ချင်ရင် တောရွာကိုသွား'

'ပါးကွက်ကျားတွေ့ချင်ရင် တောရွာကိုသွား'

'ပါးကွက်ကျားတွေ့ချင်ရင် တောရွာကိုသွား'

'တောရွာကိုသွား'



ဝယ်ထားကြနော်၊
အပွေးထူ၊ အနံ့မွှေးတဲ့
သနပ်ခါးတုံးတွေ၊
ကိုယ့်လင်သား အမောပြေ၊
အမေပြောတဲ့ လင်ချစ်ဆေးဖြစ်သလို
ခပ်ဂျစ်ဂျစ်ယောကျ်ားကို
နပုံးကွဲအောင် ပညာစွမ်းတဲ့
လင်နိုင်ဆေးလည်း ဖြစ်တယ်နော်

www.burmeseclassic.com

## - ၅ -

'အဲဒါဆိုလည်း ဘကြီးရဲ့ရွာကို သွားပါလား၊ အဲဒီမှာ ဘကြီးရဲ့ ညီဝမ်းကွဲတစ်ယောက် ရှိတယ်၊ ဘကြီး စာရေးပေးလိုက်မယ်၊ ဖော် သလောက် နေခဲ့ပေါ့၊ ဘကြီးကတော့ ရွာကို သတိရပေမယ့် အသက် အရွယ်ကလေးက ထောက်လာတော့ လမ်းခရီးဒဏ် မခံနိုင်တော့ဘူး ဒီမှာပဲ လူကလေးရဲ့ အိမ်နဲ့ခြံကို စောင့်ရှောက်ရင်း နေခဲ့တော့မယ်၊ အဲဒီမှာ လူကလေးတွေချင်တဲ့ ပါးကွက်ကျား လုံမကလေးတွေ အများကြီးတွေ့ရမှာ ဘယ့်နှယ် သဘောရသလဲ လူကလေး'

ဖေဖေ့လက်ထက်ကတည်းက အိမ်မှာနေလာခဲ့သည့် ဘကြီးသက်။ တောမှ မြို့တက်လာပြီး တစ်ကောင်ကြွက် တစ်မျက်နှာဘဝနှင့် ဒုက္ခရောက် နေသော ဘကြီးသက်ကို ဖေဖေက အိမ်မှာခေါ်ယူကာ တိုလီမိုလီလုပ်ငန်း ကလေးများ ခိုင်းစေရင်း ချုံးမွေးစောင့်ရှောက်ခဲ့တာ ကျွန်တော့်အသက် နှင့်အမျှပင် ဖြစ်သည်။ ဖေဖေ ဘုံးပါးသွားခဲ့သော်လည်း တောရွာကိုမပြန် တော့ဘဲ တူအရင်း၊ သားအရင်းလို သံယောဇဉ်တွယ်ခဲ့ရသော ကျွန်တော့် ကို စောင့်ရှောက်ရင်း ဒီအိမ်မှာပင် ဘဝကို အဆုံးသတ်သည်အထိ သစ္စာရှိစွာ နေထိုင်သွားတော့မည်ဟု သန္နိဋ္ဌာန်ချထားသူလည်း ဖြစ်သည်။

'ဘယ့်နှယ်လဲ… သွားမယ်မဟုတ်လား လူကလေး'

စိတ်အားထက်သန်စွာ မေးလာသော ဘကြီးသက်၏အမေးကို သဘောကျစွာ ဖြေလိုက်တော့သည်။

'သွားမယ် ဘကြီးသက်'

*



ဤသို့ဖြင့် ဘကြီးသက်၏ မွေးဇာတိရွာဖြစ်သော မြန်မာပြည် အလယ်ပိုင်းက 'ပေပင်ကုန်း' ဟူသည့် ရွာကလေးကို ဘုန်းမောင်တစ်ကိုယ် တည်း ခရီးနှင်ခဲ့ရတော့သည်။

ကျွန်တော့်ခရီးက ချီကတည်းက ယဉ်သကိုဆိုသလို တစ်ညလုံး ကားစီးသွားရမည့်ခရီးမှာ စကားအလွန်ပေါသည့် လူတစ်ယောက်နှင့်မှ အတူတူတွဲကာ ခုံချင်းကပ် လာကျနေသည်။

'ခင်ဗျားက ဘယ်သွားမှာလဲ'

'ပေပင်ကုန်းရွာ'

'ဟာ… ဟုတ်လား၊ ဒါဆို ကျွန်တော်တို့မြို့ကနေတစ်ဆင့် ကား စီးရဦးမှာပေါ့၊ ပေပင်ကုန်းက ကျွန်တော်တို့မြို့နဲ့ ဆယ်မိုင်လောက်ဝေးသေး တာ၊ ကျွန်တော် ရောက်ဖူးတယ်၊ ဘာဖြစ်လို့ ပေပင်ကုန်းလို့ ခေါ်ရသလဲ မသိပါဘူးဗျာ၊ ပေပင်ရယ်လို့လည်း လက်ညှိုးထိုးပြစရာ အပင်ပေါက် တောင် ရှိတာ မဟုတ်ပါဘူး၊ ဒါနဲ့ ခင်ဗျား ပေပင်ကုန်းကို ဘာသွားလုပ် မှာတုန်း'

'မိန်းမရှာ သွားမလို့'

'ဟာဗျာ…'

အဟုတ်အမှန်အတိုင်း ဖြောင့်ဖြောင့်ကြီး ပြောလိုက်မှပဲ အဲဒီပုဂ္ဂိုလ် ပါးစပ်ပိတ်သွားတော့သည်။

စကားမပြောရတော့လို့ အိပ်သွားတော့လည်း (ငုတ်တုတ်အိပ်ရ တာတောင်) တခူးခူး တခေါခေါနှင့် နှားကြားပြင်းကပ်လောက်အောင် ဟောက်လိုက်သေးသည်။ မနက်လင်းလို့ မြို့ကလေးတစ်မြို့ကိုရောက်ကာ ခရီးတစ်ထောက်ဆုံးကာမှ နားညည်းသက်သာတော့သည်။

ဒါပေမဲ့ ဆိုရေးရှိက ဆိုသလို ထိုသူ့ကိုပဲ ဆက်သွားရမည့်ခရီး အတွက် မေးမြန်းရတော့သည်။

'ပေပင်ကုန်းရွာကို သွားတဲ့ကားက ဘယ်လိုစီးရတာလဲဗျ'

'မတ်တတ်ရပ်စီးစီး၊ ထိုင်စီးစီး၊ အမိုးပေါ်တက်စီးစီး ရတာပဲဗျ

www.burmeseclassic.com



ခင်ဗျား ပိုက်ဆံပိုပေးမယ်ဆိုရင် ရှေ့ခေါင်းခန်းထဲက ဒရိုင်ဘာပေါင်ပေါ်တောင် ထိုင်စီးလို့ရတာပဲ'

အပြန်အလှန် ကလှဲစားသဘောမျိုးနဲ့ ဘုတောတာကို ခံလိုက်ရတယ်။

'မဟုတ်ဘူးလေ'

'ဘာ မဟုတ်တာလဲ'

'ကျွန်တော်မေးတာက ပေပင်ကုန်းကိုသွားတဲ့ကားကို ဘယ်နားကစောင့်စီးရသလဲလို့'

'ဈေးနားက စောင့်စီး၊ ဟိုရွာက ဈေးဝယ်ဆင်းလာတဲ့ကားတွေဆိုတော့ ဈေးနားမှာ ရပ်တာများတယ်၊ တစ်ခါတစ်ခါ မြို့အနောက်ဘက်တံခါးမှာလည်း ရပ်တတ်တယ်'

'ဈေးက ဘယ်ဈေးလဲ'

ကျွန်တော့်အမေးကြောင့် အဲဒီလူ နည်းနည်းကြောင်သွားသည်။ ပြီးမှ သူ့ဟာသူ သဘောပေါက်ပြီး…

'ဒါက တောမြို့ကလေးဗျ၊ ဈေးတွေ အများကြီးရှိတာ မဟုတ်ဘူး စည်ပင်သာယာဈေး တစ်ဈေးတည်းပဲ ရှိတာ၊ ဒီဈေးတစ်ဈေးတည်းနဲ့ တစ်မြို့လုံးကလူတွေ ချက်ပြုတ်စားသောက်နေတာ၊ ဈေးကလည်း မြို့ရဲ့အချက်အချာကျတဲ့ မြို့လယ်မှာရှိတာ၊ ပြီးတော့…'

စကားရှည်တော့ ဒါဆိုတာ ရိပ်မိသဖြင့် လိုရင်းတစ်ချက်ကို မေးလိုက်ရသည်။

'အဲဒီ ပေပင်ကုန်းကားတွေက ဘယ်အချိန်ထွက်သလဲ'

ထိုသူက လက်မှာပတ်ထားတဲ့ နာမည်ကြီးကုမ္ပဏီတံဆိပ်နှင့် အပေါ်စားပလတ်စတစ်နာရီကို ဟန်ပါပါမြှောက်ကြည့်သည်။

'အင်း… အခုအချိန်လောက်ဆို ကားမမီတော့ဘူးပေါ့'

'ဗျာ… ဒါဆို ကျွန်တော် ကားမမီတော့ဘူးပေါ့'

ကျွန်တော် အထိတ်တလန့်ဖြစ်သွားရပုံကို သူက ပြုံးကြည့်ပြီး—



'မီတာပေါ့၊ ဘာလို့ မမီရမှာလဲ'

'ဟင်… ခင်ဗျားပဲ ကားထွက်လောက်ပြီဆို'

'ဟုတ်တယ်လေ၊ ထွက်ပြီပေါ့၊ ဈေးဝယ်လာတဲ့ကားလို့ ပြောသားပဲ၊ အခုအချိန်လောက်ဆို ထွက်ပြီပေါ့၊ ဒါမှ ဒီကို ခုနစ်နာရီ၊ ခုနစ်နာရီခွဲလောက် ရောက်လာ၊ ဈေးလေးဘာလေး ဝယ်ခြမ်း၊ ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီလောက် ဒီကနေပြန်ထွက်'

'ဒါဆို ဆယ်နာရီ၊ ဆယ့်တစ်နာရီလောက်စောင့်စီးရင် ကားမီတာပေါ့'

'အင်းလေ'

'ဒါနဲ့များ စောစောက အဲဒီလို ရှင်းရှင်းပြောရောပေါ့ဗျာ'

ဒါနဲ့ပဲ လက်ဖက်ရည်ဆိုင်တစ်ခုမှာ ဝင်ထိုင်၊ လက်ဖက်ရည်သောက်၊ ပဲအီကြာတစ်ပွဲစား။

အီကြာကွေးကြီးတွေ ကြီးလိုက်ပုံများ လူရိုက်လို့တောင် ရလောက်တယ်။ တကယ်… တကယ် ကျွန်တော့်တစ်သက် ဒီလောက်ကြီးတဲ့ အီကြာကွေးမျိုး မစားဖူးဘူး၊ စားပွဲထိုးကလေး လာချပေးတဲ့ အီကြာကွေး တစ်ချောင်း၊ စားတော်ပဲပြုတ်မှာ ကြက်သွန်နီဆီချက်ပြီး လောင်းထည့်ထားတဲ့ ပန်းကန်သေးသေးကလေး တစ်လုံးတည်းနဲ့ ဗိုက်ကားသွားရသည်။ အစာပိတ် လက်ဖက်ရည်သောက်လိုက်သောအခါ ထိုင်ရာမှမထချင်လောက်အောင် ဗိုက်လေးသွားရတော့သည်။

လက်ဖက်ရည်ဆိုင်မှာ စီးကရက်ကလေး ဖွာ၊ ဟိုတွေး ဒီတွေးတွေးရင်း နှစ်နာရီလောက် အချိန်ဖြုန်းလိုက်ရသည်။ လက်ဖက်ရည်ဆိုင်က ထွက်လာသောအခါ ရှစ်နာရီထိုးပြီးလို့ ငါးမိနစ်လောက် စွန်းနေပြီ။

မြို့ကလေး၏ လမ်းမကြီး (တစ်ခုတည်းသောလမ်းမကြီး)အတိုင်း လျှောက်ပြီး ဈေးထဲသို့ဝင်ကာ ဒေသထွက်ရောင်းကုန်ပစ္စည်းများကို လျှောက်ကြည့်နေလိုက်သည်။ တောမြို့ကလေးမို့ လတ်ဆတ်သော အသီးအရွက်တွေ ဈေးချိုချိုနှင့်ရနိုင်တာ တွေ့ရသည်။ အသားငါးတွေလည်း မြို့ကြီးပြကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေထက် လတ်ဆတ်ပြီး ရေခတ်ပါဝင်မှု နည်းနေတာကို သတိထားမိသည်။ ချိန့်တွယ်ရောင်းချနေသော ပိသာလေးတွေကလည်း ရေမကူးတန်ကောင်းရာ။

တစ်နေရာမှာတော့ သနပ်ခါးတုံး အတိုအရှည်ပြတ်တွေကို ရောင်းနေတာတွေ့ရတော့ မမြင်ရ မတော်ရသေးသည့် ချစ်သူ၊ ဘယ်မှာနေမှန်း မသိသေးသည့် ချစ်သူကို ကြံကြံဖန်ဖန် သတိရမိသေးသည်။

မိုင်ပေါင်းရာချီပြီးဝေးသည့် ကျေးလက်တောရွာကလေးကို တကူးတကလာပြီး ပါးကွက်ကျားနဲ့ ချစ်သူကို လာရှာသည့်အဖြစ်ကို လူတွေသိလျှင် ရယ်ကြမည်လား မသိ။

'ဝယ်ထားကြနော်၊ အပွေးထူ၊ အနံ့မွှေးတဲ့ သနပ်ခါးတုံးတွေ ကိုယ့်လင်သား အမောပြေ၊ အမေပြောတဲ့ လင်ချစ်ဆေးဖြစ်သလို ခင်ဂျူးဂျစ်ယောက်ျားကို နှဖူးကွဲအောင် ပညာစွမ်းတဲ့ လင်နိုင်ဆေးလည်း ဖြစ်တယ်နော်'

သနပ်ခါးတုံးတွေ အာပေါင်အာရင်းသန်သန်နှင့် အော်ရောင်းနေသည့် အစ်မကြီး၏စကားကြောင့် ကိုယ့်နှဖူးကိုယ်ပင် ယောင်ရမ်းစမ်းလိုက်မိသေးသည်။ မိတ်ကပ်ဘူး၊ ရေမွှေးဘူးနှင့်ပေါက်လျှင် သိပ်အထိမနာသလောက် သနပ်ခါးတုံးဆိုလျှင်တော့ သွေးငေါက်ငေါက်ပန်းလောက်သည်ဟုတွေးကာ ကြက်သီးဖျန်းမိသေးသည်။

'မောင်လေးရေ… သနပ်ခါးတုံးကလေးတွေ ဝယ်သွားပါဦးလား ကိုယ့်အိမ်အပြန် မျက်နှာပန်းလှအောင် ကိုယ့်မိန်းမကိုယ် မျက်နှာလုပ်ရတာပေါ့'

အထုပ်တွေ၊ အပိုးတွေနှင့်ဖြစ်နေသော ကျွန်တော့်ကိုကြည့်ကာ ပြောလာခြင်းဖြစ်သည်။ ကျွန်တော်လည်း ရောယောင်ကာ သနပ်ခါးတုံးတွေကို ကောက်ကိုင်ကြည့်လိုက်ရသည်။

'ရွေး…ရွေး… မောင်လေး၊ သနပ်ခါးတုံးတွေ ရင့်တယ်၊ အမ်ကမိန်းမ ပိုလှဖို့အတွက်လို့ သဘောထား'



သနပ်ခါးသည် အစ်မကြီးက စွတ်ရွတ်ပြောနေသည်။ ဒီလောက်အထိ ငြိမ်ခံနေပြီး လူပျိုရည်အပျက်ခံလို့ မဖြစ်တော့ဟုတွက်ကာ အစ်မကြီးကို စကားဝှက်ဖြင့် ပညာပြလိုက်ရသည်။

'ကျွန်တော်က မရှိဗျိုင်းတောင်ပါ'

ကျွန်တော့်စကားကြောင့် အစ်မကြီးနဝေတိမ်တောင်ဖြစ်သွားသည်။

'အငြိမ့်ထဲက လူရွှင်တော်စကားနဲ့ပြောတာ၊ ကျွန်တော်က မရှိဗျိုင်းတောင်လေ'

'ဘာလဲ မရှိဗျိုင်းတောင်ဆိုတာ'

'ဟာ… အစ်မကလည်း၊ ဒါလေးတောင် မသိဘူးလား'

'ပြောပါဦး၊ မရှိဗျိုင်းတောင်ဆိုတာ'

ကျွန်တော်က ဆရာကြီးစတိုင်လ်ဖြင့် ချောင်းတစ်ချက်ဟန့်လိုက်သည်။ ဘေးနားက ဆိုင်နီးနားချင်းတွေပင် စိတ်ဝင်စားလာပုံနှင့် ခေါင်းလှည့်ကြည့်ကြသည်။

'အဟမ်း… အဟမ်း… ဒီလိုလေ၊ မရှိတော့ မလိုဘူးလား'

'အင်း… မရှိတော့ လိုတယ်'

'ဗျိုင်းတောင်က ဆိုင်းတွေ ဘာတွေတီးတဲ့အခါ မတီးဘူးလား'

'ဗျိုင်းတောင်တီးတယ်ဆိုတာ ကြားဖူးတယ်၊ အဲဒီတော့…'

'အဲဒီတော့ မရှိတော့လိုတယ်၊ ဗျိုင်းတောင်က တီးတယ်၊ လိုတီးပေါ့တော့ အဲ… မဟုတ်သေးပါဘူး'

'ဘာ… ဘာ… ဘာလိုတီးလဲ'

ကျွန်တော့်စကားကြောင့် သနပ်ခါးသည် အစ်မကြီးက ဒေါသတကြီး ထအော်သည်။

'ဟုတ်သေးပါဘူး၊ လိုတီး… လိုတီး…'

အနားမှ ဈေးသည်တွေရော၊ ဈေးဝယ်တွေကပါ ကျွန်တော့်ကိုကျော်ကျပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေရပုံကြောင့် အုန်းအုန်းထရယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိန်းမသားဆိုပြီးတော့ ယီးတီးယားတားတော့ လာမလုပ်နဲ့နော် ဘာမှတ်လဲ၊ သနပ်ခါးတုံးစာ မိသွားမယ်'

အစ်မကြီးက သနပ်ခါးတုံးကို ခပ်ဆဆကိုင်ရင်း ကြိမ်းသည်။ ကျွန်တော်လည်း ကိုယ့်ခေါင်းကို လက်ဝါးကလေးနှင့် အုပ်ထားရသည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး'

'ဘာ မဟုတ်တာလဲ၊ ဘာ မဟုတ်တာလဲ၊ ရုပ်ကလေးက သနားကမားနဲ့၊ တော်တော်မိုက်ရိုင်းတယ်၊ သနပ်ခါးတုံးစာမိသွားမယ်သေနာကျရဲ့'

'ဟာ... ဒုက္ခပဲ၊ ကျွန်တော်ပြောတာ အဲဒီအဓိပ္ပာယ် မဟုတ်ပါဘူး၊ စကားမှားသွားလို့ပါ'

'ဟော့... လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့၊ နင် မိုက်ရိုင်းစော်ကားတာ ဒီနားကလူတွေအားလုံး ကြားတယ် သေနာကျရဲ့'

လက်ညှိုးငေါက်ငေါက်ထိုးကာ တစ်မျိုး၊ ထဘီမလို့တစ်မျိုး ရန်တွေ့နေသည်။ လူတွေကလည်း မျောက်ပွဲကြည့်သလို ဝိုင်းအုံလာကြပြီ။

ရှက်စရာကောင်းလိုက်ပုံများ၊ လူတွေကြားထဲမှ အငွေ့ပျံ ပျောက်ဆုံးသွားလိုက်ချင်သည်။

ပါးကွက်ကျား အရှာကောင်းမှုကြောင့် တစ်ရပ်တစ်နယ်မှာ သောက်ရှက်ကွဲရော။ တမလွန်က အဖေနှင့် အမေကို မြင်လှည့်ပါဦးလို့သာ တပြီး ငိုချလိုက်ချင်တော့သည်။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

လူတွေဝိုင်းအုံပြီး ဆူညံဆူညံ ဖြစ်နေခြင်းကြောင့် ဈေးခေါင်းရောက်လာပြီး မေးလိုက်ခြင်းဖြစ်သည်။

'ဒီသေနာကျက ကျွန်မကို လိုတီးတဲ့ပြောတယ် ခေါင်းကြီးရဲ့'

အစ်မကြီးက ဦးအောင်တိုင်လိုက်သည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး ဆရာ၊ ကျွန်တော် အဲဒီလိုပြောတာ မဟုတ်ဘူး'

'ဘာ ပြောင်လိမ်တာလဲ'



သနပ်ခါးတုံးကြီးမြှောက်ပြီး ရှေ့တိုးလာလို့ အနားကလူတွေ ဝိုင်းဆွဲထားလိုက်ကြရသည်။

'ကဲ... မင်း ဒီကောင်မလေးကို လိုတီးလို့ပြောတယ်ဆို'

'ဟုတ်ပါတယ်'

'အေး... အဲဒီလို ယောက်ျားပီပီ ဝန်ခံစမ်းပါ'

'မဟုတ်ပါဘူး၊ မဟုတ်ပါဘူး'

'ဟ... စောစောကပဲ ဟုတ်တယ်ဆို'

'စောစောက ဟုတ်တယ်ဆိုတာက ပြောမိတာ ဟုတ်တယ်လို့ ပြောတာပါ၊ မဟုတ်ဘူးဆိုတာက အဲဒီ ညစ်ပတ်တဲ့သဘောနဲ့ ပြောတာ မဟုတ်ပါဘူး'

'မင်းဟာက ရှုပ်နေတာပဲ၊ ငါ နားလည်အောင် ရှင်းရှင်းပြောစမ်းကွာ'

'ဟုတ်ကဲ့... ဒီလိုပါ ဆရာ၊ ဒီလိုပါ'

ဟု အစချီကာ စိတ်မရှည်ဖြစ်နေသော ဈေးခေါင်းကြီးကို စိတ်ရှည်ရှည်နှင့် အကျိုးအကြောင်းစုံ ပြောပြရတော့သည်။

'ကျွန်တော်က စောစောကပြောခဲ့သလို မရှိုဖျိုင်းတောင်လို့ စကားဝှက်ပြီး လူပျိုဆိုတာကို ပြောပြတာပါ၊ အဲဒါ စကားမှားပြီး လိုတီးဖြစ်သွားရတာပါ'

'ဟား... ဟား... မင်းပြောတာကို ငါသဘောပေါက်ပြီ၊ ပေါက်ပြီ၊ ပေါက်ပြီ၊ ဟား... ဟား... ဟား...'

တဟားဟားရယ်နေသော ဈေးခေါင်းကြီးကို တကယ်ပေါက်သွားပြီလားဟုပင် ထင်လိုက်မိသေးသည်။

'ဒီလို ကလေးမရဲ့၊ ဒါ မရိုင်းတာ မဟုတ်ပါဘူး၊ စကားဝှက်ဖော်တာ မှားသွားလို့ပါ'

'ဘာမှာတာတုံး ဈေးခေါင်းကြီးရဲ့'

'အေး...အေး...ပြောပြမယ်၊ ဒီလို၊ ဒီလို မရှိတော့ မလိုဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'လာပြန်ပြီ လိုတီးတစ်ယောက်'

သနပ်ခါးတုံးအစ်မကြီးက မကျေနပ်ဟန်ဖြင့် ပြောလိုက်သည်။

'ဟဲ့… ငါက လိုတီးတာ ပြောဖို့ မဟုတ်ဘူး၊ အမှန်ကို ပြောပြမလို့၊ တယ် ခက်ကြသကိုး၊ ပြောတာကို ဆုံးအောင်နားထောင်ပါဦး'

ဈေးခေါင်းကြီးက ခပ်ငေါက်ငေါက်ပြောလိုက်မှ ငြိမ်ကျသွားသည်။ ဒီတော့မှ ဈေးခေါင်းက သူ့စကားကို ဆက်သည်။

'မရှိတော့ မလိုဘူးလား၊ လိုတယ်နော်'

'လိုတယ်၊ လိုတယ်၊ လိုတယ်တော့'

သနပ်ခါးတုံးကြီးက စိတ်မရှည်လက်မရှည် စကားထောက်သည်။

'အေး… ဖျိုင်းတောင်ဆိုတာက ဆိုင်းထဲမှာတီးတဲ့ ဖျိုင်းတောင်ကိုပြောတာ မဟုတ်ဘူး၊ ငှက်ဖျိုင်းတောင်ကို ပြောတာ'

ဟာ… ဟုတ်သားပဲ။ ဒီတော့မှ ကျွန်တော် ဖျိုင်းတောင်ကို စကားဖော်မှားသည့်ကိစ္စ အဖြေမှန်ရလိုက်တော့သည်။

'ဖျိုင်းတောင်က မဖြူဘူးလား၊ ဒီတော့ လိုဖြူ လူပျိုလို့ပြောတာ ဟဲ… ဟဲ… အစ်ကိုကြီးလည်း မရှိဖျိုင်းတောင်ပဲကွယ့် ညီမလေးရေ့ ဟဲ… ဟဲ…'

ကျွန်တော့်ကြောင်ငြာက ဈေးခေါင်းကြီးကြော်ငြာ ဖြစ်သွားရသည်။

တော်သေးလို့ပေါ့။ ဈေးခေါင်းကြီးမကယ်လျှင် သွေးပြီး လိမ်းပြီးသား သနပ်ခါး… တွေ့ခင် အတုံးအတစ် သနပ်ခါးနှင့်တွေ့ပြီး ခေါင်းကွဲသွားနိုင်သည်။

ဈေးထဲက ထွက်လာခဲ့သောအခါ ဆယ်နာရီခွဲနေပြီ။

ကျွန်တော့်လက်ထဲမှာ နှစ်တောင်လောက်ရှည်သည့် သနပ်ခါးတုံး နှစ်တုံး ပါလာသည်။ ပြဿနာတက်ခဲ့ရသည့် ဈေးသည်အစ်မကြီးထံမှ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ အခုနေမှာတော့ ဘာမှအသုံးမဝင်ပေမယ့် နောင် တစ်ချိန်မှာတော့ အသုံးဝင်လာနိုင်သည်ဟု ကြိုတင်တွေးဆကာ ဝယ်ခဲ့ခြင်းဖြစ်သည်။



ပေပင်ကုန်းရွာ သွားမည့်ကားကို မေးမြန်းစုံစမ်းရသည်။

'ဟိုမန်ကျည်းပင်အောက်မှာ ရပ်ထားတဲ့ကားက ပေပင်ကုန်းရွာ ကိုသွားမယ့်ကားပဲ'

လမ်းညွှန်ပုဂ္ဂိုလ်၏ လက်ညှိုးဦးတည်ရာအတိုင်း ကြည့်လိုက် သည်။

ကားဆိုသည့်အရာက ထော်လာဂျီသာသာ။ မိတ်အင် လက်ဖြစ်။ တွင်ခုံမှာဆင်ထားသည့် ဘော်ဒီပေါ်မှာ တရုတ်အင်ဂျင်တင်ထားသည့် ကား တစ်ပိုင်း ထော်လာဂျီတစ်ပိုင်းယာဉ် ဖြစ်သည်။ အမိုးက နတ္ထိ။

မတတ်နိုင်တော့။

ဒါကြီးနှင့်ပင် လိုက်ရတော့မည်။

သြော်… ချစ်သူဆီအလာလမ်းက ပန်းခင်းလမ်းမှ မဟုတ်ဘဲကိုး။

တကယ့်နေပူကောင်းသည့် ဆယ့်နှစ်နာရီတိတိမှာ ထော်လာဂျီ ကားကြီးက စက်သံတဒုန်းဒုန်းနှင့် စတင်ခရီးနှင်သည်။ ကြမ်းလိုက်သည့် လမ်း။ ဆံနှံအစေ့လိုက် မျိုချသွားလျှင်ပင် အစာကြေလိမ့်မည် ထင်ရသည်။ ထိုင်ခုံမပါ၊ ဘာမပါနှင့် ကြမ်းခင်းဝါးကပ်ပေါ်တွင် ထိုင်လိုက်ရသည်မို့ ခင်တွေလည်း ကျိန်းနေသည်။ ဒီကြားထဲ နောက်ကျောဘက်တွင် ဆင့်ထပ် ပြီး တင်လာသည့် ကွမ်းခြင်းအခွံတွေက ကျွန်တော့်အပေါ် မှောက်ကျပြီး (ကြက်တွေ အုပ်ဆောင်းအုပ်သလို) စွပ်တော့မည့်အတိုင်း ဖြစ်နေ၍ လက် တစ်ဖက်ဖြင့် ထိုခြင်းများကို တွန်းထားရသေးသည်။ သို့သော် ကားဆောင့် လိုက်တိုင်း လက်လွှတ်လွှတ်သွားကာ လူပေါ် လာလာအုပ်သည်။ ကြာတော့ တွန်းထားရသည့် လက်တွေလည်း လက်အံသေလာပြီ။

'ရှုပ်လိုက်တာကွာ၊ ဒီခြင်းတွေ ကန်ချပစ်ခဲ့ချင်လာပြီ'

စိတ်ပေါက်ပေါက်နှင့် အော်ပြောလိုက်ရာ မျက်နှာချင်းဆိုင်မှ သူက…

'ဝေး… ဘာပြောတာလဲ၊ ချင်းတွေလည်း ပိုက်ဆံပေးစီးတာပဲ နော် မောင့်၊ ဘာလို့ ကန်ချရမှာလဲ၊ မောင့်စကားကို ကြည့်ပြောလေ၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့က အလကားလိုက်စီးတာ မဟုတ်ဘူးနော်၊ ကန်ချခြင်း ကန်ချရရင် နင့်ကို ကန်ချရမှာ၊ နော် မောင့်'

ချင်းသံဝဲဝဲနှင့် ပြောလာသောစကားကြောင့် နာပေါက်တိုးပြန်ပြီဟု သိလိုက်ရသည်။ ဘကြီးသက်မပြောလိုက်သည့် စကားထဲမှာ မေပင်ကုန်းရွာလွန်လျှင် အနောက်ရိုးမနှင့်နီးလာပြီး ချင်းဗမာကပြားရွာတွေ ရှိသည်ဟူသည့် အမှာစကားကို မေ့လျော့ကာ သတိလက်လွတ် ပြောလိုက်မိခြင်းကို နောင်တရမိသည်။

'မ… မဟုတ်ပါဘူး၊ ကျွန်တော်က ဒီက အစ်ကိုကြီးတို့ကို ပြောတာ မဟုတ်ပါဘူး'

ချက်ချင်းပင် တောင်းပန်လိုက်သည်။

'ဒီကားပေါ်မှာ ချင်းဆိုလို့ ငါတို့ပဲရှိတာ၊ ငါတို့ကိုမပြော ဘယ်သူ့ပြောမလဲ မောင့်၊ မဟုတ်ကဟုတ်က မုသားမလိမ်နဲ့'

'ဟာ… ဒုက္ခပါပဲ၊ မလိမ်ပါဘူး၊ ကျွန်တော်… ကျွန်တော်က ဟောဒီ ခြင်းအခွံတွေကို ပြောတာပါ'

နောက်မှ ကွမ်းခြင်းတွေကို ပုတ်ပြလိုက်ရာ…

'ဝုန်း… ဝရော… ဂလုန်း…'

နှစ်ခု၊ သုံးခု ရောထပ်ထားသည့် ကွမ်းခြင်းများက ကျွန်တော့်အပေါ် အုပ်ကျလာဝေ သည်။

'ဟဲ့… ဟဲ့… ပ်ကြပါဦး'

အနီးအနားမှ လူကြီးတစ်ယောက်က ကျွန်တော့်ကိုယ်ပေါ်မှ ကွမ်းခြင်းကြီးကို မဖြုတ်ပေးလိုက်မှသာ သက်သာရာရတော့သည်။ ခြင်းထဲမှ ထွက်လာလာချင်းပင် မျက်လုံးပြူးလျက်ကြည့်နေသည့် ချင်းကြီးကို တောင်းပန်လိုက်သည်။

'ကျွန်… ကျွန်တော်က အစ်ကိုကြီးကိုပြောတာ မဟုတ်ဘူးနော်၊ ကျေနပ်ပါ ခင်ဗျာ၊ ပြောမှားဆိုမှားရှိရင် ကျေနပ်ပါ ခင်ဗျာ'

'မကျေနပ်ရင်ရောလေ့'



'ဟာ… ကျွန်တော် တောင်းပန်နေတာပါဗျာ၊ တကယ်တောင်းပန်ပါတယ်'

'မကျေနပ်ရင်ရော မောင့်'

'ဗျာ… ဒုက္ခပဲ'

ခေါင်းကုတ်၊ ဖင်ကုတ်ဖြစ်နေသည့် ကျွန်တော့်ကို ဘေးနားက မိန်းမကြီးတစ်ဦးက ဝင်ပြောလာသည်။

'ဟဲ့… ကောင်လေးရဲ့၊ အဲဒါ နင့်ကို ရန်စတာမဟုတ်ဘူး၊ ကျေနပ်တယ်လို့ ပြောတာ'

'သိပါဘူးဗျာ၊ မကျေနပ်ရင်ရောဆိုတော့ ချဲလင့်တောင်းတာလားလို့ပါ'

အခုမှပဲ ပြူးနေသည့် မျက်လုံးက ပုံမှန်ဖြစ်သွားရတော့သည်။ မလွယ်ပါလား။

ပါးကွက်ကျားမကလေးတစ်ယောက်နှင့် ဖူးစာရှာ ရွာလည်ရသည့် ကိစ္စက နဖူးအမာရွတ်ဖြစ်မည့်ကိန်းချည်း ကြုံနေရသည်။ ဟိုရောက်လျှင် ဘယ်လိုတွေ ဆက်ဖြစ်ဦးမည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



ကိုစံတုတ်က

ကျွန်တော့်ပန်းကန်ထဲ

ကြက်သားတွေ အတင်းဆယ်ထည့်ကာ

ပြောလိုက်သည့်စကားကြောင့်

ကျွန်တော့်မှာ ထမင်းစားရင်း လည်ပင်းနှင်မလိုဖြစ်ပြီး

မျက်လုံးပြူးသွားရတော့သည်။

'စားပါ မြို့သားရဲ့၊

တို့ကနန်း ဆိတ်ကနန်း လုပ်မနေပါနဲ့၊

ခွေးစား... နွားစား... စားစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com

## - ၅ -

ငွေရောင်ဆံပင်နှင့် ရွှေရတုအသက်လောက်ရှိမည့် ပုဂ္ဂိုလ်ကြီးက ကျွန်တော်ပေးလိုက်သည့် စာကို မျက်မှန်ဖြင့် ကိုယ်တိုင်ဖတ်ကာ ခေါင်းတညိတ်ညိတ်လုပ်ပြီး···

'အေးလကွာ··· ကိုရင်သက်ရဲ့ ကျေးဇူးရှင်ဆရာရဲ့သားဆိုတော့ ကျုပ်တို့ကလည်း မောင်ရင့်ကို ကျေးဇူးဆပ်ရမယ့်ဝတ္တရား ရှိပါတယ်။ ကျုပ်တို့ရွာ ကျုပ်တို့အရပ် ရောက်လာတဲ့ ဧည့်သည်ကို ဧည့်ဝတ်ပြုရမှာ ပေါ့၊ မောင်ရင် ပျော်သလောက်နေပါ၊ ကျုပ်တို့ တစ်ခုစိုးရိမ်တာက မြို့ကြီး ပြကြီးမှာနေလာတဲ့ မောင်ရင့်အဖို့ ကျုပ်တို့ဆီမှာ နေလို့ထိုင်လို့ မဖြစ်မှာကို စိုးရိမ်ပါတယ်'

'ကိစ္စမရှိပါဘူး အန်ကယ်၊ အဲ··· ဦးကြီး'

ကျွန်တော့်အပေါ် မယုံသင်္ကာမျက်လုံးမျိုးနှင့် မကြည့်၊ စ ပေါက်ပေါက် မစစ်ဆေး မမေးမြန်းဘဲ လိုက်လှဲဝမ်းသာစွာ နေထိုင် သော ပီဘိတောသားကြီး၏ စိတ်ထားပြည့်ဝပုံကို ကျိတ်၍လေးစားမိသည်။

'နေပါဦး မောင်ရင်ရဲ့၊ မောင်ရင်က ဘာရောဂါဖြစ်လို့တုန်း'

'ဗျာ'

ဦးကြီး၏ အမေးစကားကြောင့် ကျွန်တော့် မျက်လုံးပြူးသွား သည်။ ကျွန်တော့်ပုံက ရောဂါသည်ရုပ် ပေါက်နေလို့လား မသိ။ ကျွန်တော်



အကြောင်းကြောင်းအဖြစ်ကြောင့် ဦးကြီးက ဆက်ပြောပြန်သည်။

'မောင်ရင်တို့မြို့မှာက တစ်လုံးရောဂါ၊ နှစ်လုံးရောဂါ၊ သုံးလုံး ရောဂါ၊ လေးလုံးရောဂါတွေ ခေတ်စားနေတယ်ဆိုလို့'

ဦးကြီးကလည်း တောရွာမှာနေတာဆိုပေမယ့် မျက်စိနှားတော့ လျင်သားဟု တွေးပြီး ပခုံးတွန့်မိသည်။

တစ်လုံးရောဂါဆိုတာ ဘောလုံး၊ နှစ်လုံးရောဂါဆိုတာ ဂဏန်း နှစ်လုံး(ချဲ)၊ သုံးလုံးရောဂါဆိုတာ ဂဏန်းသုံးလုံး(ချဲ)၊ လေးလုံးရောဂါဆိုတာ ကြက်သီးထစရာ၊ ဟိုရောဂါကို ပြောတာ။

'အဲဒီရောဂါတွေ တစ်ခုမှ ကျွန်တော့်မှာ မရှိပါဘူးခင်ဗျာ'

'သိဘူးလေကွာ၊ ကိုရင်သက်က စာထဲမှာ မောင်ရင်က ကျန်းမာ ရေးမကောင်းလို့ လေကောင်းလေသန့်ရအောင် ရွာမှာ အပန်းဖြေလာနေလိမ့် မယ်လို့ ရေးလိုက်တာကိုး'

'ဒီလိုပဲ ဘကြီးသက်က ရေးလိုက်သလား'

'အေးလေကွာ'

လက်စသတ်တော့ ဘကြီးသက်က ကျွန်တော့်ကို ရောဂါသည် ...ပ်လွှတ်လိုက်တာ။ ကောင်းကြရောပေါ့။

'ဟုတ်ကဲ့··· ကျန်းမာရေးကောင်းအောင် အနားလည်းယူရင်း ...သန္တရဇဟုသုတလည်းရအောင် လာခဲ့တာပါ'

ကျွန်တော်လည်း အလိုက်သင့် အလျားပါ ဖြေလိုက်ရသည်။

ထိုအစဉ် ထွန်များ၊ တံပိုးတုံးများ၊ မြက်ထုံးများကိုတင်၍ ခြံဝင်း ... မောင်းဝင်လာသော လှည်းတစ်စီးကို မြင်လိုက်ရသည်။

'လယ်ပြင်က ပြန်လာကြပြီ၊ မလှယဉ်ရေ ဒီကိုလာခဲ့ပါဦးကွ'

ကျွန်တော့်ကိုလှမ်းပြောကာ လှည်းပေါ်မှ မိန်းမကြီးကို လှမ်းခေါ် ...သည်။ မိန်းမကြီးက မျက်နှာပေါ်မှ ချွေးများကို ခေါင်းပေါင်းပဝါဖြင့် ...တ်ရင်း အနားသို့ လျှောက်လာသည်။

'ဧည့်သည် ရောက်နေတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို တစ်ချက်ကြည့်ရင်း ပြောလာသော မိန်းမကြီးကို ဦးကြီးက တစ်ဆက်တည်း ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။

'ဟောဒါက ကိုရင်သက်လွတ်လိုက်လို့ မြို့ကနေ ရောက်လာတာ၊ မောင်ရင့်နာမည် ဘယ်သူ…'

'ကျွန်တော့်နာမည် သုနန်းစံပါ'

'ဩော်… အေး… ဒါ မောင်သုနန်းစံပဲ၊ ဒါကတော့ ဦးမယား လှယဉ်တဲ့၊ မောင်သုနန်းစံက ဒီမှာနေမှာကွယ့်'

'နေပေါ့တော်… ဒီမှာတော့ ဘာမှ အားနာစရာမရှိပါဘူး၊ နေသာသလိုသာ နေ'

ဒေါ်လှယဉ်၏အပြောက နားထဲတွင် မချိုလှပေမယ့် တကယ့်အရိုးခံသက်သက်ဖြင့် ပြောမှန်း သိသာလှပေသည်။ လှည်းများ၊ နွားများကို ဖြုတ်ပြီးသောအခါ ကျွန်တော်နှင့် ရွယ်တူလောက်ရှိမည့် လူတစ်ယောက် အနားသို့ ရောက်လာပြန်သည်။

'ဒါက ဦးသား မောင်စံတုတ်တဲ့၊ ငါ့သားရေ ဒါက မြို့ကလာတဲ့ မောင်သုနန်းစံတဲ့ကွ၊ မင်းတို့က ရွယ်တူချင်းဆိုတော့ အဖော်ရတာပေါ့ကွာ'

'ဒီက မြို့သားက ကျုပ်တို့ဆီမှာ နေမှာတဲ့လား'

'အေးလေ…'

'ဟုတ်ရဲ့လား အဖေရယ်၊ မြို့သားပုံစံကြည့်ရတာ ကျုပ်တို့ဆီမှာ နေနိုင်မယ့်ပုံ မပေါ်ပါဘူး လူပုံက ပျော့တော့တော့ရယ်'

ကိုစံတုတ်က ကျွန်တော့်ကိုကြည့်ကာ အထင်သေးစွာနှင့် ပြောလိုက်သော စကားသည် မကွယ်မဝှက် ဟောဟောဒိုင်းဒိုင်းရှိလှ၍ ကျွန်တော်ပင် အခံရခက်သွားရသည်။

မြို့ပေါ်မှာ မိုးမထိ၊ နေမလနေခဲ့ရ၍ လူပုံက သွယ်လျနုဖတ်နေသော်ငြားမယ့် ယောကျ်ားဟူသည့် မာန်မာနတွေကတော့ ရင်ထဲမှာ မာရေကျောရေ အပြည့်ရှိနေပါသည်။

'ကိုယ် နေနိုင်ပါတယ်'



ကျွန်တော်က အဲဒီလို ပြောလိုက်သောအခါ…

'ဟုတ်ပါ့မလား မြို့သားရယ်'

ဟု ရယ်မောမော ပြောလာသော ကိုစံတုတ်၏စကား၌ အထင်သေးမှုကလွဲ၍ သရော်လှောင်ပြောင်မှုမရှိကြောင်း သိလိုက်မိသည့်အခါမှာတော့ ကိုစံတုတ်သည် တောသူတောင်သားပီပီ ဖွင့်လှောင်ဖွင့်လှောင်နှင့် အပြောအဆို မသိမ်မွေ့တတ်သော်လည်း သဘောဖြူအူစင်းပြီး ခင်မင်စရာကောင်းမည့် ပုဂ္ဂိုလ်ဟု မှတ်ချက်ချလိုက်မိတော့သည်။

ထိုမှတ်ချက်ကို ညစာစားချိန် ထမင်းစားပွဲမှာ လောလောလတ်လတ် ရောက်လာသည့် ကြက်ဖတစ်ကောင်နှင့် ကိုစံတုတ်၏ စကားများက သက်သေခံနေတော့သလို။

'စားနော်… မြို့သား၊ အားမနာနဲ့၊ မြို့သားစားလို့ မမြိန်မှာစိုးလို့ အိမ်က ကြက်တစ်ကောင်ထုသတ်(လေးခွနဲ့ပစ်)ပြီး ကာလသားချက်ချက်ထားတာ၊ ကြက်သားစားချင်လို့ကတော့ ကျုပ်ကိုပြော၊ အိမ်မှာ ကြက်တွေ မွေးထားတာ အများကြီး'

ကျွန်တော်က ကိုယ်တိုင် မသတ်ဖူး၊ မဖြတ်ဖူးပေမယ့် မြင်သား (သူတစ်ပါး သတ်တာကိုမြင်တာ)ကို မစားဘူးဟု သန္နိဋ္ဌာန်ချထားတာ မဟုတ်သူဖြစ်၍ အခုသေ၊ အခုကျက်သည့် ကြက်သားကို အားရပါးရ ဆက်စားနေမိပါသည်။

ဒါကိုပင် အားမရနိုင်သေးသော ကိုစံတုတ်က ကျွန်တော့်ပန်းကန်ထဲ ကြက်သားတွေ အတင်းဆယ်ထည့်ကာ ပြောလိုက်သည့်စကားကြောင့် ကျွန်တော့်မှာ ထမင်းစားရင်း လည်ပင်းနင်မလိုဖြစ်ပြီး မျက်လုံးပြူးသွားရတော့သည်။

'စားစမ်းပါ မြို့သားရဲ့၊ တို့ကနန်း ဆိတ်ကနန်း လုပ်မနေပါနဲ့ ခွေးစား နွားစား စားစမ်းပါ'

'အင်…'

ပြောပြီးမှ သူတို့၏ဝေလေ့စရိုက် အသုံးအနှုန်းအတိုင်း ပြောလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



ပြီး အဓိပ္ပာယ်တစ်မျိုး မြင်သွားမည်စိုးသော ကိုစံတုတ်က...

'လူတွေက ဝအောင်မစားဘဲ အားနာလို့ ဟန်ဆောင်ပြီး ဝပြီလို့ လုပ်တတ်တယ် မဟုတ်လား၊ ခွေးတွေ၊ နွားတွေကျတော့ ဟန်မဆောင်ဘူး မဝမချင်း စားပစ်တာ၊ ဗိုက်ကြီးဖောင်းကားလာတဲ့အထိ စားတာမဟုတ်လား၊ အဲဒါကြောင့် အစာစားရင် ဝအောင်စားစေချင်တဲ့စေတနာနဲ့ ကျုပ်က ပြောတာပါဗျာ၊ တလွဲမထင်နဲ့နော် မြို့သား'

ဟု တောင်းပန်စကား ဆိုပြန်သည်။ ကျွန်တော်လည်း သူ့စေတနာကို အသိအမှတ်ပြုသောအားဖြင့် အလိုက်သင့် ပြန်ပြောလိုက်ရသည်။

'စားပါတယ် ကိုစံတုတ်ရဲ့၊ ကျွန်ကော် ခွေးစားနွားစား စားပါတယ်'

ဟင်း...ပါးကွက်ကျားမလေးနဲ့တော့ မတွေ့ရသေးဘူး။ ခွေးဖြစ်ရ နွားဖြစ်ရနှင့်ပေါ့။

သောင်းကျော်တန်အဝတ်တွေကို
ကောင်မလေးတွေဝတ်ကြတာ
ကောင်းပါတယ်၊ ကောင်းပါတယ်
ဟူသည့် သီချင်းကို
'လုံးရှည်ရှည်သံပုံးတွေကို
ကောင်မလေးတွေ ရွက်ကြတာ
ကောင်းပါတယ်၊ ကောင်းပါတယ်'ဟု
ပြောင်းကာ ရွဲ့ဆိုလိုက်ဖို့ပဲ
ကောင်းတော့သည်



www.burmeseclassic.com

www.burmeseclassic.com

## – ၆ –

*'စုံနံ့သာမြိုင် ရှာပုံပွင့်ပါလို့ရယ် ရင်နင့်အောင် ချစ်ရှာလွန်းသူ အပူတပြင်း ရှာဖွေ ××× ရေ ××× မြေ ××× ဆုံး ××× ဆုံးစေ့တကယ်... လှဂမုန်းနွယ်... ချစ်သက်မှူးရယ်... ဘဝဆုံးတိုင် မပစ်ရက်ဘူးကွယ် ××× ရှူးတယ် ××× ဆိုစေဦးတော့... ပုန်းကျော့စေ ပန်းနွယ်ကညာရယ် ××× မဆုံးတော့တကယ် မှန်းရွယ်ရှာမယ် ××× ပုန်းတော့စေ... ပန်းနွယ်ကညာ ××× ရယ် ×××'*

ကျေးလက်အဆိုတော် တွံတေးသိန်းတန်(ကိုရင်သိန်းတန်)ကြီး၏ သီချင်းသံက အသံချဲ့စက်(အရပ်ခေါ်)လော် (သို့) ဟွန်းမှတစ်ဆင့် လယ်ကွင်းပြင်ကြီးတစ်ပြင်လုံးကို ပျံ့လွင့်လာသည်။

*'ပန်းနွယ် ××× က စိမ်း၊ ပန်းနွယ် ××× က စိမ်း ××× စိမ်း ××× တယ် ×××'*

ပန်းနွယ်က ဘာကြောင့် စိမ်းသည်မသိ။

ပန်းနွယ်ဆိုတာ စိမ်းရမည့်အစဉ်အလာကြောင့်လား။

အပွင့်ဝါလို့ အညာမှာမြရည်လိမ်းပြီး စိမ်းတာလား၊ ဘာလားမသိ။

ကိုရင်သိန်းတန်ကြီးကတော့ ရှာလိုက်ရတာ၊ တစ်တောင်ကျော် တစ်ဆင်း၊ တစ်ကုန်းနင်း၍ တစ်တောကိုကျော်ပြီး တွေ့လိမ့်နိုးနိုး ရှာခဲ့သတဲ့။ ဇရော်မြသား မြစ်နားတစ်လျှောက်လည်း ရောက်ခဲ့သေးသတဲ့။



ကိုရင်သိန်းတန်ကြီးကမှ ပန်းနွယ်ဆိုပြီး အမည်တပ်ပြီး ရှာလို့ ရသေးသည်။ ကျွန်တော့်အဖြစ်ကတော့ မတော်ရသေးသည့်ချစ်သူ (နာမည် တောင် မသိနိုင်သေးသည့်)ချစ်သူကို ရှာဖွေရသူမို့ ကလေးတွေ ခွေးရူးလိုက် တမ်းကစားသလို မျက်စိကို အဝတ်စည်းထားသည့်ကြားမှ မှန်းယမ်းပြီး ပုဆိုးနှင့် ယမ်းရသလို ဘယ်အရပ်ကို လက်ညှိုးထိုးပြီး လှမ်းရမှန်းတောင် မသိပါဘူး။

ကိုရင်သိန်းတန်ကြီးကတော့ တမလွန်မှာ ပန်းနွယ်နှင့် တွေ့နေပြီ လားမသိ။ ကျွန်တော်ကတော့ ကျွန်တော့်ရင်တံခါးကို ဘဲလ်နှိပ်နိုင်မည့် ချစ်သူကို ရှာဖွေဆဲ။

'မြို့သားရာ... ကျုပ်နဲ့ နေရာချင်းလဲလိုက်ချင်တယ်၊ ဘယ့်နှယ် ဗျာ... မြို့ပေါ်မှာ အချောအလှတွေ ရိုက်သတ်လို့မကုန်အောင် ပေါလျက်နဲ့ တောလာပြီး ရည်းစားရှာရတယ်လို့'

ကိုစံတုတ်က ကျွန်တော့်ကိုကြည့်ကာ မချင့်မရဲပြောသည်။

'ကိုစံတုတ်ကလည်းဗျာ... ဟိုစကားပုံ မကြားဖူးဘူးလား'

'ရွာမြက်ကို ရွာနွားမစားဘူးဆိုတာလား၊ မြို့သားအတွက်တော့ စကားပုံ ပြောင်းပစ်ရလိမ့်မယ်၊ မြို့မြက်ကို မြို့နွားမစားဘူးလို့၊ ဟုတ်တယ် မဟုတ်လား ကျုပ်ပြောတာ၊ မြို့နွားက ရွာမြက်လာရှာတာကိုးဗျ'

'ဟာ... ကိုစံတုတ်ကလည်း ကျွန်တော့်ကို နွားဖြစ်အောင် ပြော ပြန်ပြီ'

ကျွန်တော် ရှုံ့မဲ့သွားသည့်ပုံကိုကြည့်ကာ ကိုစံတုတ်က...

'နွားဖြစ်ရတာကို မြို့သားက ဂုဏ်ငယ်တယ်မထင်ပါနဲ့ မြို့သား ရဲ့၊ နွားဆိုတာ ကျုပ်တို့ မြို့သားတို့ကို ထမင်းကျွေးနေတဲ့ ကျေးဇူးရှင်တွေ ပါဗျ'

ဟူသော ချေပချက်ကို ကျွန်တော်က တမင်ကပ်၍ ပြန်ပြောလိုက် ရသည်။

'အမဲနပ်လုပ်ဖို့ မွေးထားတဲ့ နွားတွေကျတော့ရော'

www.burmeseclassic.com

www.burmeseclassic.com



'ဒါ့လည်း ကျေးဇူးရှင်ပဲလေ၊ သူတို့ခမျာ အသွေးအသားကိုလှူပြီး လူတွေ အာဟာရဖြစ်အောင် အသေခံရတယ် မဟုတ်လားဗျ'

ကိုစံတုတ်ကို ကျွန်တော် ဖြုံသွားရသည်။ ဒီတောသား လူလည်ကို စကားနိုင်လုနိုင်မည့်ပုံ မပေါ်။

'ကဲပါလေ··· ကိုစံတုတ်နဲ့ စကားနိုင်လုနေရတာနဲ့ လိုရင်းတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ အဲ··· အဲ··· ကျွန်တော်ပြောချင်တာက ကျွန်ကုလား၊ မယားတောသူဆိုတဲ့ စကားပုံဗျ၊ အဲဒါကြောင့် ဒီကို တကူးတကလာပြီး အိမ်ထောင်ဖက်ရှာရတာဗျ ကိုစံတုတ်ရဲ့၊ ကျွန်တော်ကိုယ်တိုင်ကလည်း ပါးကွက်ကျားနဲ့ ကောင်မလေးမျိုးကိုမှ ရင်ခုန်ချင်တာလည်း ပါတာပေါ့'

'အဲဒါထားဦး မြို့သားရေ၊ ကျုပ်နွားတွေ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး၊ လိုက်ကြည့်လိုက်ဦးမယ်၊ တော်ကြာ သူများအခင်းတွေထဲ ဝင်စားနေလို့ ပြဿနာတက်ပြီး လူကြီးအိမ်ရောက်နေရဦးမယ်'

ကိုစံတုတ်က ပြောပြောဆိုဆိုနှင့် နှင်တံကလေးကိုကိုင်ကာ ရာဘာ(ကားတာယာ)ဖိနပ်ကလေးကို လှုပ်စီးကာ ခပ်သုတ်သုတ်ထွက်သွားသည်။

တော်တော်ခက်တဲ့လူ။ ဒီမှာ စကားစရှိသေး။ စကားတစ်ဝက်တစ်ပြက်နဲ့ ကိုးလိုးကန့်လန့် ကျန်ခဲ့ပြီ။

ဘကြီးသက်က ကျွန်တော့်ကို ရောဂါသည်လုပ်လွှတ်လိုက်လို့ ဦးကြီးသာခေါင်နှင့် ဒေါ်ကြီးလှယဉ်တို့ကိုသာ အလိုက်သင့်ဖြစ်ရအောင် ကျန်းမာရေးအတွက် အနားယူရအောင် လာရသည်ဟု ပြောထားခဲ့ပေမယ့် လူငယ်ချင်းဖြစ်သည့် ကိုစံတုတ်ကိုတော့ အမှန်အတိုင်း ပြောထားသည်။ ဒါကလည်း အကြောင်းရှိသည်။ ကိုစံတုတ်က ဒီရွာခံလူ၊ ရွာထဲက ပါးကွက်ကျားကလေးတွေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည်။ ကျွန်တော့်ကိစ္စမှာ အောင်သွယ်တော်အဖြစ်နှင့် အားကိုးဖို့ ကိုစံတုတ်ကလွဲ၍ တခြားသူ မရှိနိုင်။ ထို့ကြောင့် ကျွန်တော့်မှာ ပါးကွက်ကျားပန်သည့် ပါးပြင်ကလေးနှင့် ဟန်ရဖို့အတွက် ကိုစံတုတ်သရဏံဂစ္ဆာမိ လုပ်နေရသည်။ ကိုစံတုတ်အား ကိုးကွယ်



ရာဟူ၍ ဆည်းကပ်ပါ၏။ ထိုသို့သော အကျိုးအားကြောင့် ပါးကွက်ကျားမလေးတစ်ယောက်နှင့် အမြန်ဆုံး ချစ်သူတော်ရပါလို၏။

ဆုတောင်းလို့သာ တောင်းရသည်။ ရွာရောက်လာတာ တစ်ပတ်တိတိရှိပြီ။ အခုထက်အထိ ပါးကွက်ကျားတစ်ယောက်မှ ရင်ကို မထိုးဖောက်နိုင်သေး။ ကိုစံတုတ်ခမျာလည်း ကြိုးစားရှာပါသည်။

တောရွာဆိုပေမယ့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးထဲမှာ ဆယ်မိုင်လောက်ဝေးသည့် မြို့ကလေးကို ဆိုင်ကယ်တဖွတ်ဖွတ်နှင့်သွားပြီး VCD ခွေငှားကာ ရွာမှာ ရုံထိုးပြတတ်သေးသည်။ ဗီဒီယိုခွေမပြခင်မှာ အမေနှင့်ရွာကိုလွမ်းတယ်တို့၊ ငှက်ခါးမလေးပြန်လာပါတို့၊ ငယ်ကျွမ်းဆွေတို့၊ အလွမ်းတွေကို စမ်းရေထဲမှာမျှောလိုက်ပြီတို့၊ မေ့အချစ်မြားရူးတို့၊ ခေတ်ပေါ်တွေထဲက ဇော်ပိုင်၊ အာဇာနည်၊ ဖြိုးကြီး၊ မျိုးကြီး၊ ဒိုးလုံး၊ ဒွန်း Hip Hop Hip Hop တွေနှင့် သံပြိုင်ကုန်ဟစ်ပြီး မိုက်ခဲလုပ်ကြသေးသည်။

ကျွန်တော်လည်း ကိုစံတုတ်ကြီး ခေါ်သွားသဖြင့် ရွာလယ် ဗီဒီယိုရုံသို့ ရောက်ခဲ့ရသေးသည်။ ဝမ့်ဘက်ခ်မင်းသား (သူတို့အခေါ်) ထိုင်းဂျက်ကီချန်း၏ ဒူးပျံ၊ တံတောင်ပျံ၊ ခြေထောက်ပျံတွေ ကြည့်ဖို့မဟုတ်။ *'မာမီရယ် ရွာပေးကွယ် ရည်းစားလိုချင်တယ်'*ဟု အသံပြုမဟစ်ဘဲ လက်တွေ့ပရက်တီကယ်ဆင်းကာ ပါးကွက်ကျားတွေကို လိုက်ငမ်းခြင်းဖြစ်သည်။ တစ်နေ့တာ ပင်ပန်းသမျှ တစ်ညတာ အပန်းဖြေဖို့ ရွာလုံးကျွတ်နီးပါး ပါးကွက်ကျားတွေ။ အဲဒီမှာ တုတ်နှင့်ရိုက်မခေါ်၊ မန္တန်မစုတ်ဘဲ ထမင်းစားပြီး ကိုယ့်ဖင်ကိုယ်လက်သုတ်ကာ အပြေးအလွှား ရောက်လာကြတာကိုး။

ဒါပေမဲ့ ကျွန်တော် တစ်ယောက်မှမကြိုက်။

နောက်တစ်နေ့ကျတော့ ကိုစံတုတ်က ရေခပ်လမ်းကို ခေါ်သွားပြန်သည်။ ရွာအလယ် ရေတွင်းမှာ ရေခပ်လာကြသော ပါးကွက်ကျားကလေးတွေက *'အချိန်ညနေစောင်းလေးဝယ် xxx အပေါင်းအသင်းနဲ့ ရေခပ်လာတယ် xxx ထုံးစံပါရွာမှာကွယ်'*ဟု သီချင်းဆိုမလာကြသလို ကျွန်တော့်အဖို့လည်း *'ဟိုရှေ့က ခင်ပျိုရယ် xxx ရှမ်းအဆင်းကချောလှတယ် xxx*

www.burmeseclassic.com

www.burmeseclassic.com



*ဘောအရပ်မှာ မနေနဲ့ကွယ် ××× မြို့ကိုသာ မောင်ခေါ်မယ်* ဟု သီချင်းဆိုစရာ တစ်ယောက်မျှ မတွေ့ပါ။

'ချေးများလှချည်လား မြို့သားရယ်'

ခေါင်းခါပြသော ကျွန်တော့်ကိုကြည့်ရင်း ကိုစံတုတ်က ညည်းသည်။

ကျွန်တော်ကတော့ အနားမှဖြတ်ကာ လျှောက်သွားသော ပါးကွက်ကျားကလေးများ၏ နောက်ပိုင်းအလှကို ရူးစမ်းကြည့်နေမိသည်။

သူမတို့ကိုကြည့်ရင်း ကျွန်တော့်မှာ လည်ပင်းနင်သွားရသည်။ ရင်ထဲမှာ မတင်မကျဖြစ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

ပြောရလျှင် ကျေးလက်တောရွာမှ ပါးကွက်ကျားကလေးတို့ ရေခပ်ဆင်းပုံကို အခုမှ ပထမဦးဆုံးအကြိမ်အဖြစ် အရှင်လတ်လတ် မြင်ဖူးခြင်း ဖြစ်ပါသည်။ အရင်တုန်းကတော့ ရုပ်ရှင်တွေထဲမှာသာ ပုံရိပ်အဖြစ်ဖြင့် မြင်ခဲ့ဖူးပါသည်။ ပါးကွက်ကျားကလေးတွေ ရေခပ်ဆင်းပြီးအလာ ရေအိုးကလေးတွေ ခါးစောင်းတင်လာပုံ၊ ရေအိုးကလေးကို ရေထဲမှာ စောင်းနှစ်၍ ဒူးကလေးထောက်ပြီး ရေခပ်ပုံ၊ ဆင်မယဉ်သာပုံကလေးနှင့် ရေအိုးကလေးတွေ ပင့်လိုက်ပုံကလေးတွေကို သဘောကျခဲ့ရသည်။ ရေအိုးကလေးတွေ ကိုယ်စီရွက်ကာ ရွာပြန်သွားကြသော နောက်ပိုင်းမြင်ကွင်းဖြင့် ပြပုံကို သဘောအကျဆုံးဖြစ်သည်။

မြင်ယောင်ကြည့်ပါ။ ခေါင်းပေါ်မှာ အိုးကလေး ရွက်လို့။

သူမတို့ကိုကိုယ်တိုင အိုးကလေးလို လှပနေသည့် ဘော်ဒီစတွယ်ချာကလေးတွေနှင့် နိမ့်တုံမြင့်တုံ လှမ်းသွားလိုက်ပုံများ စိတ်ကူးကောင်းကောင်းနှင့် ရေးဆွဲထားသည့် ပန်းချီကားတစ်ချပ်ကို ကြည့်ရသလို ရင်သက်ရှုမောစေသည်။ ဝတ်စားထားကြတာလည်း ထဘီမဟုတ် စကတ်မဟုတ် လိုဟာတွေ၊ ဂါဝန်ပွပွကြီးတွေ၊ ဘောင်းဘီရှည်တွေမဟုတ်ဘဲ မြန်မာထဘီစစ်စစ်ကလေးတွေနှင့်မို့ ရေအိုးရွက်ထားသည့်ဟန်က တကယ့်ကို ကဗျာဆန်ဆန် လှပလို့နေသည်။



အခုတော့ ကမ္ဘာ့ရွာကြီးထဲမှာ ကျေးလက်၏ စုတ်ချက်သည် ဆေးစက်မညီ ဖြစ်ခဲ့ပြီ။ ရေခပ်လမ်းမှာ စခန်းသင့်လို့၊ ထက်ဆင့်အနီရောင်ချည်စိမ်းဘောင်နှင့် ယဉ်အောင်တောသူ အမူကြီးကမ်းကုန်တို့သည် ဦးကြင်ဥ၏ကဗျာထဲမှထွက်ကာ လုံးလုံးရှည်ရှည်သံပုံးကို ရွက်လာကြပြီ။ ဘယ်လိုမှ ဟာမိုနီမဖြစ် အစပ်အဟပ်မတည့်သည့် မြင်ကွင်း။ ကျွန်တော့်ရင်ထဲမှာ နိုးလို့ခုလှ။

အင်းလေ… ဒါကလည်း ဘယ်သူ့ကိုမှ အပြစ်ဆိုလို့မရနိုင်တာ မဟုတ်ဘဲကိုး။ ခေတ်ကာလရေစီးထဲမှာ သံပုံးကြီးက မျောပါလာတာကိုး။ ရေအိုးဆိုတာ မြေကိုဖုတ်ထားတာမို့ ပုံစံလှပေမယ့် သယ်ပိုးရတာလေးသည်။ သံပုံးက အခွံပါးပါးကလေးမို့ ပေါ့ပါးသည်။ လွတ်ကျလို့လည်း မြေအိုးလို ကွဲမသွားနိုင်။

သောင်းကျော်တန် အဝတ်တွေကို ကောင်မလေးတွေ ဝတ်ကြတာ ကောင်းပါတယ်၊ ကောင်းပါတယ်ဟူသည့် သီချင်းကို *'လုံးရှည်ရှည်သံပုံးတွေကို ကောင်မလေးတွေ ရွက်ကြတာ ကောင်းပါတယ်၊ ကောင်းပါတယ်'* ဟု ပြောင်းကာ ရွဲ့ဆိုလိုက်ဖို့ပဲ ကောင်းသည်။ အကောင်းဆုံးကတော့ မြန်မာဖြစ် ရေအိုးပုံစံအတိုင်း သံပုံးတွေ ထုတ်လုပ်နိုင်ကြလျှင် ပိုကောင်းပေလိမ့်မည်ဟု ကပ်သီးကပ်သပ် တွေးကြည့်မိသည်။

ကိုစံတုတ်ကတော့ နွားတွေနောက်လိုက်ရတာ ဘယ်ရောက်နေသည်မသိ။ ကျွန်တော်ကတော့ အတွေးတွေနောက်လိုက်ရတာ ဖတ်ဖတ်ကိုမောလို့။ အတွေးဆိုတာမျိုးကလည်း ကားစတီယာရင်လို ဘယ်လှည့်ညာလှည့်ပြီး ကွန်ထရိုးလ်လုပ်လို့ရတာမျိုး မဟုတ်။ တစ်ခါတစ်ခါ ဘက်ခ်ဂီယာ ဝင်ဝင်နေတတ်တာမျိုး။ ဒါကြောင့် သတိပဋ္ဌာန်တရားတွေမှာ ပစ္စုပ္ပန်တည့်တည့်ရှုလို့ ဟောထားတာကိုး။

ကျွန်တော့်အတွေးတို့ကိုလည်း ပစ္စုပ္ပန်တည့်တည့် တည့်ထားလိုက်ရသည်။ ကိုစံတုတ် နွားတွေနောက်လိုက်တာ ပြန်မရောက်သေးကြာလှပြီ။ နေကလည်း ပူနေပြီ။ ရေကလည်း ဆာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာနေရတာ ပျင်းပျင်းရှိတာနှင့် နွားကျောင်းလိုက်လာမိတာ မှားပြီထင်သည်။ မြန်မာကောင်းဘွိုင်တွေက နိုင်ငံခြားကောင်းဘွိုင်တွေလို မြင်းမစီး၊ ဂျစ်ကားမစီး၊ သေနတ်မကိုင်၊ လေးခွပဲ ကိုင်သည်။ ကြိုးခွေ မလွယ်၊ လောက်စာလုံးထည့်ထားသည့် လွယ်အိတ်ကိုပဲ လွယ်သည်။ ဆေးပြင်းလိပ် မဖွာ၊ ပြောင်းဖူးဖက်ဆေးလိပ်ကိုပဲ ဖွာသည်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ်မရောက်ဖူးခဲ့သည့် အခုလို လယ်တော ယာတောထဲမှာ နွားကျောင်းလိုက်လာခဲ့လိမ့်မည်ဟု မတွေးမိခဲ့။

အခုလို နွားကျောင်းလိုက်လာရင်း ပါးကွက်ကျားကောင်မလေး ဆုံစည်းရလိမ့်မည်ဟူ၍လည်း မတွေးမိသေး။ ကျွန်တော့်အတွေးတွေက အနာဂတ်ကို ကြိုတင်ပောက်န်း မထုတ်နိုင်။

အခု ပစ္စုပ္ပန်တည့်တည့်မှာ ရေဆာနေသည်။

ရေဆာနေသည့် စိတ်အလျဉ်ကို ရင့်သန်နေသည့် ဝိပဿနာဉာဏ်ဖြင့်ကြည့်လျှင် ဖြစ်ပျက်တွေ တဖျတ်ဖျတ်နှင့် အဟုန်ပြင်းစွာ စီးဆင်းနေသည်ကို တွေ့ရပေလိမ့်မည်။

အပောင်းတွေ ချုပ်ငြိမ်း၊ အသစ်တွေဖြစ်နေသော်လည်း ကျွန်တော့်အဝိဇ္ဇာ၊ တဏှာ၏ တည်ဆောက်မှုတိုင်း တည်ဆောက်မှုတိုင်းသည် ရေ… ရေ… ရေ…။ ရေ… ဆာ… ခြင်း အကျိုးကြောင့် အကြောင်းလုပ်။

ဟိုးခပ်လှမ်းလှမ်းမှာ မြင်နေရသည့် လယ်စောင့်တဲကလေးဆီသို့ ကျွန်တော့်ခြေလှမ်းတွေ [illegible]လိုက်သည်။ ဆူးခက်တွေ ကာရံထားသည့် ယာခရိုးလမ်းကလေးအတိုင်း [illegible]ျှောက်လာခဲ့သည်။ ဘူးပင်တွေ၊ ခဝဲပင်တွေ၊ သခွားပင်တွေ စိုက်ပျိုးထားသည့် စိုက်ခင်းကလေးကို ထောင့်တန်းဆန့်ဆန့် ဖြတ်လျှက်ရှိသည့် ဖုံနေသည့် ခြေတစ်ဖဝါးသာသာ လမ်းကလေးကို ဖြတ်မိသောအခါ လယ်စောင့်တဲကလေးကို ပီပီပြင်ပြင် မြင်နေရပြီ။ လယ်စောင့်တဲကလေးတွင် အကာအရံမရှိသောကြောင့် ထန်းလက်မိုးအရိပ်အောက်မှာ လူရိပ်ဖြူဖြူကလေးတစ်ခု ထိုင်နေသည်ကို မြင်ရ၍ ကျွန်တော် အားတက်သွားရသည်။



'ဝုတ်… ဝုတ်… ဝေါ…'

ဇော်ခွေးဟု အများကခေါ်ကြသည့် ခွေးနီညိုကြီးတစ်ကောင်က ကျွန်တော့်ဆီ တစ်ဟုန်ထိုး ပြေးလာသည်။

ပထမတော့ ထွက်ပြေးဖို့ စိတ်ကူးလိုက်မိသေးသည်။ သို့သော် ခြေနှစ်ချောင်းနှင့် ခြေလေးချောင်း ယှဉ်ပြေးရသော် လွတ်နိုင်မည့်မဟုတ်ဟု တွက်ဆမိ၍ ထွက်ပြေးမည့်အကြံကို လက်လျှော့လိုက်ရသည်။

တိုက်ခိုက်ဖို့ စွမ်းအားမရှိလျှင် ထွက်ပြေးဖို့ ခြေထောက်ရှိရမည်တဲ့။ ဘယ်ပညာရှိက ပြောခဲ့မှန်း မသိပါဘူး။ ကျွန်တော့်မှာတော့ ထွက်ပြေးဖို့ ခြေထောက်နှစ်ချောင်းမရှိ၍ စွန့်စားပြီး တိုက်ခိုက်ရတော့မည်။ ကျွန်တော့်အဖြစ်က ဆိုရိုးစကားနှင့် ပြောင်းပြန်ဖြစ်ကာ ခွေးနှင့်တုံ၍ ကိုက်ရတော့မည်ဟုနှလုံးပိုက်ပြီး လေးဖက်ထောက်လျက် 'ဂဲ… ဂဲ… ဟဲ… ဟဲ…' ဟု အသံပြုလိုက်ရတော့သည်။

ခွေးကလည်း ဘယ့်နှယ်ကောင်လဲဟုတွေးကာ ရှေ့တိုးလာသည်။

'ဝုတ်… ဝုတ်…' 'အူး… ဟူး… ယဲ…'

ခွေးက လေးဖက်ထောက်လျက်ရှိသည့် ကျွန်တော့်အနားသို့ တိုးကပ်လာသည်။ ခွေး၏ စိတ်ထဲတွင်လည်း ကျွန်တော့်ကို ဘယ်လိုသတ္တဝါ ပါလိမ့်ဟုတွေးကာ ဇဝေဇဝါ ဖြစ်နေပေလိမ့်မည်။

'ဝုတ်… ဝုတ်… ဝူး…'

သွားဖြီးပြနေသော ခွေးကို ကျွန်တော်ကလည်း အားကျမခံ သွားဖြီးပြလိုက်ရသည်။ (မင်းကတောင် သွားမတိုက် ဘာမတိုက်နဲ့ သွားဖြီးပြသေးတာ၊ ငါက ခြောက်လစာ အဲ… အဲ… လေဆာနဲ့ သွားတိုက်ထားတဲ့ကောင်ကွဟူသော အဓိပ္ပာယ်နှင့် ဖြစ်ပါသည်)။

သို့သော် ခွေးက မဖြဲ။ သူ၏ ရှည်လျားချွန်မြလျက်ရှိသော သွားတွေကို ဖြဲပြနေမြဲ။

ကျွန်တော်လည်း ကြံရာမရဖြစ်ကာ မပြေးသော်ကိုက်ရာရှိ၏ဟူသည့် စကားအတိုင်း အနားတွင် အလွယ်ရှိနေသော ဘူးသီးခြောက်အခွံတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွင် စွပ်လိုက်သည်။ (မတော် မျက်နှာကို ကိုက်လိုက်မှာစိုးလို့)။

သေးကျင်နေသည့် လည်ပင်းနေရာမှ ဖြတ်ထားသော ဘူးသီးဖြစ်၍ ဘူးသီးက ကျွန်တော့်ခေါင်းနှင့် အံကိုက်ဖြစ်နေသည်။ နိုင်ငံခြားရုပ်ရှင်တွေထဲက သံခေါင်းစွပ်မင်းသားနေရာမှာ ဘူးသီးခြောက်စွပ်ထားသည့် ကျွန်တော့်ပုံကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်ပါ။ (ဟီး… ဟီး… စာခြောက်ရုပ်နှင့် အတော်တူမှာပဲ)။

'ဝုတ်… အူး… ဝူး… ဂူး… ဝူ…'

ဘူးသီးခြောက်စွပ်လိုက်တာ အတော်ဟန်ကျသွားသည်။ ကိုက်တော့မည့် ဟန်ပြင်နေသောခွေးသည် တစ်မုဟုတ်ချင်း ထွက်ပြေးသွားပုံရသည်။ ဘူးသီးခြောက်စွပ်ထား၍ မျက်စိနှင့်မမြင်ရပေမယ့် နွယ်ပင်များအပေါ် ကျော်လွှားတိုးဝှေ့၍ ပြေးသွားသောခြေသံကို ကြားလိုက်ရသည်။

'ငါဟဲ့ မဟာလူသား၊ ဂုဏ်များကို အောင်မြင်ပြီ'

ဤသို့ ဂုဏ်ယူဝင့်ကြွားစွာဖြင့် မတ်တတ်ရပ်လိုက်သည်။ ခေါင်းတွင် စွပ်ထားသည့် ဘူးသီးခြောက်ကို လက်နှစ်ဖက်ဖြင့် မ,ကာ ဆွဲဖြုတ်ရန် ကြိုးစားလိုက်သည်။

'ဟိုက်… ဒုက္ခပဲ'

ဘူးသီးခြောက်က မေးစေ့နှင့် တစ်နေသည်။ စွပ်တုန်းက ချောချောရှုရှု။ ဖြုတ်ကာမှ ဖွတ်အတင်းဆွဲဖြုတ်ပြန်လျှင်လည်း ခွေးကိုက်မခံရ၍ မပြဲသော မျက်နှာသည် ဘူးသီးခြောက်ခြစ်မိမှ ပြဲကုန်တော့မည်။

'ဒုက္ခပဲ'

ကျွန်တော့်ဘာသာကျွန်တော် ကိုယ်စွပ်သည့်ဘူးသီးနှင့် ကိုယ်ဒုက္ခရောက်နေစဉ်မှာပင် ရှူရှိုက်လိုက်ရသော လေထဲတွင် သနပ်ခါးရနံ့ကလေး ပါလာသည်ကို သတိပြုမိလိုက်၏။ တောထဲတောင်ထဲတွင် နာနာဘာဝ ဝိနာဘာဝတွေ အနံ့ပေးလာခြင်းလား မသိ။

'ဣတိပိသော ဘဂဝါ အရဟံ… အရဟံ… အင်း…'

ဆက်ဆို မရတော့။ ဟင်း… အရေးထဲ မေ့နေရသေးသည်။



'ဟီ… ဟီ… ဟင်း… ဟင်း…'

ရယ်သံကိုပါ ကြားလာရသည်။

'အ… အ… အရဟံ… ဟာ… ဒုက္ခပဲ'

'အခုမှ ဘာဒုက္ခပဲလဲ'

ချိုသာလှသည့် စကားပြောသံတစ်သံ။ နာနာဘာဝ၊ ဝိနာဘာဝဆိုလျှင် စကားပြောနိုင်မည် မဟုတ်။ ဒီတော့မှ ကြောက်စိတ်တွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်တော့သည်။

'လုပ်… လုပ်… လုပ်ပါဦးဗျာ၊ ဒီမှာ ဖြုတ်မရလို့'

ကျွန်တော် အလာတကြီး အကူအညီတောင်းမိသည်။

'ဟင်း… ဟင်း… ရှင်ဟာလေ၊ တော်တော် အူကြောင်ကြောင်နိုင်တဲ့လူ၊ ခွေးလာတာနဲ့ ဘာလို့ လေးဖက်ထောက်ပြီး ဘူးသီးခြောက်စွပ်ရတာတုံး'

အသံချိုချိုကလေးနှင့် အပြစ်ပြောနေပြန်သေးသည်။

'ခင်ဗျားကလည်း အရေးထဲမှာ အပြစ်ပြောနေပြန်ပြီ၊ ခွေးဆိုတာ ကြောက်လို့ထွက်ပြေးရင် ပိုပြီးကိုက်တတ်တယ်ဗျ၊ နောက်ပြီးတော့ လူတွေရဲ့ခန္ဓာကိုယ်က ကြောက်စိတ်ပေါ်တဲ့အခါ အနံ့တစ်မျိုးထုတ်လွှတ်ပေးတတ်တယ်၊ အဲဒီအနံ့ကို ခွေးတွေက သိတယ်ဗျ၊ ဒါကြောင့် မကြောက်သလိုလုပ်ပြီး နေရတာ'

အချက်နှင့် အလက်နှင့် ဆင်ခြေကန်လိုက်ရသည်။

'ဒါနဲ့ ဘူးသီးခြောက် စွပ်ရရောလား၊ ခွေး အနားရောက်မလာနိုင်အောင် ခံနဲ့ကောက်ထုရင် ရရဲ့သားနဲ့၊ ဟွန်း… သူကပဲ အ,တယ်ပြောတော့ မခံချင်သေးဘူး'

ဒီတော့မှ ဟုတ်သားပဲဟု ကျွန်တော် တွေးမိသည်။ လွယ်သည့်ကိစ္စကို ခက်အောင်လုပ်နေမိတာကိုး။

'ကဲဗျာ… အဲဒါတွေ ထားလိုက်ပါဦး၊ ကျွန်တော့်ခေါင်းက ဟာကြီးကို ကူဖြုတ်ပေးပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ဟာရှင်တောင် ဖြုတ်မရတဲ့ဟာ၊ ကျွန်မက ဘယ်လိုလုပ် ဖြုတ်ပေးလို့ရမှာတုံး'

'ဟာ… အဲဒီလို မပြောပါနဲ့ဗျာ၊ ယောက်ျားတစ်သောင်း ဆောင်ရွက်လို့မရတဲ့ကိစ္စကို မိန်းမတစ်ယောက်က လွယ်လင့်တကူ ပြုလုပ်နိုင်တယ်ဆိုတဲ့ စကားလည်း ရှိသားပဲ'

'အလဲ့… ရှင်က အပြောတော့ကောင်းသားနော်'

'တောကျောင်းတော့ မသွားပါရစေနဲ့ဗျာ၊ လုပ်… လုပ်ပါ၊ ခေါင်းကဟာကြီးကို ကူဖြုတ်ပေးစမ်းပါ'

'ကဲ… ကဲ… အသည်းအသန် ခဲမှန်မနေနဲ့၊ ကျွန်မ ကူဖြုတ်ပေးမယ်၊ ခဏစောင့်'

ပြောပြောဆိုဆိုနှင့် ခပ်လှမ်းလှမ်းသို့ လျှောက်သွားသည်။

'ဟော… တွေ့ပြီ'

'ဘာတွေ့တာလဲဗျ'

'တုတ်… ဝါးရင်းတုတ်လေ'

'ဟာ… ဝါးရင်းတုတ်က ဘာလုပ်ဖို့လဲ'

'ရှင့်ကို ရိုက်ဖို့လေ'

'ဗုဒ္ဓေါ'


'ဗုဒ္ဓေါတွေ သုဒ္ဓေါတွေ လုပ်မနေနဲ့၊ ရှင့်ခေါင်းက ဘူးသီးခြောက်ကို တုတ်နဲ့ရိုက်ခွဲရမှာပေါ့၊ ရှင့်ခေါင်းက ငြိမ်ငြိမ်နေ'

'ဟုတ်ပါ့မလားဗျာ'

'ဟုတ်ပါတယ်၊ ခေါင်းကြီးက ယမ်းပြီးမနေစမ်းပါနဲ့၊ ငြိမ်စုံ ကဲ… စပြီ၊ ရယ်ဒီ… ဝမ်း… တူး… သုံး'

'ခွမ်း…'

'အား…' လို့တောင် မအော်နိုင်တော့ဘဲ ကျွန်တော့်ကမ္ဘာသည် မီးပျက်သွားတော့သည်။



'သနပ်ခါးလိမ်းထားတယ် ထင်တယ်၊
သနပ်ခါးနံ့ ကလေးကတော့
မွှေးပျံ့နေတာပဲ ကိုစံတုတ်ရာ၊
ဘူးသီးခြောက်ကြီး စွပ်ထားလို့
မျက်နှာကိုတော့ မမြင်ခဲ့ရဘူး။
အပြောကလေး ချိုပုံထောက်တော့
အင်း… အပြောချို အပျိုချော ဆိုသလို နေမှာပဲဗျာ၊
အဲဒီ ဖြူစန္ဒာကြည်ဆိုတာ ချောလားဟင်၊
နာမည်ကလေးကတော့ လှတာပဲ'

www.burmeseclassic.com

www.burmeseclassic.com

# - ၇ -

'မြို့သား… အတိတ်တွေ ဘာတွေတော့ မေ့မသွားပါဘူးနော်'

ကိုစံတုတ်က ကျွန်တော် ပျာယီးပျာယာနှင့် ငုတ်တုတ်ထထိုင်ပုံကိုကြည့်၍ စိုးရိမ်တကြီး မေးလာသည်။

'ကြံကြံဖန်ဖန်၊ အတိတ်လည်း မမေ့ဘူး၊ အနာဂတ်လည်း မမေ့ဘူး၊ ဒါနဲ့ ဘယ်လိုလုပ်ပြီး ကျွန်တော် အိမ်ပြန်ရောက်လာတာတုံး'

ကိုစံတုတ် မေးလိုက်ရသည်။

'ဟား… မပြောချင်ပါဘူး မြို့သားရယ်၊ ကျုပ်မှာ ပင်ပန်းလိုက်တာ လွန်ရောပဲ၊ ဖြူစန္ဒာကြည်က ဘူးသီးခြောက်ကို ခွဲလိုက်တာ လက်ဆလွန်ပြီး ခေါင်းကိုပါရိုက်မိ… မြို့သား မေ့လဲကျသွားလို့ လာပါဦး၊ ကူပါဦးလို့ လှမ်းအော်မှ ကျုပ်လည်း ရောက်လာပြီး မြို့သားကို ထမ်းခေါ်ခဲ့တာ၊ ဝေါ်သေးတာပေါ့၊ ရွာအပြန် ကိုရင်ကျော်ဦးတို့လှည်းနဲ့ ကြုံလို့ ကျုပ်သက်သာသေးဟာ၊ နေပါဦး… မြို့သားက ဘာလို့ ဖြူစန္ဒာကြည်တို့တဲဆီ ရောက်သွားရတာတုံး'

'ရေဆာလို့ ရေသောက်မလို့သွားတာ'

'ကောင်းရော… ရေဘူးက ကျုပ်လွယ်အိတ်ထဲ ပါသွားတာကိုး'

'ဒါထက် ဖြူစန္ဒာကြည်ဆိုတာက ကျွန်တော့်ခေါင်းကို ရိုက်လိုက်တဲ့ မိန်းကလေးလား'



'အင်းလေဗျာ'

'သနပ်ခါးလိမ်းထားတယ် ထင်တယ်၊ သနပ်ခါးနံ့ကလေးကတော့ မွှေးပျံ့နေတာပဲ ကိုစံတုတ်ရာ၊ ဘူးသီးခြောက်ကြီး ဖွပ်ထားလို့ မျက်နှာကိုတော့ မမြင်ခဲ့ရဘူး၊ အပြောကလေး ချိုပုံထောက်တော့ အင်း… အပြောချိုအပျိုချောဆိုသလို နေမှာပဲဗျာ၊ အဲဒီ ဖြူစန္ဒာကြည်ဆိုတာ ချောလားဟင်၊ နာမည်ကလေးကတော့ လှတာပဲ'

ကျွန်တော့်အမေးကြောင့် ကိုစံတုတ်က ကျွန်တော့်ကို မျက်လုံးပြူးလျက် ကြည့်သည်။ ခြေကာကာ၊ လက်ကာကာနှင့်…

'မလုပ်ပါနဲ့ မြို့သားရယ်'

ကိုစံတုတ်ပုံစံက ကြောက်လန့်တကြားရှိလှသည်။

'ဘာဖြစ်လို့လဲ ကိုစံတုတ်ရဲ့'

'ဘာဖြစ်ရမလဲ မြို့သားရယ်၊ ကောင်မလေးက ချောတယ်၊ ပညာလည်း တတ်တယ်၊ ဘွဲ့ရပြီးပြီ၊ ဘာနဲ့ဘွဲ့ရသလဲတော့ ကျုပ်လည်း မပြောတတ်ဘူး၊ အဲ… စည်းစိမ်ဥစ္စာကလေးကလည်း ရှိဆိုတော့…'

'ဒါဆို အိုကေပြီပေါ့ ကိုစံတုတ်ရဲ့၊ ဒါနဲ့များ အစက ကျွန်တော့်ကို ဘာလို့မပြောလဲဗျာ'

ကျွန်တော် ဝမ်းသာအားရနှင့် ဖြတ်ပြောလိုက်သော စကားကို ကိုစံတုတ်က ခေါင်းခါရင်း လက်ကာခါ ဟန့်တားသည်။

'မဟုတ်ဘူး မြို့သားရဲ့၊ ကျုပ်ပြောတာ ဆုံးအောင်နားထောင်ဦး၊ ကောင်မလေးအမေက မာနကြီးတယ်၊ သူ့သမီးကို ဘယ်ယောကျ်ားကလေးကမှ စေ့စေ့ကြည့်တာ ကြိုက်တာမဟုတ်ဘူး၊ ဘယ်ယောကျ်ားကလေးနဲ့မှလည်း အရောဝင်တာ မကြိုက်ဘူး၊ အမေတစ်ခု သမီးတစ်ခုရယ်၊ ဖအေဖြစ်သူက ကောင်မလေး ငယ်ငယ်ကတည်းက ဆုံးသွားတာ'

'ဒါလေးများ…ပြဿနာအကြီးအကျယ် မဟုတ်ပါဘူး ကိုစံတုတ်ရယ်၊ ဒီလို မိဘတွေ ဒုနဲ့ဒေးရှိကြပါတယ်၊ ပြီးတော့လည်း သားမက်ကို အိမ်ပေါ်ခေါ်တင်တဲ့ သမီးရှင်ချည်းပါပဲ ကိုစံတုတ်ရာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပေါ့ပေါ့ပါးပါး ပြောလိုက်ပေမယ့် ကိုစံတုတ်ကမူ မှာတော့ ရင်လေးစွာဖြင့် ဆက်ပြောပြန်သည်။

'ဒါတင်မကသေးဘူး မြို့သားရဲ့'

'မကသေးဘူး ဟုတ်လား၊ မကလည်း ဗုံထမ်းပြန် မင်းသမီး ငါနဲ့ထားခဲ့လို့'

ကျွန်တော့်အရွှန်းစကားကို ကိုစံတုတ် လိုက်မရယ်။

'ကောင်မလေးအမေက စုန်းမကြီး'

'ဗျာ...'

ကျွန်တော့်နှုတ်မှ ထွက်ကျသွားသည့် အာမေဍိတ်သည် လန့်ဖျပ် သွားခြင်း မဟုတ်။ အံ့သြသွားခြင်း ဖြစ်သည်။

'ဒီခေတ် ဒီအခါကြီးထဲမှာ ဒါမျိုးတွေ ရှိသေးလို့လားဗျာ'

ကျွန်တော့်သံသယစကားကို ကိုစံတုတ်က လက်မခံ။

'ဟာ... မြို့သားကလည်း ရွာတစ်ရွာမှာ စုန်းခုနစ်ယောက်ရှိမှ ရွာတည်လို့ဖြစ်တာ မြို့သားရဲ့'

'ဟုတ်မယ် မထင်ပါဘူး ကိုစံတုတ်ရယ်၊ အယူမသည်းစမ်းပါနဲ့'

'အဲဒီလိုမပြောနဲ့ မြို့သားရဲ့၊ အထက်လမ်းတို့၊ အောက်လမ်းတို့ ဂန္ဓာရီပညာတို့ဆိုတဲ့ သိပ္ပံပညာ လိုက်မမီတဲ့ ပညာရပ်တွေဟာ တကယ်ရှိ တယ်၊ ဘုတ်အုတ်တစ်အုပ်ထဲမှာ ကျုပ် ဖတ်ဖူးလိုက်သေးတယ်၊ ဒါမျိုး ပညာရပ်တွေကို နိုင်ငံခြား ၊ာတောင် ပညာရှင်တွေက ယုံကြည်လက်ခံပြီး သိပ္ပံနည်းကျ စမ်းသပ်နေပြဲဆိုပဲ'

အလဲ့... အာဂတောသားပါလားဟု ကျိတ်၍သြဘာပေးမိသည်။ ကိုစံတုတ်ကို ဒီလောက်အထိ သိနေလိမ့်မည်ဟု မထင်မှတ်ခဲ့။ အခုတော့ ဘုန်းကြီးတစ္ဆေ ဖြစ်နေပြီ။

'ကဲပါလေ... ကိုစံတုတ် ပြောသလိုပဲ ဘယ်သူ အဲ... ဖြူ... ဖြူစန္ဒာကြည်အမေက စုန်းမကြီးပဲ ထားပါတော့၊ ဒါကို ကျွန်တော်တို့က ကြောက်စရာမလိုပါဘူး၊ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာမြတ်သုံးပါး



ကိုသာ မပြတ်ကိုးကွယ်၊ သရဏဂုံတည်နေရင် ဘေးပယောဂ အနှောင့် အယှက်ဆိုတာ အနားတောင် မကပ်နိုင်ပါဘူး ကိုစံတုတ်ရဲ့'

ကျွန်တော်ကသာ ပြောနေရပေမယ့် ကိုစံတုတ်ကတော့ မောတာ အဖတ်တင်မယ်ဆိုသည့် မျက်နှာထားမျိုးဖြင့်သာ ရှိနေသေးသည်။

'အင်း... မြို့သား ပြောသလိုပဲ၊ ကျုပ်တို့ရွာဘုန်းကြီးကျောင်းက လည်း ပြောဖူးပါတယ်၊ ဒါပေမဲ့ လူဆိုတာ ကံဆိုးကံနိမ့် မပြောနိုင်ဘူးလေ၊ ကံကြမ္မာဂြိုဟ်စီးရင် ကိုယ့်သေးစီးကြောင်းကိုတောင် မြွေထင်ပြီး ထခုန်မိ တတ်တာမျိုး'

'ဟား... ဟား... ကိုစံတုတ်ကတော့ ပေါက်တတ်ကရ ပြော ရော့မယ်'

ကျွန်တော် ရယ်လိုက်ပေမယ့် ကိုစံတုတ်က လိုက်မရယ်ဘဲ တကယ့်အတည်ပေါက်ကြီးနှင့် ဆက်ပြောနေပြန်သည်။

'အဟုတ်ပြောတာ မြို့သားရဲ့၊ မယုံမရှိနဲ့၊ ရွာအနောက်ပိုင်းက မိစန်းဆိုရင် သူကျွေးတဲ့ မြေပဲယိုလေးတစ်ကိုက် စားမိတာနဲ့ သွားကိုက်လို့ ကျွမ်းထိုးနေရတယ်'

'ဟာ... ကိုစံတုတ်ကလည်း သွားပိုးရှိတဲ့လူ အချိုစားတော့ သွားပိုးထပြီး သွားကိုက်မှာပေါ့'

ကျွန်တော့်အပြောကို ကိုစံတုတ်က ဂရုမစိုက်။ သူ့ဟာသူ လျှောက် ပြောပြီး သက်သေသက္ခာယ ထုတ်နေပြန်သည်။

'အနောက်ဘက်အိမ်က ဒေါ်မြခက်ဆိုရင် ခြံစည်းရိုးက ကင်းပုံ ညွန့်ကို မပြောမဆိုနဲ့ သွားခူးမိလို့ ညနေဘက်ကျတော့ လက်တဂ်ဖက်လုံး ရောင်ကိုင်းပြီး လှုပ်တောင်မလှုပ်နိုင်ဘူး၊ အဘွားကြီးကို လက်ဖက်ပွဲ၊ အုန်းပွဲ နဲ့ သွားတောင်းပန်မှ ဝေဒနာကို ပြန်နုတ်ပေးတယ်၊ အဲဒီကျမှ ယူပစ်သလို ပျောက်သွားတယ် ဆရာ'

'ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ်တာပါ ကိုစံတုတ်ရဲ့'

'မဟုတ်ဘူး... မဟုတ်ဘူး မြို့သားရဲ့၊ အဘွားကြီးလက်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်ရတဲ့လူတွေ နည်းတာမဟုတ်ဘူး၊ အဘွားကြီးက သိပ်စွမ်းတာ အင်းတွေ၊ ဇော်ဂနီ၊ ဇော်ဂနက်ရုပ်တွေ၊ အဋ္ဌာဝကရုပ်တွေတောင် ရှိတယ်။ နောက်ပြီး ဆေးနွားရုပ်လည်း ရှိတယ်ပြောတယ်၊ ဒီပညာတွေကို ငါးပါး ဂိုဏ်းက ဆရာကြီးသာခင်က ပရိတ်ကြိုးနဲ့ဖမ်းပြီး အလှူခံတာတောင် လှူတာမဟုတ်ဘူး၊ တစ်ရွာလုံးက အဘွားကြီးကို ကြောက်ရတယ်၊ အဘွား ကြီးကိုရော သူ့သမီးကိုရော ဘယ်သူကမှ စော်ကားဝံ့တာ၊ ပစ်မှားဝံ့တာ မဟုတ်ဘူး၊ အဘွားကြီး ထဘီခြုံလိုက်ရင်…'

'အဘွားကြီး ထဘီခြုံလိုက်ရင် ဖင်ပေါ်သွားမှာလား'

'ဟာ… မြို့သားကလည်း မဉီးမချွတ် ပြောပြန်ပြီ၊ တော်ကြာ အဘွားကြီး ကြားသွားမှဖြင့် အဘွားကြီးမှာ မှော်ဓာတ်လုံးကြီးရှိတယ်၊ အဲဒီမှော်ဓာတ်လုံးထဲကနေ ကြည့်လိုက်ရင် အကုန်ကြား အကုန်မြင်ရတယ်'

တကယ့်ကို လေးလေးနက်နက်ကြီး ပြောနေသည့် ကိုစံတုတ်ကို စော်ကားရာရောက်မည်စိုးသဖြင့် ဘာမှမပြောဖြစ်ပေမယ့် စိတ်ထဲမှာတော့ အဲဒီဓာတ်လုံးမျိုးရရင် ကောင်းမှာပဲ၊ တီဗီတွေ၊ ဂြိုဟ်တုစလောင်းတွေ အဝယ်ရလွတ်၊ လျှပ်စစ်မီးမကုန်တာပေါ့ဟု သရော်တွေး တွေးမိသေးသည်။

'အဘွားကြီး ထဘီခြုံလိုက်ရင် လင်းနို့ဖြစ်သွားတာ'

'လင်းနို့ဖြစ်တာများ မကြောက်ပါဘူး၊ ကိုးတောင်ကျား ဖြစ်သွား တာမှ မဟုတ်ဘဲ၊ ကိုစံတုတ်ပဲ စဉ်းစားကြည့်၊ လင်းနို့ဆိုတာ ခွတီးခွကျ အကောင်ပါဗျာ၊ ကြွက်မဟုတ်၊ ငှက်မဟုတ်နဲ့ (ကြွက်ခေါင်း ငှက်ကိုယ်လုံး နဲ့ နှစ်ပိုင်းတစ်ပိုင်း အကောင်ပါဗျာ) လင်းနို့ဆိုတာ လူကို ဘာလုပ်နိုင်တာ မှတ်လို့၊ မသကာ အိပ်ရာပေါ်ပျံလာပြီး ကြမ်းပိုးချရုံလောက်ပဲ လုပ်နိုင်တာ ပါ့၊ မကြောက်ပါနဲ့ ကိုစံတုတ်ရဲ့၊ ဟဲ… ဟဲ…'

ကျွန်တော့်စကားကြောင့် ကိုစံတုတ်က ဆိုလေကဲလေ၊ မန်းလေ ပြဲလေပါ့မလားဟူသည့် ပုံစံဖြင့် ကြည့်လာသည်။

'ကျွတ်… ခက်တာပဲ မြို့သားရာ၊ အယုံအကြည်မရှိတဲ့ လူတွေ ကိုပြောရတာ အတော်ခက်တယ်၊ မြို့သားရယ်… မြို့သား ဒုက္ခရောက်မှာ



စိုးလို့ စေတနာနဲ့ပြောတာ၊ ယုံစမ်းပါဗျာ'

ကိုစံတုတ်၏စကားကြောင့် ကျွန်တော်က ယုန်ကောင်ငုံ၍ ယုန်ရုပ် ရေးပြပြီး Rabbit လို့ စာလုံးပေါင်းပြရတော့မလို။

ကိုစံတုတ်ကတော့ စုန်းငှိကာတွေ ထပ်ဖွင့်နေသည်။

'တံမြက်စည်းကိုခွလိုက်ရင် တံမြက်စည်းက မြင်းပျံကြီးဖြစ်သွား တာ၊ လပြည့်လကွယ် ညသန်းခေါင်ဆိုရင် အိမ်ခေါင်မိုးပေါ်မှာ မီးလုံးကြီး တွေနဲ့ တောက်စားတာ မြင်ရတယ်၊ အခုဆို ရွာထဲက ပညာလိုချင်တဲ့လူ တွေကို အိပ်မက်ပေးပြီး ပညာသင်ပေးနေတာ'

ဟိုက်… အဆင့်မြင့်လှချည်လား။ အိပ်မက်သင်ပညာရေးလို့ အမည်ပေးဖို့တောင် ကောင်းနေသေးသည်။ ဒီအကြောင်းတွေကိုသာ စာအုပ် ရေးပြီး ထုတ်ဝေလိုက်ရလျှင် ဟယ်ရီပေါ်တာထက်ပင် ရောင်းအားကောင်း သွားနိုင်သည်။

'အခုဆို အဘွားကြီးက သူ့သမီးကို ပညာတွေသင်ပေးနေတယ် တဲ့၊ အဲဒီ ဖြူစန္ဒာကြည်လည်း ပညာတွေ အတော်တတ်နေပြီ၊ မယုံမရှိနဲ့ မြို့သားရဲ့၊ ဖြူစန္ဒာကြည်က အတော်လှတယ်၊ ဒါပေမဲ့ ဘယ်ယောကျ်ား ကလေးကမှ မချစ်ရဲ မကြိုက်ရဲဘူး၊ သူ့ကိုရော၊ အဘွားကြီးကိုရော ကြောက် ရတာကိုး၊ စိတ်မဝင်စားချင်ပါနဲ့ မြို့သားရယ်၊ ရွာထဲမှာ အချောအလှလေး တွေ ရှိပါသေးတယ်၊ တစ်ယောက်မဟုတ် တစ်ယောက်တော့ မြို့သား သဘောကျမှာပါ၊ တကယ်လို့ ရွာက မိန်းကလေးတွေကို သဘောမကျဘူး ဆိုရင် တောင်ဘက်ရွာမှာ အချောအလှလေးတွေ ရှိပါသေးတယ်၊ အဲဒီ မိန်းကလေးတွေကိုတော့ စိတ်ကူးထဲ မထည့်စမ်းပါနဲ့ မြို့သားရယ်'

လူ့စိတ်ဆိုတာကလည်း ခက်သည်။ မကြည့်ရဆိုမှ ကြည့်ချင် သည်။ မထိရဆိုမှ စမ်းကြည့်ချင်သည်။ မချစ်ပါနှင့်၊ မကြိုက်ပါနှင့်ဆိုမှ သည်းရော အူပါ ပုံအောပြီး ချစ်လိုက်ချင်သည်။

ကလေးဆိုးတစ်ယောက်ကို ချော့သလို ချော့မော့ပြောနေပေမယ့် နားဝင်ပုံမရသော ကျွန်တော့်ကို ကိုစံတုတ်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မြို့သားကို ဖြူစနွာကြည်က ပြုစားလိုက်တာများလား'

'ဟုတ်လောက်တယ်'

'မြတ်စွာဘုရား… ကယ်တော်မူပါ'

ကိုစံတုတ် အံ့အားသင့် မျက်လုံးပြူးသွားပုံကိုကြည့်ပြီး ကျွန်တော် ရယ်ချင်မိသည်။

ကျွန်တော်က ကျွန်တော့်အမိပွာယ်နှင့် ကျွန်တော် ပြောခြင်းကို ကိုစံတုတ်က တလွဲသဘောပေါက်သွားပုံပေါ်သည်။

ဟုတ်သည်လေ။

ရုပ်ကိုတောင် မမြင်ရသေး။ အသံကြားရုံ၊ သနပ်ခါးရနံ့ ရရုံနှင့် ဒီလောက်စွဲလမ်းသွားရပုံကိုထောက်၍ ဖြူစနွာကြည်ဟူသော ကဝေမလေးက ကျွန်တော့်ကို ဖမ်းစားညို့ယူလိုက်ပြီ ထင်သည်။

'ကျွန်တော် သူ့ကို တွေ့ချင်တယ်ဗျာ၊ အဲဒါ ကိုစံတုတ် ကူညီပါ'

'ပွင့်တော်မူပြီးသော ဘုရားအပေါင်းနဲ့ နောင်ပွင့်မည့် ဘုရားအပေါင်းတို့ ကယ်မတော်မူပါ ဘုရား'

ကိုစံတုတ် တိုင်တည်ဆုတောင်းပုံက ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူပြီးသော ဘုရားများသာမက နောင်ပွင့်တော်မူရန် အနီးဆုံးဖြစ်သည့် အရိမေတ္တေယျဘုရားကိုပင် ဆွဲထည့်လိုက်သလို။

ရိုးလွန်းတော့ ရိုင်းသည်ဟူသော
စကားအတိုင်းပင်လော မသိ။
ကျွန်တော်တို့က
ဘာမျှ လွန်လွန်ကျူးကျူးမပြောမိဘဲ
ငွတ်အတင်း ခွေးမောင်း၊ ဝက်မောင်း
နှင်အထုတ်ခံရခြင်းကို ဘဝင်မကျလှ။
နည်းနည်းတော့
စောဒက
တက်ကြည့်ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

— ၆ —

ကိုစံတုတ်၏ပုံစံက မဝံ့မရဲ။

အိမ်ဝင်းခြံတံခါးကို တွန်းဖွင့်လှမ်းဝင်ပုံကပင် ခြသေ့်လိုဏ်ဂူထဲဝင်ရသလို မဝံ့မရဲဖြစ်နေသည်။ အသံတုန့်တုန့်ယင်ယင်ဖြင့် အိမ်ထဲသို့ လှမ်းခေါ်လိုက်သည်။

'ဒေါ်... ဒေါ်အိုဇာ'

ဟိုက်... နာမည်ကလည်း ပုံပြင်ထဲက စုန်းမကြီးတွေ နာမည်မျိုးပါလားဟု တွေးလိုက်မိသည်။

'ဟေ... ဘယ်သူတွေတုံး၊ ဝင်ခဲ့လေကွယ်'

အိမ်ပေါက်ဝတွင် ကျောပေးလျှက်ရပ်နေသော မိန်းမကြီးက အော်ပြောသဖြင့် ကိုစံတုတ်နှင့် ကျွန်တော်တို့ ခြံတံခါးကို ပြန်စေ့ထားခဲ့ကာ အိမ်ထဲ လှမ်းဝင်ခဲ့ကြသည်။

မိန်းမကြီးက ရေသောက်နေရာမှ ကျွန်တော်တို့ကို လှည့်ကြည့်သည်။

'ဟာ... အစွယ်တွေ'

ဆတ်ခနဲတွန့်သွားပြီး အလန့်တကြား ရေရွတ်လိုက်သောကိုစံတုတ်ကို လက်ကုတ်၍ သတိပေးလိုက်ရသည်။

ကြောက်တတ်သူများအဖို့ မည်းမည်းမြင်တိုင်း ဆွေးလန့်နေသတဲ့ သို့ပင် ကိုစံတုတ် ကြက်သီးထသွားရခြင်းပင်။



တကယ်တော့ အဘွားကြီး ခံတွင်းထဲက အစွယ်တွေ ထွက်လာတာ မဟုတ်။

ရေကို ကမန်းကတန်း မော့သောက်ချလိုက်သောကြောင့် သနပ်ခါးတွေ ထူလပျစ်လိမ်းထားသည့် ပါးပြင်(ပါးစောင်နှစ်ဖက်တွင်) ရေစက်အများသတ်အရာတွေ ထင်ကျန်ခဲ့ပြီး အစွယ်လိုပုံစံပေါက်နေခြင်း ဖြစ်သည်။

'ဘာလဲကွယ့် မောင်စံတုတ်ရဲ့၊ အစွယ်တွေဆိုတာ'

'ဟို... ဟို... ဟိုဒင်းလေ၊ ဟိုဒင်း... ဟိုဥစ္စာ'

ကိုစံတုတ် အဖြေရကျပ်ပြီး လက်ညှိုးကို ဟိုထိုး ဒီထိုးလုပ်နေပြီး အတော်ကြာမှ ခုတင်ပေါ်တွင်တင်သော ဗန်းထဲမှအရာများကို လက်ညှိုးညွှန်ပြရင်း ဖြေလိုက်သည်။

'အဲ... အဲ... အဲဒီ ကြာစွယ်တွေကို ပြော... ပြောတာပါ'

တော်သေးလို့ပေါ့။ ကြာစွယ်ဆိုသည့် အရာတွေ ရှိနေသေးလို့။ နို့မို့ဆို ခွေးအကြီး လှည်းနင်းသလို အီအီအာအာနှင့် ဖြစ်နေရဦးမည်။

ဗန်းထဲမှ ကြာစွယ်ဆိုသည့်အရာများကို ကောက်ကိုင်ကြည့်လိုက်သည်။ ခြောက်လုံးပြူးသေနတ် ကျည်ဆန့်အိုးလို အပေါက်ကလေး ခြောက်ပေါက်ပါသည့် ရှည်ရှည်ဖြူဖြူ အချောင်းကလေးများသာ။ အစွယ်လိုဖြူဖွေးနေသောကြောင့် ကြာစွယ်ဟုခေါ်ခြင်း ဖြစ်မည်ထင်သည်။ ထိုကြာစွယ်များကို အကွင်းလိုက် လှီးဖြတ်လက်စတွေ့ရသည်။ အဖတ်ကလေးများကို ကောက်ကြည့်လိုက်သောအခါ ကောင်မလေးတွေ အင်္ကျီက ဓာပန်းပေါက်ကလေးများ ဖော်ထားသလို ကြည့်၍အလွန်လှသည်။

'အဲဒီ ကြာစွယ်တွေက မြွေအစွယ်လို အဆိပ်တက်တတ်သလား ဟင်'

မသိမေး၊ မစင် တစ်သျှူးစက္ကူနဲ့သုတ် ဟူသည့် စကားအတိုင်း ဒိုးဒိုးဒေါက်ဒေါက် မေးမြန်းလိုက်မိသည်။

အဘွားကြီးက မျက်မှောင်ကြုတ်ကြည့်ကာ...

'ဟဲ့... ကြာစွယ်ဆိုတာ စားရတဲ့ဥစ္စာကွယ့်၊ အကောင်ကရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အစွယ် မဟုတ်ဘူး၊ ကြာပင်က ရတဲ့ဥစ္စာ၊ ကြာရိုးကြာစွယ်ဆိုတဲ့ စကားများ မကြားဖူးဘူးလား'

ဟု ပြောလိုက်သော အဘွားကြီး၏ စကားကြောင့် ကျွန်တော် ဇက်ပုသွားရသည်။

'ဟုတ်တယ်၊ ကြာစွယ်ကို ရေနွေးနဲ့ပြုတ်ပြီး ထန်းလျက်နဲ့ ယို ထိုးစားရတယ်'

ကိုစံတုတ်ကပါ အဘွားကြီးကို မျက်နှာလို မျက်နှာရ ဝင်ပြောပြန် သေးသည်။

'နေပါဦး... ဒီသူငယ်က ရန်ကုန်ကလာတဲ့ ဧည့်သည်မဟုတ် လား စံတုတ်ရဲ့'

'ဟုတ်ကဲ့... ကျွန်တော့်ဧည့်သည်ပါ ခင်ဗျာ'

ကျွန်တော်က ဝင်ဖြေလိုက်သည်။ ကိုစံတုတ်က...

'မြင်တယ် မဟုတ်လား၊ အိမ်ထဲက အိမ်ပြင်မထွက်တဲ့ အဘွား ကြီးက သိနေတယ်၊ ဒါ မှော်လုံးကြီးထဲမှာ ကြည့်လိုက်တာနေမှာ'

ဟု ပြောသဖြင့်...

'ဟာ... ကိုစံတုတ်ကလည်း မဟုတ်တာတွေတွေးပြီး မကြောက် စမ်းပါနဲ့၊ ရွာဆိုတော့ တစ်ယောက်စကား တစ်ယောက်နားနဲ့ ကြားထားပြီး သိနေတာ နေမှာပေါ့'

ဟု ကျိတ်၍သဘောပေးရသည်။

'စားစရာဆိုလို့ အခုမှ သတိရတယ်၊ မင်းတို့ကို ငါ ဘာမှ မတည်ခင်ရ၊ မကျွေးရသေးပါလား'

'ရ... ရပါတယ် ဒေါ်ဒေါ်၊ မစားတော့ပါဘူး'

ကိုစံတုတ်က စားရမှာကြောက်၍ ဖွတ်ငြင်းလိုက်သည်။ သို့သော် အဘွားကြီးက စေတနာတွေ ရက်ရက်ရောရောဖြင့် ကန်စွန်းဥပြုတ်တွေ လာချပေးသည်။ ဆီပန်းကန်နှင့် ဆားပန်းကန်ကလေးကိုလည်း ကန်စွန်းဥ နှင့် တို့စားရန် ချပေးသည်။



'ကဲ... ကဲ... ရေနွေးလည်းသောက်၊ ကန်စွန်းဥလည်း စားကြ ဦး၊ ငချိတ်သီးကလေးတွေ ချိုတယ်'

'ဟုတ်ကဲ့'

အစားအသောက်နှင့်တွေ့လျှင် လက်မနေးတတ်သော ကျွန်တော် က ကန်စွန်းဥတစ်ဥကို ကောက်ကိုင်လိုက်ရာ ကိုစံတုတ်က ကျွန်တော့်လက် ထဲမှ ကန်စွန်းဥကို နည်းနည်းဖွဲ့ယူကာ လွှင့်ပစ်လိုက်သည်။

'ဘာဖြစ်လို့ လွှင့်ပစ်တာလဲ'

'ရှူး... တိုးတိုး၊ အဘွားကြီး ကြားသွားမယ်၊ အဲဒါ မပြုစားနိုင် အောင် လုပ်တာ၊ ပါးစပ်က (ဒါမှမဟုတ်) စိတ်ထဲက နင့်ဒဏ်နင်ပြန်လို့ ဆိုရသေးတယ်'

အယူလွဲမှားမှုတို့ကြောင့် တစ်ဖက်သား၏စေတနာကို စော်ကား သလို ဖြစ်နေရသော တောသူတောင်သားတို့၏ ဓလေ့စရိုက်ကြောင့် စိတ် မကောင်း ဖြစ်ရပြန်သေးသည်။ လူကသာ စိတ်မကောင်းဖြစ်ရပေမယ့် ပါးစပ်ကတော့ စားကောင်းလှသည်။ ခဏချင်းမှာပင် ကန်စွန်းဥကလေး အခွံသင်ပြီး ဆီပန်းကန်ထဲ တို့လိုက်၊ ဆားပန်းကန်ထဲတို့လိုက် ထပ်ခါခါ ကိုက်စားလိုက်၊ ရေနွေးကလေးတစ်ငုံ သောက်လိုက်နှင့် ကန်စွန်းဥနှစ်လုံး ပင် ကုန်သွားပြီ ဖြစ်သည်။

ကိုစံတုတ်ကတော့ ကန်စွန်းဥကို မစားကောင်းသည့် အသီးပမာ ယောင်လို့ပင် မတို့။ မစားတော့ ငတ်ရုံပေါ့။ စားလိုက်သည့် ကျွန်တော် ကတော့ ဗိုက်ပြည့်သွားရသည်။

ဘယ်ပညာရှိက ပြောခဲ့သည်မသိ။ အစားကောင်းစားနေချိန်တွင် ချစ်သူကို သတိရတတ်သည်တဲ့။ ကျွန်တော်ကတော့ စားသောက်လို့ ဗိုက် ကလေးဝကာမှ သူမကို သတိရလိုက်သည်။

'ဖြူစန္ဒာကြည်ရော မတွေ့ပါလား ကိုစံတုတ်ရဲ့'

'နေပါဦး... ကျုပ် အခြေအနေကြည့်ပြီး မေးပါ့မယ်'

ဤသို့ နှစ်ယောက်သား တွတ်တွတ်နှင့် ပြောနေစဉ်...

www.burmeseclassic.com

www.burmeseclassic.com



'ပြောပါဦး… မင်းတို့က ဘာကိစ္စနဲ့ လာကြတာတုံး'

အဘွားကြီးအမေးစကားကြောင့် ကျွန်တော်တို့နှစ်ယောက်မှာ ရေလိုတုန်း မြောင်းကျိုးကျသလို ဖြစ်သွားရသည်။

'ဟောဒီက မြို့သားက အဲ… ကိုသုနန္ဒစံက မဖြူကို ကျေးဇူး တင်လွန်းလို့ လာတွေ့တာပါ'

'အလိုတော်… ဘယ့်နှယ်ပါလိမ့်'

အဘွားကြီး၏ မျက်လုံးပြူး၊ မျက်ဆန်ပြူးနေပုံကြောင့် ကိုစံတုတ် နှုတ်ဆွံ့နေပြန်သေးသည်။

'ပြောပါ ကိုစံတုတ်ရဲ့၊ ရဲရဲပြောလိုက်စမ်းပါ'

ကျွန်တော်က တင်ပါးကိုကုတ်၍ တွန်းအားပေးလိုက်မှ…

'ဒီ… ဒီလိုပါ၊ အား… ယားတယ်'

'ဘာ…'

အားမလို အားမရနှင့် တင်ပါးကို ဖွတ်တို့ပေးနေမိသော ကျွန်တော့်ကြောင့် ကိုစံတုတ် တင်ပါးတွန့်သွားကာ ပါးစပ်က လွှတ်ခနဲ အော်မိခြင်း ဖြစ်သည်။ ဖြစ်ချင်တော့ ကိုစံတုတ်ကလည်း ဒူးတစ်ဖက်ထောင်ပြီး ထိုင်နေပြန်၊ ကျွန်တော့်လက်ကလည်း မိန်းကလေးသာဆို အလျော်ပေးရမည့်လက် ဆိုတော့ ဘယ်ကို ဘယ်လိုသွားပြီးတို့မိတယ် မသိပါဘူး။

'ဟဲ့… ဟဲ… ကျွန်တော်က အခုမှ လယ်ပြင်က မြက်ရိတ်ပြီး ပြန်လာခဲ့တာဆိုတော့ ပုဆိုးမလဲခဲ့မိတာနဲ့ ယားယံနေတာပါ၊ ဟဲ… ဟဲ…'

ဆင်ခြေကောင်းလို့သာ တော်တော့သည်။

'ဟဲ… ဟဲ… ခုနကစကား ဆက်ရရင်…'

'ဘာမှ ခုနကစကား ဆက်မနေနဲ့၊ ငါက ပါးစပ်ဟလိုက်တာနဲ့ ဗိုက်ထဲမှာ အူဘယ်နှခွေရှိတယ်ဆိုတာကအစ သိတယ်'

'ခင်ဗျာ…'

အဘွားကြီးစကားကြောင့် ကိုစံတုတ် လန့်သွားသည်။

'မောင်စံတုတ် ရှုတ်ရှုတ်မလုပ်နဲ့၊ ငါ့ကို ဘာကောင်မ အောက်မေ့



နေသတုံး၊ ဟင်း… ငါ့အကြောင်း သိသွားချင်သလား'

'မသိချင်ပါဘူး ခင်ဗျာ၊ ကြောက်ပါတယ်'

'အေး… ဒါဆို ကောင်းကောင်းနေ'

ကြောက်မှန်းသိ၍ အဘွားကြီးက ဖြဲခြောက်နေပြန်သည်။

ကိုစံတုတ်သာ ဆတ်ဆတ်တုန်အောင်ကြောက်နေပေမယ့် ကျွန်တော်ကတော့ မကြောက်ရေးချ မကြောက်။

'ငါက အကောင်းလာကြတာမှတ်လို့ ကောင်းကောင်းမွန်မွန် ဆက်ဆံနေတာ'

'ကျွန်တော်… ကျွန်တော် ပြောပြပါဦးမယ် ဒေါ်ဒေါ်'

'လာပါ မြို့သားရယ်၊ ပြန်ကြရအောင်ပါ'

ကိုစံတုတ်က ကျွန်တော့်လက်ကို ဆွဲခေါ်ရင်း ခြေလှမ်းပြင်နေသည်။

ကျွန်တော်ကတော့ လွယ်လွယ်နှင့် လမ်းမဆုံးချင်။

ရိုးလွန်းတော့ ရိုင်းသည်ဟူသော စကားအတိုင်းပင်လော မသိ။ ကျွန်တော်တို့က ဘာမျှ လွန်လွန်ကျူးကျူးမပြောမိဘဲ ဇွတ်အတင်း ခွေးမောင်း၊ ဝက်မောင်း နှင်အထုတ်ခံရခြင်းကို ဘဝင်မကျလှ။

နည်းနည်းတော့ စောဒကတက်ကြည့်ချင်သေးသည်။

'ဒီလိုပါ ဒေါ်ဒေါ်'

'ဟော့… ဒီလိုပါ၊ ဟိုလိုပါတွေ လာပြောမနေနဲ့၊ မင်းတို့ ပြန်မလား မပြန်ဘူးလား၊ ဒါပဲပြော'

အဘွားကြီး၏ ဒေါသနှင့်အသံက ပါဝါမြင့်လာသည်။

ကျွန်တော်ကလည်း ဘူးဆို သခွားမသီးတတ်။

'မပြန်ပါရစေနဲ့ဦး ဒေါ်ဒေါ်'

'အေး… ငါ့အကြောင်း သိကြရောပေါ့၊ မှဆိုးမဆိုပြီး အထင် သေးနဲ့၊ အကဲစမ်းချင်တဲ့ သေနာကလေး၊ ကဲ…'

… လက်ကိုဆွဲယမ်းလိုက်ရာ လက်ထဲတွင် တောင်ဝှေး

www.burmeseclassic.com



တစ်ချောင်း ပါလာသည်ကို တွေ့လိုက်ရသည်။ (မှော်အစွမ်း၊ ကဝေအစွမ်း မထင်လိုက်ပါနဲ့၊ အိမ်ခါးပန်းတွင်ထိုးထားသော တောင်ဇေးကို လက်လှမ်း ယူလိုက်ခြင်း ဖြစ်ပါသည်။)

'အိုဇာတဲ့… တစ်ဇာတည်းရှိတယ်၊ ကဲ… လာလေရော'

'ဝိုး… ဝိုး… ဝိုး…'

တောင်ဇေးသည် လေထဲတွင် ချာလပတ်ယမ်းလျက် ကျွန်တော် တို့ဆီ လာနေသည်။

'မြို့သားရေ… ပြေး… ပြေး… ပြေးနိုင်မှလွတ်မယ်'

ဒီတော့မှ ကျွန်တော်လည်း လူကိုမကြောက်ပေမယ့် တောင်ဇေး ကို ကြောက်ရ၍ နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဟု စိတ်ထားကာ ကိုယ့်တင်ပါးကိုယ် ဖနောင့်နှင့်ပေါက်ကာ ပြေးခဲ့ရတော့သည်။



နဂိုကမှ စိတ်မဆိုးသည့် ကျွန်တော်

အခုလို

အပြုံးချိုချို၊ အပြော ချိုချိုကလေးနှင့်

တောင်းပန်လိုက်တော့

ဖယောင်းတိုင်ကို မီးထဲထည့်ဖုတ်သလို

တွန့်လိမ်ကောက်ကွေး

အဲလေ… အရည်ပျော်သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

**— ၉ —**

သနပ်ခါးရနံ့ကလေး ရှူရှိုက်မိရ၊ အသံကလေး ကြားမိရုံနှင့် ကျွန်တော့်မှာ ဖြူစန္ဒာကြည်ဟူသည့် ကောင်မလေးကို တွေ့ချင်မြင်ချင်စိတ်တို့က အိမ်မြှောင်အမြီးပြတ်လို ဆတ်ဆတ်ခုန်နေသည်။

ကိုစံတုတ်ကတော့ သည်အကြောင်းကို စကားစပ်၍ပင် မရတော့။

ကျွန်တော့်ဘာသာကျွန်တော်ပင် ကြိုးစားရတော့မည်။ မတတ်သာသည့်အဆုံးမှာတော့ အတ္တာဟိ အတ္တနော နာထော ဟူသည့်အတိုင်း ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ရာဟူ၍ သဘောထားရာ ကိုယ့်လမ်းကိုယ်ဖောက်ရတော့သည်။

လေအလာကို ရေသာခိုပြီး မစောင့်ချင်တော့။ ကိုယ့်နှလုံးသား၊ ကိုယ့်အတောင်ပံတပ်ကာ အတောင်ပံပါရင် မင်းဆီကို လုပ်ရတော့သည်။

ကိုယ်လာပြီ ပါးကွက်ကျားမလေးရေ။

ကိုစံတုတ် လယ်ထွန်သွားရာသို့ လိုက်မသွားဘဲ တမင်ချန်နေခဲ့သည်။ နောက်ပြီးမှ ဟိုတစ်ခါသွားဖူးသည့် တောလမ်းကလေးအတိုင်း ပါးကွက်ကျားကလေး၏ လယ်ခင်းဆီသို့ သုတ်ခြေတင်ခဲ့ရသည်။

လက်ထဲမှာတော့ ခွေးမောင်းရန်အတွက်လည်းကောင်း၊ ပါးကွက်ကျားကလေးကို လက်ဆောင်ပေးရန်အတွက်လည်းကောင်း တစ်ချက် ဟိ



နှစ်ချက်ပြတ်သည့် တူးအင်ပမ်း သနပ်ခါးတုံးတစ်ချောင်း ကိုင်လာခဲ့သည်။ သိခဲ့ကြသည့်အတိုင်းပင် ဒီသနပ်ခါးတုံးကလည်း နှယ်နှယ်ရရ မဟုတ်။ ရာဇဝင်ကလေးနှင့်လေ။

မျက်စိလည် လမ်းမှားသွား၍ လမ်းမှာတွေ့သူ တစ်ဦးစ၊ နှစ်ဦးစကို မေးမြန်းရသည်မှအပ ပါးကွက်ကျားကလေး၏ စိုက်ခင်းဆီသို့ ချောချောမောမော ရောက်သည်။

ဒီတစ်ခါတော့ ဇော်ခွေးကြီးကလည်း ကျွန်တော့်ကို ကြောက်သွားပြီထင်သည်။ တာဝန်နှင့် ဝတ္တရားအရသာ အနည်းငယ်ဟောင်ပြီး ခပ်ဝေးဝေးသို့ ရှောင်နေသည်။ အလိုက်သိတတ်လိုက်သည့် ခွေးကလေး။

'သြော်… ရှင်ကိုး'

သူမက ကျွန်တော့်ကိုကြည့်ကာ အံ့သြတကြီး ရေရွတ်သည်။

'ရှင်ကိုး မဟုတ်ပါဘူး၊ သူနန်းစံပါ'

'ဒီနေ့တော့ ခေါင်းကို ဘူးသီးခြောက် မစွပ်တော့ဘူးလား'

ပြုံးရယ်လျက်မေးလာသော သူမ၏အမေးကို ကျွန်တော်က စပ်ဖြီးဖြီးလုပ်ကာ ဖြေလိုက်ရသည်။

'တစ်ခါခံရဖူးတော့ ဝါးရင်းတုတ် ဘယ်လောက်မာတယ်ဆိုတာ သိနေပါပြီ၊ ဟီး… ဟီး…'

'ဒါ ကျွန်မကြောင့်ဖြစ်ရလို့ စိတ်မကောင်းပါဘူးရှင်၊ တကယ်ပါ၊ မနေ့က ရှင် သက်သာရဲ့လားလို့ အိမ်ကို လာကြည့်မလို့ပါပဲ၊ ဒါပေမဲ့ အိမ်ကို ရှင်တို့ရောက်လာတာနဲ့ မလာဖြစ်တော့တာပါ'

သူမ၏စကားကြောင့် ကိုယ့်နဖူးကိုယ် ပြန်ရိုက်လိုက်မိသည်။

'သေဟဲ့… နန္ဒိယ၊ ဒီလိုမှန်းသိရင် ပြဿနာအဖြစ်ခံပြီး ဆီလိုရေလို အပေါက်ရှာပြီးမလာဘဲ အိမ်ကနေ စောင့်နေပါတယ်ဗျာ'

'ရှင်… ဘယ်လို'

'သြော်… မနေ့က ယောဒီ မဖြူစန္ဒာကြည်တို့အိမ်ကို ကျွန်တော်တို့လာကြတော့ ဘွားတော်ကြီးနှင့် ပြဿနာဖြစ်တာ ကံကောင်းလို့ တောင်

www.burmeseclassic.com



ဝေးစာမမိတာလေ'

'အဲဒီအတွက်လည်း ကျွန်မက တောင်းပန်ပါတယ်ရှင်၊ အမေက
အဲဒီလိုပဲ၊ သူ သဘောကောင်းချင်မှရင် လွှတ်သဘောကောင်းပြီး ဆိုးချင်ရင်
သိပ်ဆိုးတာ'

'ရပါတယ်၊ ကျွန်တော်က စိတ်မဆိုးတတ်ပါဘူး'

နဂိုကမှ စိတ်မဆိုးသည့် ကျွန်တော်။ အခုလို အပြုံးချိုချို၊ အပြော
ချိုကလေးနှင့် တောင်းပန်လိုက်တော့ ဖယောင်းတိုင်ကို မီးထဲထည့်ဖုတ်
သလို တွန့်လိမ်ကောက်ကွေး၊ အဲလေ… အရည်ပျော်သွားရတော့သည်။

'ရှင့်တို့လုပ်ပုံကြောင့် ကျွန်မကိုတောင် အမေက စစ်ဆေးမေးမြန်း
ပြီး မသင်္ကာဖြစ်နေသေးတယ်'

သူမကို သနားသွားရသည် မှန်ပေမယ့် ဒီအတွက်တော့ ကျွန်တော်
မတောင်းပန်ချင်။ အဘွားကြီးကို နားဖောက်ပြီးသားရတာပေါ့ဟု ကျေနပ်
တင်မိသည့်အပြင် သူမအပေါ် ကျွန်တော်က မရိုးသားကြောင်းကိုလည်း
တစ်စွန်းတစ်စ ဝန်ခံထားသလိုဖြစ်၍ပင် နေသေးသည်။

'မဖြူစန္ဒာကြည်အမေက ဘာတွေမေးလို့လဲ'

သူမကို ကျွန်တော် တမင်မေးလိုက်ခြင်းဖြစ်သည်။ သမီးပျိုကို
တွန့်တိုစရာမဟုတ် တွန့်တိုတတ်သော မိခင်တစ်ယောက်အဖို့ သူ့သမီး
ယောကျ်ားကလေးတစ်ယောက်နှင့် မသင်္ကာဖြစ်လျှင် (သို့မဟုတ်) မလိုလား
မနှစ်မြို့နိုင်သည့် အခြေအနေကိုမြင်လျှင် သမီးဖြစ်သူအား မည်သို့သော
မေးခွန်းမျိုး မေးမည်၊ မည်သို့ ကြိမ်းမောင်းမည်၊ မည်သို့ ခြိမ်းခြောက်
တားမြစ်မည်ဆိုတာ ကျွန်တော် တွက်မိပြီးသားဖြစ်သည်။

သူမက လက်ပခုံးကလေးတွေကို လက်မကလေးနှင့် တွန်းတွန်း
ပွတ်သပ်ရင်း မရေမရာဖြေသည်။

'ဒီလိုပဲပေါ့'

ဘယ်လိုပါလိမ့်။ အဲ… အဲဒီ ဘယ်လိုပါလိမ့်ဆိုတာ သူမအဖြေ
ကို နားမလည်၍ မေးခွန်းထုတ်သည့် အတွေးမျိုး မဟုတ်ပါ။

သူမနှင့် ကျွန်တော်၏ အခြေအနေကို ဖျတ်ခနဲတွက်ဆမိပြီး စိတ်
ထဲတွင် အံ့သြစွာ တွေးမိခြင်းဖြစ်ပါသည်။

ဟုတ်သည်။

စိစစ်ကြည့်လျှင် သူမနှင့် ကျွန်တော်တို့ ယခုဆုံတွေ့မှုက အံ့သြဖို့
ကောင်းနေသည်။ သူမကို ဟိုတစ်နေ့က ဆုံတွေ့ခဲ့ရပေမယ့် ဘူးသီးခြောက်
ခွံ ခေါင်းမှာစွပ်ထားခဲ့မိ၍ မျက်နှာကို မမြင်ဖူး၊ မတွေ့ဖူးခဲ့။ အခုမှ
သူမကို မြင်ဖူး၊ တွေ့ဖူးခြင်း ဖြစ်သည်။ သို့သော် ကျွန်တော့်စိတ်ထဲတွင်
သူမကို အရင်တုန်းကတည်းက သိကျွမ်းထားသူတစ်ယောက်ပမာ ရင်းနှီး
နေမိသည်။

နောက် သူမနှင့် ကျွန်တော့်ကို ဘယ်သူကမှ မိတ်ဖွဲ့ပေးတာ
မဟုတ်။ ကျွန်တော်နှင့် သူမ နှစ်ဦးစလုံးကလည်း ကျွန်တော် ဘယ်သူပါ၊
ကျွန်မ ဘယ်သူပါဟူ၍ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တာလည်း မရှိ။

သို့သော် သူမကို ကျွန်တော် သိပြီးဖြစ်သလို ကျွန်တော့်ကိုလည်း
သူမက သိပြီးဖြစ်နေသည်။ ထားပါတော့… ဒါက လူနေမှုမရှုပ်ထွေးသော
ဘူးလက်တောရွာမှာမို့ မဆန်းဘူးဟု ပြောလို့ရသည်။

ဆန်းတာက သူမနှင့် ကျွန်တော် အခုလို တစ်ယောက်နှင့်တစ်
ယောက် ဆုံတွေ့ပြီး ပထမဦးဆုံးအကြိမ်အဖြစ်ဖြင့် စကားပြောနေရသည်မှာ
နှစ်ဦးစလုံး၏အမူရာတို့၌ အိုးတို့အမ်းတန်း မဖြစ်မိကြဘဲ သာမန် ပူရှိန်း
ထိတ်ဖို ခံစားချက်လောက်သာ ရှိနေရသောအဖြစ်။

ဒါ နှလုံးသားချင်း ရင်းနှီးမှု၊ စိတ်ချင်းဆက်သွယ်ထားမှုတို့ကြောင့်
ပင် ဖြစ်လိမ့်မည်။

ဘဝ… ဘဝ… တို့က ဖူးစာအထုံကြောင့်လား။

ရေးကရေစက် ပန္နက်ဖူးသည့် သစ္စာကြောင့်လား။

ဖူးစာရေးနတ်က သူမနဖူးမှာ ကျွန်တော့်နာမည်…

ကျွန်တော့်နဖူးမှာ သူမနာမည်… အဲဒီလို ဖူးစာရေးပေးလိုက်လို့
များလား။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှာပါလေ။

ကိုယ်လိုရာ ကိုယ်ဆွဲတွေးပစ်လိုက်သည်။

ဒါပဲပေါ့။

အတွေးဆိုတာ ကိုယ်လိုရာ ကိုယ်ဆွဲတွေးလို့ ရတာကိုး။ အိပ်မက်ဆိုတာကမှ မလိုချင်တာတွေ၊ မဖြစ်ချင်တာတွေ မက်ချင် မက်တတ်သေးသည်။ သို့သော် အိပ်မက်မက်နေတာကို လူမမိနိုင် (ယောင်ပြီး ထမအော်တတ်ရင်ပေါ့)။ အတွေးလွန်နေရင်တော့ လူမိသွားနိုင်သည်။

'တွေးလှ၊ ငေးလှချည်လား၊ ဘာလဲ… မြို့ကရည်းစားကို လွမ်းနေပြီလား'

တရင်းတနှီး ပြောလိုက်သည့်အပြော။

'မြို့မှာသာ ရည်းစားရှိရင် ဒီကို ဘယ်လာနေပါ့မလဲ၊ ကျွန်တော်က ချစ်သူရှိရာအရပ်ကို တစ်ဖဝါးမှ ခွာချင်တဲ့ကောင် မဟုတ်ဘူး၊ အခုဆိုဟောဒီရွာက ပြန်သွားပါလို့ပြောပြီး ကုတ်နဲ့ကော်ထုတ်တောင် မပြန်ချင်တော့ဘူး၊ ကျွန်တော် ချစ်ရမယ့်သူက ဒီရွာမှာ တွေ့ထားပြီလေ'

'အို… ဟုတ်လား၊ ဘယ်သူလဲဆိုတာ ဒီကိုပြောထားဦးနော်၊ ဒါမှ တို့ယောက်မက ချောလား မချောလား သိထားရမှာ'

သိသိကြီးနှင့် သူမဘက်လှည့်လာသည့် မြားဦးကို လမ်းလွှဲသည့်ပုံစံမျိုးနှင့် ပြောသည်။ သူမ၏ပုံစံက တကယ်မသိ၍ ပြောနေသည့် ပုံစံ မှုကိုလည်း လုံးလုံးလျားလျား မရောက်၊ စကားမြားချက်ကိုလည်း တည့်တည့်မစူးစေချင်သည့် ပုံစံ။

သူမ၏ မျက်ဝန်းများကို စူးစူးစိုက်စိုက် ကြည့်ပစ်လိုက်သည်။ ရယ်ဟဟကလေး ပြုံးကြည့်ကာ နှာခေါင်းကလေးရှုံ့ပြပြီး မျက်နှာလွှဲလိုက်သည့် သူမ၏ပုံစံကလေးက အသည်းကို ကလိထိုးပေးသလို ယားကျိယားကျိ ဖြစ်စေသည်။

ကြည့်စမ်း… ဘယ်လောက်များ ဆွဲဖက်နမ်းချင်စရာကောင်းလိုက်တဲ့ ကောင်မလေးလဲလို့။ စိတ်ကိုသာ ဇက်ကုန်လွှတ်ပေးလိုက်ရလျှင် သူမ



ါးပြင်ပေါ်မှာ အနမ်းတွေ မိုးလုံးပြည့်သွားနိုင်သည်။

လှလိုက်တာဟု အသံထွက် ရေရွတ်ချင်မိလောက်အောင် လှသည့်သူမပါ။

သနပ်ခါးပါးပါးကလေး လိမ်းထားသည့်အောက်မှာ ရွှေရောင်ဝင်းသည့်နေသည့် အသားအရေ။ ဒီလို ရွှေရောင်အသားအရေမျိုးက ရှားသည်။ ညီသာလှပစွာ သွယ်တန်းနေသည့် သွားပုလဲသွယ်တို့အပေါ်မှာ အငွေ့အရိုက်ုပကျနစွာရှိနေသည့် နှင်းဆီသွေး လေးကိုင်းနှုတ်ခမ်းမှ အပြုံးတွန့်ကလေးပဲ မြင်ရတော့မလိုလို၊ ရယ်သံကလေးပဲ လွင့်ဝဲကျတော့မလိုလို။ အရည်မ်းလဲ့တောက်ပနေသည့် မျက်ဝန်းအစုံကိုတော့ ခေါင်းငုံ့ထားပြီး ကိုင်းပင်ပြီးတွေလို ရှည်လျားသည့် မျက်တောင်များက ကွယ်ထားသဖြင့် မြင်တွေ့င်မရ။

ငှက်ခါးတောင် (အဲ… အဲလေ… ထန်းရည်နဲ့ မှားသွားလို့)။ … စင်ရော်တောင်ဟု တင်စားလေ့ရှိသည့် မျက်ခုံးနှစ်ဖက်အကြားမှတ်ခမ်းပေါ်သို့ သွယ်ဆင်းသွားသော နှာတံက တောင်ရိုးလို အတွန့်ခေါက်မရှိ၊ ချောမောပြေပြစ်ပြီး မကြီးလွန်း မငယ်လွန်းဘဲ မျက်နှာနှင့်ိုက်ဖက်ညီလှသည်။

မဟာဆန်သည့် နဖူးပြင်ပေါ် ဝဲကျနေသည့် ဆံနွယ်နုနုကလေးများက ကပိုကရို လှနေစေသည်။ ပြီးတော့ နားသယ်စပ်မှာကျနေသည့် ်မြိတ်ကလေးတွေကလည်း တိုလွန်း၊ ပါးလွန်းခြင်းမရှိ လှပနေသည်။ ဒီနားသယ်စကလေးကို ဆတ်ခနဲဆွဲကြည့်ရရင် ဘယ်လိုနေမလဲ မသိဘူး၊ ဟီး… ဟီး… ဆွဲကြည့်ချင်စရာကလေး)

စက်ပစ္စည်းကိရိယာ အကူအညီမပါဘဲ နဂိုဖြောင့်စင်းနေသည့် ပင်များက ကျက်သရေအရှိဆုံး၊ အလှပဆုံးဟု ထင်မိသည်။ ဆံပင်တို့ကို ျပ်ထားသည့် ကလစ်ကလေးကြားထဲမှာတော့ နှင်းဆီဖြူတစ်ပွင့်ကန့်သား ရှိနေသည်။

'ဟော… လူကို ဘာလို့ ဒီလောက်ကြည့်နေရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



မနေတတ်သလိုဖြစ်လာပြီး သူမက မေးသည်။ ရှင်းရှင်းပင် 
လိုက်ပါသည်။

'လှလို့...'

'ဟယ်... ဟုတ်လား၊ ဒီက လှတယ်ပြောရင် ဘဝင်မြင့်တ
တယ်နော် မောင်'

သူမက အမှတ်တမဲ့ လွှတ်ခနဲ ဒေသသုံးစကား 'မောင်' 
ထည့်ပြောလိုက်သည်။

'ဘာ... မောင်လို့ခေါ်လိုက်တယ်၊ ဟုတ်လား'

'အောင်မယ်... အောင်မယ်... ကိုလူလည်၊ အဲဒီလိုခေါ်တာ
ရုပ်မလေ့ ရွာမလေ့ အာလုပ်စကားသဘောမျိုးနဲ့ ခေါ်တာ၊ ရုပ်ရှင်
ဝတ္ထုတွေထဲကလို၊ ပြောရရင် ရှင်တို့မြို့က သမီးရည်းစားတွေခေါ်
အဓိပ္ပာယ်နဲ့ ခေါ်တာမဟုတ်ဘူးရှင့်၊ သိရဲ့လား'

'သိဘူးလေ၊ ဒီလိုခေါ်တာလားလို့'

စပ်ဖြီးဖြီးလုပ်နေလိုက်ရသည်။ သူမက မျက်စောင်းကလေး 
ခနဲ လှမ်းထိုးသည်။ ရင်ထဲကို ဒိုင်းခနဲ ထိသွားသည်။

'ဟွန်း... သူနော်၊ လူလည်မကျနဲ့၊ ဒီက သူ့ကို ရိုးရိုးသား
ခေါ်လိုက်တာ၊ မောင်ဆိုတာက ယောကျ်ားကလေးကို ကိုယ်စားပြု
လူငယ်တွေကို ကိုယ်စားပြုတဲ့ နာမ်စား၊ သိရဲ့လား'

'ဟုတ်ကဲ့ပါ မရယ်'

'ဘာ မ,လဲ'

သူမက လက်သီးကလေးဆုပ်ကာ ရန်တွေ့သည်။ အဲဒီ လ
ဆုပ်နုနုရွရွကလေးနှင့် နှလုံးသားကို ထုစေချင်သည်။ (မနာအောင် ရ
ကောင်းရုံလောက်ပဲ ထုပေါ့နော်။)

'မောင်လို့ခေါ်တော့ ဒီကလည်း 'မ' လို့ခေါ်မှ လိုက်ဖက်ညီမှာ
မ,ဆိုတာ မိန်းကလေးရဲ့ သင်္ကေတပဲလေ၊ ဟဲ... ဟဲ...'

'လူလည်ကျတယ်နော်၊ ဟင်း...'



နှစ်ဦးသား ပျော်ရွှင်လွတ်လပ်စွာ ရယ်မောလိုက်ကြသည်။

ကျွန်တော် သူမနှင့် ဆုံတွေ့ရခြင်းသည် ကံကောင်းခြင်းပင် ဖြစ်
သည်ဟု ယူဆလိုက်သည်။

ပီဘိတောသူကလေးပေလို မရိုးလွန်း၊ မအလွန်း၊ မခေလွန်း၊
မထုံလွန်း။ မြို့သူ ပျို့လွှားမကလေးတွေလိုလည်း မလည်လွန်း၊ မချွန်လွန်း၊
မယဉ်လွန်း၊ မရိုင်းလွန်းသည့် ဟန်ပန်အသွင်နှင့်။

ကောက်စိုက်၊ ကောက်ရိတ်သွားမည့် လယ်သူမများကဲ့သို့ သနပ်
ခါးကို ထူလပျစ်ကြီး (ပဲဟင်းအိုးထဲ ဓောက်ထိုးချခဲ့သလို) ဖွေးဖြူနေအောင်
မလိမ်း။ မျက်နှာပြောင်လည်း မတိုက်။ (အဲလေ... ဟုတ်ပါဘူး၊ အဓိပ္ပာယ်
တွေ လွဲကုန်ပြီ)။ သနပ်ခါးမပါသည့် ဗလာမျက်နှာမျိုးလည်း မဟုတ်။
နုညက်နေအောင် သွေးထားသည့် သနပ်ခါးရေကျဲ ပါးပါး၊ ပါးကွက်ကျား
ကျားကလေးနှင့် သူမ၏အလှသည် ကျေးလက်နှင်းဆီ။

သင်းပျံ့နေသည့် သနပ်ခါးရနံ့ထဲတွင် ဓာတုပစ္စည်းတို့၏ ရနံ့တို့
ရောနှောပါဝင်နေခြင်း မရှိ။ ပကတိ သဘာဝရနံ့ လွင်လွင်ကလေး။

ဒီတောမှ ယူလာသည့် သနပ်ခါးတုံးရှည်ကို သတိရသည်။

နောက်ကျောဘက်မှာ ချထားသော သနပ်ခါးချောင်းကိုယူကာ
သူမကို ပေးလိုက်သည်။

'ရော့...'

'ဝါးရင်းတုတ်နဲ့ ရိုက်မှာကြောက်လို့ သနပ်ခါးတုံးနဲ့ပဲ ရိုက်ရဖို့
လား'

သူမက ပြုံးစစဖြင့် ပြောသည်။

'ကျွန်တော့်ခေါင်းကို ရိုက်လိုက်ရင် သနပ်ခါးတုံးတန်ဖိုး လျော့သွား
မှာပေါ့၊ မ,ရဲ့ပါးမှလိမ်းမှ သနပ်ခါးတုံးက ဂုဏ်တက်မှာ၊ တန်ဖိုးရှိမှာပေါ့'

ကျွန်တော့်အပြောကြောင့် သူမရယ်ကာ ပခုံးကလေးကိုတွန့်ပြသည်။

'မြှောက်တော့ ပြောတတ်သားပဲနော်'

'ဟင့်အင်း... မြှောက်ပြောတာ မဟုတ်ပါဘူး၊ အရှိကို အရှိ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောတာပါ၊ မ,က သနပ်ခါးလိမ်းထားရင် အလွန်ကျက်သရေရှိတာ၊ ပိုပြီးတော့လည်း လှလာတယ်၊ ပါးကွက်ကျားပန်ထားတဲ့ ပါးပြင်ကလေးဟာ ရင်ကို အေးမြစေတယ်'

'ဘာတဲ့… ပါးကွက်ကျားပန်တဲ့ပါးပြင် ဟုတ်လား၊ တော်တော်စကား လှတယ်နော်၊ ကဗျာဆရာ လုပ်ပါလား'

'ဟင့်အင်း… ကဗျာဆရာတော့ မလုပ်ချင်ပါဘူး၊ ကဗျာတစ်ပုဒ်တော့ ရေးဖူးတယ်၊ မော်ဒန်ကဗျာဖြစ်အောင်ဆိုပြီး ရေးလိုက်တာ၊ အမြီးအမောက်မတည့်တဲ့ စကားလုံးတွေ လျှောက်တွဲ၊ ကပြောင်းတိ ကပြောင်းကပြန်တွေ လျှောက်ရေးလိုက်တာ၊ ရေးပြီးကာစကတော့ ဟုတ်သလိုလိုပဲ၊ နောက်တစ်လလောက်ကြာလို့ ကိုယ့်ကဗျာ ကိုယ်ပြန်ဖတ်ကြည့်တော့ ဘာတွေရေးထားမိမှန်း မသိတော့ဘူး၊ ကိုယ့်ဟာကိုယ်ကို နားမလည်တော့ဘူး၊ မမှတ်မိတော့ဘူး ဖြစ်သွားတယ်၊ ဟဲ… ဟဲ…'

သူမသည် အပါးမကလေး ဖြစ်သည်။

ကျွန်တော့်စကားကို နားထောင်ပြီး ပြန်ပြောလိုက်ပုံက…

'ဒါဆို သူက ခံစားချက်မစစ်မှန်လို့ မရိုးသားလို့ပေါ့၊ ကဗျာဆိုတာ ညာလို့ရတဲ့အရာမှ မဟုတ်တာ၊ စကားလုံးစတန့်ဟာ ကဗျာမဟုတ်ဘူးလေ၊ ခံစားချက်ကမှ ကဗျာ'

'ဟိုက်…'


သူမကို ဒီလောက်သိလိမ့်မည်ဟု ထင်မှတ်မထားခဲ့။

ဒီစကားတစ်ခွန်းနှင့်ပင် သူမကို လေးစားအထင်ကြီးသွားရသည်။

ပြီးတော့…. ပို၍ ပို၍ ချစ်သွားမိသည်။

အချစ်သည် စကားတစ်ခွန်း၊ အပြုအမူတစ်ချက်နှင့် ပိုတတ်လျှော့တတ်ပါသလား ပါးကွက်ကျားကလေးရေ။

စုန်းမတွေရဲ့ မျက်လုံးထဲကိုကြည့်ရင်
ကိုယ့်အရိပ်ဟာ
ဇောက်ထိုးထင်နေတယ်တဲ့၊
အခု ဖြူစင်နွာကြည်ရဲ့ မျက်လုံးထဲမှာတော့
အတည့်ထင်နေတာပဲ၊
သဘောကောင်းပြီး
သိမ်မွေ့နူးညံ့တဲ့သူဟာ
ဘယ်တော့မှ
စုန်း မဖြစ်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com

## - ၁၀ -

'မြို့သားတော့ မော်ဝင်သွားပြီထင်တယ်'

ကိုစံတုတ်က၊ ပြောသည်။

ကိုစံတုတ်စကားကို ကဗျာဆန်လိုက်တာဟု သွားပြီမထင်လိုက်နှင့်။ သူပြောသည့် မော်ဝင်တယ်ဆိုတာ ကျွန်တော် အပြုစားခံလိုက်ရပြီဟု ဆိုလိုခြင်းဖြစ်သည်။

ကျွန်တော့်အိတ်ထဲမှ နှင်းဆီပန်းကို ဆတ်ခနဲ လှမ်းယူလိုက်ကာ...

'သွားပြီ'

မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြင့် ရေရွတ်နေသော ကိုစံတုတ်၏ အမူအရာကို နားမလည်။

'ဘာဖြစ်လို့လဲ ကိုစံတုတ်ရဲ့'

'ဒီပန်းလေ၊ ဒီပန်း...'

ပန်းပွင့်ကို မျက်နှာရှေ့မှာ ထောင်ပြပြန်သည်။

'အင်းလေ... အဲဒီပန်း ဘာဖြစ်လို့လဲ'

'ဒါ ဖြူစန္ဒာကြည်ဆီက ရခဲ့တာ မဟုတ်လား'

'အင်းလေ...'

'အဲဒါကြောင့်ပေါ့၊ စုန်းမတွေဟာ မုန်းတဲ့သူကို ပန်းအနီပေးပြီး ပြုစားတတ်တယ်၊ ချစ်တဲ့သူကို ပန်းအဖြူပေးပြီး ပြုစားတတ်ကြတယ် မြို့သားရဲ့'



'စုန်းမတွေဟာ ချစ်ရင်လည်း ပြုစား၊ မုန်းရင်လည်း ပြုစားတတ်တာပဲလား'

'ဒါ ပေါ့ပေါ့တန်တန် သဘောထားမနေနဲ့ မြို့သားရဲ့၊ ဒီပန်းကို ပေးလိုက်တာဟာ မြို့သားကို ပြုစားတော့မလို့ပဲ'

'ဒီ နှင်းဆီပန်းအဖြူကြောင့်တော့ စိုးရိမ်မနေပါနဲ့ ကိုစံတုတ်ရယ်'

'ဘာဖြစ်လို့လဲ မြို့သားရဲ့'

'ဘာဖြစ်လို့လဲဆိုတော့ ဒီပန်းက သူပေးလိုက်တာ မဟုတ်ဘူး၊ ကလစ်ကနေ ပြုတ်ကျပြီးနေလို့ ကျွန်တော် ကောက်ယူလာတာ'

'ဟုတ်လား... ဒါဆို တော်သေးတာပေါ့ မြို့သားရယ်'

အခုမှ ကိုစံတုတ်အဖို့ နေသာထိုင်သာ ရှိသွားပုံပေါ်တယ်။ ထန်းလက်ကုလားထိုင်ပေါ်တွင် မှီလျက် အကျအနထိုင်ပြီး ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာနေတော့သည်။

'ဒေါ်အိုဇာရော၊ သူ့သမီးဖြစ်သူ ဖြူစန္ဒာကြည်ရော နှစ်ယောက်စလုံး စုန်းမ မဟုတ်ပါဘူး ကိုစံတုတ်ရဲ့'

'ဟေ...'

ကိုစံတုတ်က ကုလားထိုင်နောက်မှီပေါ် ခေါင်းတင်မှီတွဲနေရာမှ ဆတ်ခနဲထထိုင်၊ နှုတ်ခမ်းတွင် တပ်ထားသော ဆေးလိပ်ကြီးကို ဖျတ်ခနဲ ဆွဲချွတ်ပြီး ပါးစပ်ကြီးဟနေပုံက ပေါက်လုဆဲဆဲမြွေလို ပါးပျဉ်းထောင်လျက် တွေ့လိုက်ရသလို။

'ဘာ... ဘာဖြစ်လို့ မဟုတ်တာတုံး မြို့သားရဲ့'

'ဖြူစန္ဒာကြည်ရော၊ သူ့အမေ ဒေါ်အိုဇာရော လှတယ်လေ'

'ဘာဆိုင်လို့တုန်း မြို့သားရဲ့'

'ဆိုင်တာပေါ့၊ မလှစုန်းယိုးတဲ့ စကားပုံက၊ ဒါကြောင့် မလှတဲ့သူသာ စုန်းဖြစ်တာ၊ လှတဲ့သူဆို စုန်း မဖြစ်နိုင်ဘူး'

ကျွန်တော့်အပြောကြောင့် ကိုစံတုတ်က ခေါင်းယမ်းသည်။

'မဟုတ်သေးပါဘူး မြို့သားရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ကိုစံတုတ်ရယ်၊ နောက်တစ်ခုက စုန်းမတွေရဲ့ မျက်လုံးထဲကိုကြည့်ရင် ကိုယ့်အရိပ်ဟာ ဇောက်ထိုးထင်နေတယ်တဲ့၊ အခု ဖြူစနွဲ့ကြည်ရဲ့ မျက်လုံးထဲမှာတော့ အတည့်ထင်နေတာပဲ၊ သဘောကောင်းပြီး သိမ်မွေ့နူးညံ့တဲ့သူဟာ ဘယ်တော့မှ စုန်းမဖြစ်နိုင်ဘူး'

'ခက်တာပဲ မြို့သားရာ၊ တစ်ရွာလုံးက သူတို့သားအမိကို စုန်းမ တွေပါလို့ လက်ခံထားကြတဲ့ဥစ္စာ၊ မြို့သားက ရွာလွန်ရွက်တိုက် မလုပ်ချင် ပါနဲ့ဗျာ၊ သူတို့ကို မကြောက်ရင် ဒုက္ခရောက်သွားလိမ့်မယ်'

ကိုစံတုတ်က စိုးရိမ်တကြီး ဖြစ်လွန်းလှသည်။

'တကယ်တော့ ဒေါ်အိုဇာဆိုတဲ့ အဘွားကြီးဟာ တံတွေးကို ဝေးဝေးရောက်အောင် ထွေးနိုင်တာနဲ့ ကိုယ့်ကိုယ်ကိုယ် အရပ်ရှည်လှပြီလို့ မှတ်နေတဲ့ အဘွားကြီးပါ'

'ဟာ… မြို့သား'

အလန့်တကြားဖြစ်နေသော ကိုစံတုတ်ကို လက်ကာပြကာ ပြော ချင်တာကို ဆက်ပြောလိုက်သည်။

'အဲဒီ အဘွားကြီးရဲ့ အတ္တစွဲနှင့် တစ်ရွာလုံးရဲ့ အကြောက်စွဲကို ကျွန်တော် ရအောင်ချွတ်မယ်၊ ပေပင်ကုန်းရွာ ချွတ်ခန်းပေါ့၊ ဟဲ… ဟဲ… မနက်ဖြန် မြို့ဆင်းမယ့်ထွေလာဂျီနဲ့ မြို့ကလေးကို ကျွန်တော် လိုက်သွားပြီး စီစဉ်စရာရှိတာ စီစဉ်မယ်၊ တစ်ပတ်အတွင်းမှာ အခြေအနေတွေ ထူးခြားလာ စေရမယ်'

ပိုင်ပိုင်နိုင်နိုင်ပုံစံဖြင့် ပြောနေသည့် ကျွန်တော့်ကို ကိုစံတုတ်က မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်နေသည်။



ဆရာကြီး…

ကျွန်မယောက်ျား အခုတစ်လော

ဘုန်းကံနိမ့်နေပါတယ်ရှင်၊

တစ်နေ့က ရွာအလယ်ပိုင်းက

ကိုကြွက်သိုးတို့ လင်မယား ရန်ဖြစ်တာကို

သွားဖျန်ဖြေပေးချည်တာ

ရေတ်ကျည်ပွေ့မှန်ပြီး လာတယ်၊

ယင်လုံအိမ်သာတွေ သွားပြီးစစ်ဆေးတုန်းကလည်း

အိမ်သာကျင်းထဲ ကျွံကျခဲ့ရပါတယ်ရှင်၊

ကျွန်မယောက်ျား ဘုန်းတန်ခိုးမြင့်လာအောင်

လုပ်ပေးပါရှင်

www.burmeseclassic.com

## -၁၁-

ရာအိမ်မှူးအိမ်ရှေ့တွင် လူတစ်ယောက် ရောက်လာသည်။

ဝတ်ဖြူစင်ကြယ် ဝတ်လျက်၊ အဖြူရောင် ဝမ်းဆက်ဝတ်လို့ပေါ့။ ခေါင်းပေါင်းကလည်း အဖြူရောင်၊ ရှည်လျားသည့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေကလည်း အဖြူရောင်၊ အစစ်လား အတုလား ဆိုတာကတော့ ဆွဲနုတ်ကြည့်မှ သိရပေလိမ့်မည်။

'ကျုပ်ကို ဒီရွာမှာ တစ်ပတ်လောက်နေခွင့်ပြုပါ၊ ကျုပ်ကြောင့် ဘာပြဿနာမှ မဖြစ်စေရပါဘူး၊ ကျုပ်ကြောင့် ရွာသူရွာသားတွေ ငြိမ်းချမ်းသာယာတာပဲ ရှိရမယ်၊ အထိတ်တလန့် မဖြစ်စေရဘူး၊ ရွာသူရွာသားတွေ ကျုပ်ရောက်လာတဲ့နေ့ကစပြီး ကျန်းမာချမ်းသာပြီး အောင်ခြင်းအဖြာဖြာနဲ့ ပြည့်စုံစေရမယ်'

အောင်မြင်ခန့်ညားလှသည့် လေတစ်လုံး၊ မိုးတစ်လုံး စကား။

'ကျုပ်ဟာ ဂန္ဓာရီ လှည့်လည်လာခဲ့တာ၊ ခါကာဘိုရာဇီတောင်ကနေ လာခဲ့တာ'

'ဟိမဝန္တာလုပ်ပါ ဆရာကြီးရဲ့'

ရာအိမ်မှူးက စကားထောက်ပေးလိုက်တော့ ထိုပုဂ္ဂိုလ်ကြီးက သနားစရာ သတ္တဝါကလေးပမာ ကြည့်ပြီး...



'ဟိမဝန္တာနဲ့ ခါကာဘိုရာဇီနဲ့ နီးတယ်လေ၊ ဟိမဝန္တာကနေ ခါကာဘိုရာဇီကိုရောက်လာပြီး ဒီဘက်ကိုလာခဲ့တာ'

'မြစ်ကြီးနားကနေ လေယာဉ်စီးခဲ့တာပေါ့'

'ကျုပ်တို့ဟာ အလိုရှိရင် ဝေဟင်ခရီးကို လေယာဉ်မစီးဘဲလည်း သွားနိုင်တယ်'

ထိုပုဂ္ဂိုလ်ကြီး၏အပြောကြောင့် ရာအိမ်မှူးသားအငယ်ဆုံးကောင် ပုဂ္ဂိုလ်ကြီးရဲ့နောက်ကျောဘက်ကို သွားကြည့်လိုက်သည်။ ဝေဟင်ခရီး လေယာဉ်မစီးဘဲ သွားနိုင်တယ်ဆိုတော့ အတောင်ပံတွေ ဘာတွေများ ပါက်နေသလားလို့။

'ကျုပ်ဟာ ရှစ်ရက်သားသမီးကို ကယ်တင်ဖို့လာတာ'

'ခုနစ်ရက်သားသမီး လုပ်ပါ ဆရာကြီးရဲ့'

'ရာဟုပါထည့်လိုက်ရင် ရှစ်ရက်ပေါ့ လူမိုက်ရဲ့'

ရာအိမ်မှူး မျက်နှာရှုံ့မဲ့သွားရသည်။ အရက်မသောက်၊ ဖဲမရိုက်၊ သောင်းကစားမလုပ်၊ မိန်းမ မပွေဘဲ ဒါလေးတစ်ခုမသိတာနှင့် လူမိုက်လို့ ပြောခံလိုက်ရတာကိုး။ ဆက်ပြီး စောဒကမတက်ရဲတော့ဘူး။

အဲဒီမှာ ရာအိမ်မှူးကတော်က တစ်စခန်းထလာပြန်သည်။

'ဆရာကြီး... ကျွန်မယောကျ်ား အခုတလော ဘုန်းကံနိမ့်နေပါတယ်ရှင်၊ တစ်နေ့က ရွာအလယ်ပိုင်းကကိုကြွက်သိုးတို့ လင်မယား ရန်ဖြစ်တာကို သွားဖျန်ဖြေပေးချည်တာ ဧရတ်ကျည်ပွေ့မှန်ပြီး လာတယ်၊ ယင်လုံအိမ်သာတွေ သွားပြီးစစ်ဆေးတုန်းကလည်း အိမ်သာကျင်းထဲ ကျွံကျခဲ့ရပါတယ်ရှင့်၊ ကျွန်မယောကျ်ား ဘုန်းတန်ခိုးမြင့်လာအောင် လုပ်ပေးပါရှင်'

'အေး... အေး...'

ဆရာကြီးက စက်ဘီးဝင်ရိုးထဲက ဘောစေ့ကလေးတွေကို ထုတ်လိုက်သည်။ (စက်ဘီးပြင်ဆိုင်က လွှင့်ပစ်ထားတာတွေ ကောက်ထည့်လာတာ)

'ဒါ ဂမ္ဘီရသံလုံးလို့ ခေါ်တယ်၊ လုပ်ငန်းဆောင်တာ ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ရှိတဲ့အခါ အဲဒီ ဂမ္ဘီရသံလုံးတစ်လုံးကို မျိုချလိုက်၊ အလိုရှိရာ ဆုတော… ပြီးမှ ဆောင်ရွက်ပါ၊ အောင်စေ ပိုင်စေ နိုင်စေ ပွဲပေါင်း ဥဒါန်းငယ်ဆော… ဥဒန်းငယ်ဆောင်"

"နောက်တစ်မျိုးပေးပါဦး ဆရာကြီး"

ကတော်ဆယ်ပါး တစ်ပါးအပါအဝင်ဖြစ်သည့် ရာအိမ်မှူးကတော… ကလည်း ရလေလိုလေ အိုတဏ္ဍေ ဖြစ်နေသေးသည်။

"အေး… နောက်တစ်မျိုးကတော့ ဓာတ်ရိုက်ဓာတ်ဆင် အစီအ… တစ်ခုပဲကွယ့်၊ မိုးရွာတဲ့အချိန်မှာ ငှက်ပျောပင်ကို ဓားကိုတိုးစိုက်၊ မှန်… ကြီးတစ်ချပ်ထောင်၊ အဲဒီ မှန်ရှေ့မှာ မတ်တတ်ရပ်ပြီး လိုရာဆုတော… ဒါ ငှက်ပျောနဲ့ မိုးကြိုး ကက်ကင်းရိုက်တဲ့ သဘောပဲ၊ လူတွေ၊ နတ်… ဗြဟ္မာတွေတင် မကဘူး၊ မိုးကြိုးတောင် 'ခ'လိမ့်မယ်"

သူကြီးကတော်က ထိုပုဂ္ဂိုလ်ကြီးကို အတော်လေးစား ကြည… သွားသည်။

ထိုသို့ဖြင့် ရွာလယ်ဇရပ်၌ ထွက်ရပ်ပေါက်၊ ဘိုးတော်၊ ဝိ… ဆရာကြီးတစ်ယောက်နေရာ ရသွားတော့သည်။

"ဆရာလိန်တဲ့ကွ၊ 'မ'သတ်နဲ့ မလိမ်၊ 'န'သတ်နဲ့ လိန်တဲ့ ဆ… လိန်တဲ့နော်"

*

ရာအိမ်မှူးကတော်၏ မောင်းခတ်ကြော်ငြာမှုကြောင့် နေ့မကူ… မှာပင် ဆရာလိန်ရှိရာဇရပ်မှာ လူတွေ ခြေချင်းလိမ်အောင် ရှုပ်သွား… သည်။

ဆန်ပေး၊ ဆီပေးနှင့် ဗေဒင်မေးကြသည်။ ဆရာလိန်ကလည်… ခုနှစ်သက္ကရာဇ် မမေး။ ကျောက်သင်ပုန်း၊ ကျောက်တံ တစ်ချက်မ… မျက်လုံးမှိတ် အာရုံခံကာ ရမ်းဖြီးရသည်။ နတ်စီး၊ လက်စီးအဟော်… လည်း ဖြန်းဖြန်းသည်။ သို့သော် မျက်ကန်း ယမ်းပစ်သည့်ခဲတွေက …ကောင်းမှန်တာချည်း။ ရွာထဲကလူတွေကလည်း လက်ဖျားခါကာ သွေး…ကျက်အောင်မှန်သည်ဟု အခမဲ့ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ထောက်ခံ…ကြသည်။

ဤသို့ဖြင့် ဆရာလိန်မှာ ဆန်တွေ၊ ဆီ၊ ဆား အပြင် စားစရာ …သောက်စရာတွေ အလျှံပယ် ပေါများလာတော့သည်။

"ကျုပ်က ဒါတွေကို ကိုယ်ကျိုးအတွက် မသုံးပါဘူး၊ မြို့ရောက် … ဆိုင်မှာပြန်သွင်းပြီး ရောင်းမှာပါ၊ အိမ်း… ပစ္စည်း ပိုက်ဆံဖြစ်၊ …င်း… အနိစ္စ အမြဲမရှိကိုး"

အဲဒီလို ဆရာလိန်လေ။

နွားရောင်းမထွက်လို့ ဆရာလိန်ဆီကို အဆောင်လာတောင်းတဲ့သူ အလကားမတ်တင်းဖြင့် ရောင်းမည်ဟု သတင်းလွှင့်ခိုင်းလိုက်ရာ နေ့ချင်း …ချင်း နွားရောင်းထွက်သွားသည်။

ဤသို့ဖြင့် ဆရာလိန်ကို တစ်ရွာလုံးက ယုံကြည်အားကိုးလာကြ …တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ပါးကွက်ကျားတစ်ဖက်တည်းသာပါတဲ့
ချစ်သူပါးပြင်နှစ်ဖက်ကို ဘယ်ပြန်၊ ညာပြန်ကြည့်ပြီး
နှိုင်းယှဉ်ရင်ခုန်မှုကြေပါသလား...
ကျွန်တော်ကတော့ တစ်ရာမှာ တစ်ယောက်
ရခဲသည့် အခွင့်အရေးမျိုးနှင့်
ချစ်သူ့ပါးပြင်နှစ်ဖက်
အလှပြိုင်ပွဲမှာ ဒိုင်လူကြီး
လုပ်မှုးလိုက်သည်။
ဘယ်ဘက်ပါးပြင်က
ညာဘက်ပါးပြင်ကို
တစ်မှတ်တည်းနှင့်
ကပ်ရှုံးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## -၁၂-

ဘယ်နိုင်ငံ၊ ဘယ်တိုင်းပြည်မဆို ရိုးရာအစွဲအလမ်းနှင့် ဗေဒင်ယတြာများကို စိတ်ဝင်စား ယုံကြည်သူများသည် မိန်းမတွေသာ အများစု ဖြစ်သည်ကို တွေ့ရသည်။ ဒီနိုင်ငံက မိန်းမတွေကလည်း ဘာသားနဲ့ထုထားတာမို့လို့လဲ။ ပလတ်စတစ် အရည်ကျိုပြီး ပုံသွင်းထားသည့်အရုပ်တွေမှ မဟုတ်တာ။ ဒီတော့ လက္ခဏာဆရာဆို လက်ဝါးဖြန့်ပြပြီးသား။ ခြေဖဝါးထောင်ပြပြီးသား။ (ကန်တော့ပါရဲ့၊ အမှန်ပြောတာပါ)။ လျှို့ဝှက်အပ်သော ဘယ်နေရာ ဘယ်အနားမှာ မှဲ့ရှိရမယ်၊ အမှတ်အသားရှိရမယ်ဆိုရင် မှန်လိုက်လေ ဆရာရယ်ဆိုပြီး ကြယ်သီးဖြုတ်ပြချင် ပြတတ်သေးတာ။ လျှို့ဝှက်ချက်တွေဆိုတာကလည်း ဗေဒင်ဆရာ၊ နတ်ဆရာတွေနဲ့ကျမှ ဟာလာဟင်းလင်း ဘူးပေါ်သလို ပေါ်ကုန်တော့တာ။

မိမိ အသက်ဘကီးတာကို သိမှာစိုးသဖြင့် အများက အသက်မေးကြလျှင် (၁၆)နှစ် တစ်ရက်လျှော့ လုပ်ချင်ကြသည့်သူတိုင်းသည် ထိုဆရာကြီးများကိုတော့ လုံးဝ ညာမပြောတတ်ကြ။ မှန်တာပြော သစ္စာချည်းဖြစ်ကုန်တော့သည်။ အတွင်းရေး၊ အပြင်ရေး အိတ်သွန်ဖာမှောက်၊ သေတ္တာမှောက်၊ ဗီရိုလှန်၊ မီးခံသေတ္တာပါမကျန် ယုံယုံကြည်ကြည်ဖြင့် ရင်ဖွင့်လေသောအခါ ထိုအကြားအမြင်အနန္တဆရာကြီးများ၊ ရှေ့ဖြစ်နောက်ဖြစ် အလယ်



ဖြစ် ဆရာကြီးများ၊ နက္ခတ်တာရာ နက္ခတ်ကျွတ် ဆရာကြီးများ၊ ဗေဒင်ဗေရှင်ဆရာကြီးများနှင့် မျက်နှာချင်းဆိုင်တွေ့သော မှန်လုံခန်း၊ အသံလုံခန်း (နောက်ပြီး ဘာတွေလုံသေးသလဲ မသိ) စသည့် နေရာများတွင်သာ ဖြစ်သည်။

သို့ဖြစ်၍ ဆရာ့ ဆရာကြီးများအနေဖြင့် ကံငါးပါးကို လုံခြုံအောင်ထိန်းသိမ်း၍ လူအများ၏ ဒုက္ခဟူသမျှကို မှုဝေခံစားကာ အကြံကောင်း၊ ဉာဏ်ကောင်း၊ နည်းလမ်းကောင်းများကို ညွှန်ပြကူညီနိုင်သည့် ပညာရှင်ကြီးများ ဖြစ်နိုင်ကြပါစေဟုသာ ဆုတောင်းရပါသည်။

(ဤကား စကားပြား၊ အဲ…ပြားတဲ့နှဲ ချပ်တာ အတူတူပါပဲလေ)

လံကျုတ်ဆရာကြီးဖြစ်သော ဆရာလိန်ကတော့ ဆရာယောင်၊ သမားယောင်ဖြစ်၍ ဤသို့ဂုဏ်သတ္တိများနှင့် ပြည့်စုံနိုင်လိမ့်မည် မဟုတ်ပေ။

'လုပ်ပါဦး ဆရာကြီးရယ်၊ ကျွန်မ သားကလေး စုန်းပြုစားခံရလို့ပါ'

မိန်းမကြီးတစ်ယောက် တစ်နှစ်သားခန့် ကလေးငယ်ကို ပွေ့ချီလာကာ ပဋ္ဌာမြေလူးဖြစ်လာပြီး အားကိုးရာဖြင့် ဆရာလိန့်ပုဆိုးစကို လှမ်းဆွဲလာခြင်းဖြစ်သည်။

'မပူနဲ့… မပူနဲ့၊ ဆရာလိန်နဲ့တွေ့ရင် အားလုံးအဆင်ပြေသွားစေမယ်၊ ကဲ… ပြောစမ်း၊ အရှေ့အရပ်က ရွာသူ့အိမ်ရှေ့မှာ ကလေးက ကျင်ငယ်စွန့်ချခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး'

'အေး… အဲဒီမိန်းမရဲ့နှာမည်က တနင်္ဂနွေနံနဲ့စပြီး အင်္ဂါနံနဲ့ ဆုံးတယ်မဟုတ်လား'

'ဟုတ်… ဟုတ်… ဟုတ်ပါတယ် ဆရာကြီး'

ဆရာလိန် ခပ်မိန့်မိန့်ကြီး ပြုံးလိုက်သည်။

သူစောင့်နေတာ ဒီအကွက်ပဲ မဟုတ်လား။

'ပေးစမ်း ကလေး'

www.burmeseclassic.com

www.burmeseclassic.com



ဆရာလိန်က ခပ်ငေါက်ငေါက်အသံဖြင့် ကလေးကို တောင်းယူလိုက်သည်။

မုတ်ဆိတ်မွေးများကို ပွတ်သပ်ရင်း ကလေးကိုကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်ပြီး မည်သို့ဖန်တီးရပါမည်နည်းဟု စဉ်းစားခန်း ဝင်နေလိုက်သည်။ ကလေးမအေနှင့် အခြားသူတွေကတော့ ပြူးလည်လည်ဖြင့် ဝိုင်းကြည့်နေကြသည်။

ထိုအချိန် ဆရာလိန်မှာ မုတ်ဆိတ်မွေးကြီးကို မီးထတောက်မတတ် ပွတ်ကာ အကြံဉာဏ် ထုတ်နေရသည်။

ထွက်စမ်းဟ အကြံ။

ထွက်စမ်းဟ ဉာဏ်။

အဲ… ဟုတ်ပြီ။

ရွာထဲက ကြည်ညိုသူတစ်ယောက် လာပို့ထားသည့် လက်ဖက်ခွဲထဲမှ ရွှေအပ်သီး(ငရုတ်သီး)များကိုမြင်ကာ အကြံရသွားသည်။

သို့သော် လူတွေကမလစ်၍ ဘယ်လိုမှလုပ်မရသေး ဖြစ်နေသည်။

'ကဲ… တစ်ယောက်မကျန် အားလုံး မျက်စိမှိတ်၊ လက်အုပ်ချီပြီး ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိလို့ သုံးကြိမ်ပြိုင်တူဆိုကြ'

ဘုမသိ၊ ဘမသိနှင့် ဆရာလိန် ခိုင်းသလို လိုက်လုပ်ကြသည်။

ဆရာလိန်က ရွှေအပ်သီးတစ်တောင့်ကိုချိုးကာ ကလေး၏စအိုဝကို ပွတ်လိုက်သည်။ ဖင်ပူသဖြင့် ကလေးခမျာ အာပြဲလျှာပြဲဖြင့် ထငိုတော့သည်။

ကလေးက ထငိုသဖြင့် ဇရပ်ပေါ်ရှိ လူအားလုံး မျက်လုံးတွေဖွင့်ကာ အလန့်တကြား ဖြစ်ကုန်တော့သည်။

'မစိုးရိမ်နဲ့… မစိုးရိမ်နဲ့၊ ဒါ ရွာသူရောက်လာတာ၊ ဇလုံကြီးကြီးတစ်ခု၊ ဒါမှမဟုတ် အင်တုံကြီးကြီးတစ်ခုထဲကို ရေအပြည့်ထည့်ပြီး ယူခဲ့ကြ'



ခဏအကြာတွင် သံဇလုံကြီးထဲတွင် ရေအပြည့်ဖြင့် ဆရာလိန်ရှေ့သို့ ရောက်လာသည်။

တဝါးဝါး၊ တဝဲဝဲ ငိုနေသော ကလေးကို ရေဇလုံထဲချလိုက်သည်။

'ဦး ကတုတ္၊ ကယော် ကရက်၊ ဦး… ကလုံ၊ လုံလုံ၊ ကလုံ… ကလုံ… ဦး… ကလူး၊ ဦး… ကလူး'

ပါးစပ်က ပေါက်တတ်ကရတွေ လျှောက်ရွတ်ကာ ကလေးဖင်ကို ဆေးပေးလိုက်သည်။ ဖင်အစပ်သက်သာသွားသည့် ကလေးက ချက်ချင်း အငိုတိတ်သွားသည်။

'ဟယ်… တယ်စွမ်းတာပဲ'

'ဒါမှ တကယ့်ဆရာ'

လူအများက ချီးကျူးသံတွေ ဇရပ်ခေါင်မိုးအထိ ညံသွားသည်။

'ကဲ… တစ်ယောက်ချင်း ဒီရေဇလုံထဲကို ကြည့်ကြစမ်း၊ ဘယ်သူ့ မျက်နှာပေါ်နေသလဲဆိုတာ'

ဤသို့ ဆရာလိန်က နိမိတ်ပြစကားကြောင်းကာ တစ်ဦးချင်းခေါ်၍ ရေဇလုံထဲသို့ ငုံ့ကြည့်ခိုင်းလိုက်သည်။

'ဟယ်… ဒေါ်အိုစာကြီးတော့'

'ဟုတ်တယ်ဟေ့… အစွယ်ကြီးတွေ ပြူးလို့'

'မျက်လုံးကြီးတွေများ လင်းကွင်းလောက်ရှိတယ်'

တကယ်တော့ လေဖမ်းဝါးတန်းချီကာ ငါ့စကား နားရလုပ်ပြီး ရေထဲတွင် ပေါ်နေသည့် ကိုယ့်မျက်နှာကိုယ် ဒေါ်အိုစာမျက်နှာလုပ်ကာ သူ့ထက်ငါ အပြိုင်အဆိုင် အားကျမခံ အပုပ်ချနေခြင်းဖြစ်သည်။

'ကဲ… တော်ကြတော့၊ ဒီရွာသူမကို အပြစ်ပေးရမယ်'

ဟု ဆိုကာ ဆရာလိန်က မြင်းရိုက်သည့် ကြာပွတ်ကြီးကို ဆွဲယူလိုက်သည်။

'ဦး… ဣ… ဥ… အ… အာ… ဦး… ဩ… ဪ… အံ… အား… ဦး… ဘယ်သူမမိန့် ငါဆရာမိန့်သည်၊ ဦး… ဘယ်သူမအေ

www.burmeseclassic.com



ငါဆရာစေသည်၊ ဘယ်သူမရိုက် ငါဆရာရိုက်သည်၊ ရှာသူမ ကျွမ်းပြန် ကျရောလဟယ်'

'ရွှမ်း…'

'ဗွမ်း… ဂလုံ… ဂလုံ'

မဆီမဆိုင် ကာရံမမိ၊ အဓိပ္ပာယ်မရှိတွေ လျှောက်ဆိုပြီး ရေဇလုံကို ရိုက်ချလိုက်ရာ ရေဇလုံမှောက်ကာ ကြွေဆေးတွေပါ ကွာကျန်တော့သည်။

*

'ဝုန်း… အောင်မယ်လေး…'

တစ်ချိန်တည်းမှာပင် ဒေါ်အိုစာ လှေကားပေါ်မှ ချော်ကျသည်။

'အို… အမေ… အမေ'

ဖြူစန္ဒာကြည်က ရေချိုးပြီး သနပ်ခါးလူးနေရာမှ အပြေးအလွှား ထွက်လာသည်။

တိုက်ဆိုင်လိုက်ပုံများ ပြဇာတ်တောင် ဆန်နေသေးသည်။

ကျွန်တော်လည်း ရေချိုးပြီး သူမ သနပ်ခါးလိမ်းပြီးစကို မြင်ချင်၍ အိမ်ရှေ့အရောက်တွင် ဒေါ်အိုစာ လှေကားပေါ်မှချော်ကျသည်ကို မြင်လိုက် သောကြောင့် ကူညီရန် အိမ်ထဲသို့ပြေးဝင်လိုက်သည်။

'ပေး… ပေး… ကျွန်တော် ခုတင်ပေါ်ကို ပွေ့တင်ပေးမယ်'

ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေရှာသော သူမ၏လက်များကို ဖယ်ကာ အဘွားကြီးကို ခုတင်ပေါ်တင်ပေးလိုက်ရသည်။

ကျွန်တော့်အခန်းထဲ (ကိုစံတုတ်တို့အိမ်)တွင် ကျန်နေခဲ့သော ဒဏ် ကျေဆေးများကို ပြေးယူကာ အဘွားကြီးခြေထောက်နှင့် လက်များကို လိမ်းပေးလိုက်ပြီး ဆေးငွေ့ပျံမသွားစေရန် အဝတ်ထူထူ စည်းပေးလိုက် သည်။

'ရေတွေ ဘာတွေ မထိပါစေနဲ့တော့နော်၊ သိလား'



ထဘီရင်လျားကလေးနှင့် တဘက်စောင်ကလေး ခြုံထားသည့် သူမကိုကြည့်ကာ ပြောလိုက်ရသည်။ တကယ်တမ်း သူမလည်း ဒါလောက်တော့ သိပါလိမ့်မည်။

တမင် စကားမရှိ စကားရှာပြောခြင်း သက်သက်ပင်။ သူမက မျက်လုံးကလေးအဝိုင်းသားနှင့်ကြည့်ကာ ခေါင်းညိတ်ပြသည်။

မအေကြီး ငုတ်တုတ်ထားပြီး (အဲလေ… တုံးလုံးလှဲနေတာပါ) သမီးဖြစ်သူ၏ သနပ်ခါးမခြောက်သေးသည့် ဝင်းဖန့်ဖန့်မျက်နှာကလေးကို ငေးမောကြည့်နေမိသည်။

'ဟင်…'

သူမ၏ ပါးပြင်ကလေးကိုကြည့်ကာ ကျွန်တော် ရယ်ချင်ပက်ကျိ ဖြစ်သွားရသည်။

'မ… အဲ… မဖြူစန္ဒာကြည်၊ ဟိုဘက်ပါး လှည့်ပြစမ်းပါ'

သူမက တစ်ဖက်ပါးကလေးကို ကျွန်တော့်ဘက်သို့ လည်ကလေး စောင်းကာ လှည့်ပြသည်။

'ဒီဘက်ပါး'

သူမက တစ်ဖက်သို့ လည်တိုင်ဖော့ရိုးကလေးစောင်းကာ လှည့် ပြပြန်သည်။

'သနပ်ခါးက ပါးကွက်တစ်ဖက် မပါပါလား'

'ဟယ်… ဟုတ်လား၊ ဒီက သတိမထားမိပါဘူး၊ ပါးနှစ်ဖက် လုံး ပါးကွက်ကွက်ခဲ့ပြီးပြီ မှတ်လိုက်တာ၊ အမေ့ကို စိတ်ပူပြီး ပြန်နေနဲ့ ထွက်လာခဲ့ရတာကိုး၊ ဟင်း… ဟင်း… ရှက်စရာတောင် ကောင်းနေပြီ'

သူမ ထိုင်ရာမှထကာ အခန်းထဲဝင်ပြေးသည်။

တကယ်တော့ ပါးကွက်တစ်ဖက် မလိမ်းရသေးသည့် ချစ်သူ့ပါး ပြင်ကလည်း လှနေတာပါပဲလေ။ ပါးကွက်ကျားကလေးနဲ့ဆိုတော့ အလှတော် အသည်ဆင့်သွားရတာပေ့ါ။

ပါးကွက်ကျားတစ်ဖက်တည်းသာပါတဲ့ ချစ်သူ့ပါးပြင်နှစ်ဖက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပြန်၊ ညာပြန်ကြည့်ပြီး နှိုင်းယှဉ်ရင်ခုန်ဖူးကြပါသလား။ ကျွန်တော်က တော့ တစ်ရာမှာ တစ်ယောက်ရခဲ့သည့် အခွင့်အရေးမျိုးနှင့် ချစ်သူပါးပြင် နှစ်ဖက် အလှပြိုင်ပွဲမှာ ဒိုင်လူကြီး လုပ်ဖူးလိုက်သည်။ ဘယ်ဘက်ပါးပြင် က ညာဘက်ပါးပြင်ကို တစ်မှတ်တည်းနှင့် ကပ်ရှုံးသွားပါသည်။



'ဒီမယ် ဒေါ်အိုဇာ…

ခင်ဗျားက စုန်းမကြီးလို့ နာမည်ကြီးပါတယ်၊

အခုမှ မလိမ်စမ်းပါနဲ့'

'တော် လွန်လွန်းလာပြီနော်၊ ကျုပ်ကို ဘာမှတ်နေလဲ'

'ဘာမှလည်း မမှတ်ဘူး၊ အထင်လည်း မကြီးဘူး၊

ခင်ဗျားသာ စုန်းဖြစ်ခဲ့ရင်တောင်

ချီးစားစုန်းပဲမှတ်တယ်၊ ဟား… ဟား…'

www.burmeseclassic.com

www.burmeseclassic.com

**-၁၃-**

ထန်းသီးကြွေခိုက် ကျီးနင်းခိုက် တိုင်ဆိုင်မှုဖြစ်ပေမေ... ပေပင်ကုန်း ရွာသူရွာသားတွေ နှုတ်ဖျားမှာတော့...

'စုန်းမကြီးဒေါ်အိုဇာကို ဆရာလိန် ဆုံးမလိုက်တာကတော့ ... တယ်ဟေ့'

ဟူ၍ ဖြစ်နေတော့သည်။

ဘာပဲဖြစ်ဖြစ် လေကားပေါ်မှ လိမ့်ကျထားသည်ကိုပင် အမှတ်... သေးသော အသွားကြီး ခေါက်ထိုးကျသွားသည့်သိက္ခာကို ပြန်ဆယ်... ကြိုးစားပြန်တော့သည်။

*

မှောင်မိုက်တိတ်ဆိတ်လျက်ရှိသော လကွယ်ည သန်းခေါင်... အချိန်တွင် ဒေါ်အိုဇာ၏ နီရဲသောမျက်လုံးကြီးတစ်လုံးသည် အိမ်ပေါ်တ... လိုက်၊ အောက်ဆင်းလိုက်၊ ခြံဝင်းကိုပတ်ပြေးလိုက်၊ တစ်နေရာတည်းမှာ... အတန်ကြီးဖြစ်ပြီး ငုံ့ပိုက်သွားလိုက်ဖြစ်နေသည်ကို မြင်တွေ့ရပေလိမ့်မည်။

တကယ်တော့ ဒေါ်အိုဇာသည် ရွာသူရွာသားများက စုန်းတော... စားသည်ဟု ထင်မြင်စေရန် မီးကျီးခဲစွဲလျက်ရှိသော ထင်းစကြီးကိုကိုင်... လျှောက်လုပ်ပြနေခြင်း ဖြစ်သည်။



စပယ်ရှယ် မှာယူထားသည့် ချက်အရက်ဦးရည်ကို ပါးစပ်ထဲတွင် ...ာ ငုံခနဲ မှုတ်ထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် မီးခြစ်ကိုခြစ်ကာ ...ွင်းထဲမှ မီးတောက်များ ထွက်လာသလိုထင်ရအောင်လည်း လုပ်လိုက် ...းသည်။

ဒီလိုနှင့် ထင်းစကြီးက မီးကျီးခဲနီရဲရဲကြီးလည်း ငြိမ်းလုပြီ။

ပြေးရ၊ လွှားရ၊ ခုန်ရ၊ ပေါက်ရသဖြင့်လည်း ဖတ်ဖတ်မောနေ ... အရက်ဦးရေတစ်ပိုင်းလည်း ကုန်ပြီ။

အိမ်ရှေ့တလင်းပြင်တွင် ရပ်လျက်ရှိနေစဉ်...

'ဟား... ဟား... ဟား... ဟား...'

မြေကြီးပြင်ပေါ်မှ ရယ်သံကြီးတစ်ခု ရုတ်တရက်ထွက်လာသော ...တွင် ဒေါ်အိုဇာ လန့်ဖျပ်သွားရသည်။

'ဗုဒ္ဓေါ...'

ကြောက်ကြောက်လန့်လန့်နှင့် ဟိုဟိုဒီဒီ ရှာဖွေကြည့်လိုက်သည်။ ...ကိုမှ မတွေ့ရလေ ပိုကြောက်လေ ဖြစ်လာရသည်။

'ဟား... ဟား... ဒေါ်အိုဇာ၊ ဒေါ်အိုဇာ'

'တော်...'

ကြောက်ကြောက်လန့်လန့်နှင့် ယောင်၍ပင်ထူးမိလိုက်သည်။

'ဟား... ဟား... ဆရာလိန်ကို ဒီလိုအာခံလို့ရရိုးလား ဒေါ်အိုဇာ ...ဟား... ဟား... ဆရာလိန်အကြောင်း ကောင်းကောင်းသိစေရမယ်၊ ...း... ဟား...'

မီးစတွေ၊ မီးခြစ်တွေ၊ အရက်ပုလင်းတွေကို ပစ်ချကာ အိမ်ပေါ်သို့ ...ပြေးအလွှားတက်သွားကာ စောင်ကို ခေါင်းမြီးခြုံ၍ အိပ်ရာပေါ် လှဲချ ...တော့သည်။ ပါးစပ်ကလည်း ဂုဏ်တော်ကိုးပါးကို ဂူးဂူးဝါးဝါး မပီ ...ွတ်လို့။

ထိုအခါမှ အမှောင်ရိပ်ထဲက တစ်စုံတစ်ယောက်သည် ကက်ကက် ...ိတ်ကာ ဝါးယာကြီးနှင့် ဆက်သွယ်ကာ ခြံဝင်းထဲလိုမှ်ပြီး ...ပစ်ထား

www.burmeseclassic.com



သည့် စပီကာကလေးကို ပြန်ဆွဲယူ၍ ပြန်လည်ထွက်ခွာသွားတော့သည်

ဒေါ်အိုဇာကတော့ အရဟံဂုဏ်တော်ထူးရွတ်ပြီး ရှူရှူးတွေပါ

*

နောက်တစ်နေ့ မွန်းတည့်ချိန်တွင် ပေပင်ကုန်းရွာသူ ရွာသား

နှင့် ဆရာလိန်တို့ ဒေါ်အိုဇာအိမ်သို့ ရောက်လာတော့သည်။

'ထွက်ခဲ့စမ်း ဒေါ်အိုဇာ၊ ကျုပ် ခင်ဗျားနဲ့ ပညာပြိုင်ဖို့ရောက်လာ

ပြီ၊ ဒီအချိန်ဟာ ပညာပြိုင်ဖို့ အကောင်းဆုံးပဲ'

ဆရာလိန်က အောင်မြင်ခန့်ငြားလှသည့် အသံကြီးဖြင့် အော်

လိုက်သည်။

ဒေါ်ကြီးမောကြီးဖြင့် ဒေါ်အိုဇာ ထွက်လာသည်။

'အိမ်ရှေ့မှာ ဘာတွေလာအော်နေတာတုံး၊ အခုထွက်သွား'

ကြောက်စိတ်ကိုတင်းကာ ဟန်လုပ်၍ လေသံမာမာဖြင့် ပြန်

ပြောလိုက်သည်။

ဆရာလိန်ကလည်း လေသံပြတ်ပြတ်ဖြင့်...

'ကျုပ် ခင်ဗျားနဲ့ ပညာပြိုင်မလို့'

'ဘာ... ဘာပညာလဲ၊ ဘာပညာမှ ပြိုင်နေစရာ မလိုဘူး'

'ဒီမယ် ဒေါ်အိုဇာ၊ ခင်ဗျားက စုန်းမကြီးလို့ နာမည်ကြီးပါတယ်

အခုမှ မလိမ်စမ်းပါနဲ့'

'တော် လွန်လွန်းလာပြီနော်၊ ကျုပ်ကို ဘာမှတ်နေလဲ'

လူတွေရှေ့မို့ ဟန်လုပ်နေရပေမယ့် ကြောက်ဒူးကတော့ တုန်

ပြီ။

'ဘာမှ မမှတ်ဘူး၊ အထင်လည်း မကြီးဘူး၊ ခင်ဗျားဟာ စုန်း

ရင်တောင် ချီးစားစုန်းပဲမှတ်တယ်၊ ဟား... ဟား...'

'ဘာ...'

ဒေါ်အိုဇာ ဆတ်ဆတ်ခါနာသွားရသည်။



အံကြိတ်ကြိတ်၊ မျက်လုံးကြီးပြူးနေလိုက်ပုံများ အခုချက်ချင်း

အစွယ်တွေ ငေါထွက်လာတော့မည့်အတိုင်း။

'ကိုင်း... ပြောနေကြာတယ်၊ ခင်ဗျားနဲ့ ကျုပ် ပညာပြိုင်မယ်၊

ဒီပွဲမှာ ကျုပ်ရှုံးရင် ကျုပ် ခင်ဗျားအိမ်မှာ သုံးနှစ်ကျွန်ခံမယ်၊ အဟဲ...

ခင်ဗျားရှုံးရင် ကျုပ်ကို ဒူးဖက်တောင်းပန်ရမယ်'

ဆရာလိန်က ဒေါ်အိုဇာကို စိန်ခေါ်ပြီး လောင်းကြေးထပ်လိုက်

ပြီဖြစ်သည်။

ကျားနှင့်ဆင် တိရစ္ဆာန်ရုံမှာ တွေ့ကြပြီပေါ့။

ပွဲကြီးပွဲကောင်း ကြည့်ရပြီဟု ဝမ်းသာအားရဖြစ်နေကြသော

ပရိသတ်များက ရွာလုံးကျွတ်နီးပါး။ သူ့ထက်ငါ ရှေ့တိုးကြည့်ကြသည်။

တချို့ သစ်ပင်တွေပေါ်တက်ကာ အထူးတန်းပွဲကြည့်စင် လုပ်ကြသည်။

'ဟဲ... ဟဲ... ကျုပ်က စပြီးစိန်ခေါ်တဲ့သူဆိုတော့ ကျုပ်ကပဲ

စပြိုင်မယ်၊ ဒီမှာကြည့်'

ဆရာလိန်က သူ့လက်တစ်ဖက်ကို မီးရှို့လိုက်သည်။ လက်တစ်

ဖက်လုံး မီးတွေဟုန်းဟုန်းတောက်နေသည်ကိုကြည့်ပြီး ဒေါ်အိုဇာရော

ပွဲကြည့်ပရိသတ်ပါ အံ့သြကုန်ကြသည်။ (တကယ်တော့ မျက်လှည့်ဆရာ

တွေသုံးသည့် ဆေးရည်တစ်မျိုး လိမ်းထားတာ)

'ကဲ... ဒေါ်အိုဇာ ခင်ဗျားအလှည့်ပဲ၊ ညညတောင် ထပြီး မီး

တောက်စားသေးတာပဲ၊ ကိုယ်ကို မီးရှို့တာလောက်တော့ ရလိမ့်မယ်ထင်ပါ

တယ်၊ ဟဲ... ဟဲ...'

ဒေါ်အိုဇာခမျာ ရှေ့တိုးလည်း ချောက်၊ နောက်ဆုတ်လည်း ကျား။

ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ဖြစ်နေသည်။

'တောက်...'

အံကြိတ်၍ တောက်ခေါက်လိုက်သည်။ တကယ်သာ စုန်းတတ်

လို့ရှိရင် ဆရာလိန်ဆိုသည့်သူကို လူစင်စစ်က မျောက်ဖြစ်သွားအောင်

ပြုစားပစ်လိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလူ ရောက်မလာခင်တုန်းက ဒေါ်အိုဇာဆိုရင် တစ်ရွာလုံးက ချီးပြားအောင် ကြောက်ပြီးသား။ အခုလို အိမ်ဝိုင်းထဲ ဝိုင်းအုံကြည့်နေဖို့ မပြောနှင့်။ လမ်းပေါ်ကတောင် လှည့်ကြည့်ရဲကြတာ မဟုတ်။ အခုတော့ ဟင်း… ဟင်း…

'ပေးစမ်း မီးခြစ်'

စိတ်ပေါက်ပေါက်နှင့် ဆရာလိန် လက်ထဲက မီးခြစ်ကိုဆွဲလုယူပြီး လွှင့်ပစ်ရန်လုပ်လိုက်သော ဒေါ်အိုဇာကြောင့် ဆရာလိန်က နောက်တစ်လှမ်း ဆုတ်၍ရှောင်လိုက်ကာ…

'မလုပ်ပါနဲ့ ဒေါ်အိုဇာရယ်၊ မစွမ်းရင်လည်း မစွမ်းတဲ့ဘာသာ နေပါ၊ ဖားတုလို့ခရုခုန် အိမ်ပျက်ရုံပဲ ရှိမှာပေါ့၊ ဟား… ဟား… ကိုယ်ကို မီးရှို့လိုက်လို့ မတော် မီးသဂြိုဟ်ပြီးသား ဖြစ်နေပါဦးမယ်'

'ရှီ…' 'ဖြောင်း… ဖြောင်း… ဖြောင်း…'

ဆရာလိန်ကို ရွာသူရွာသားအပေါင်းက လက်ခုပ်လက်ဝါးတီး၍ ထောပနာပြုအားပေးကြသည်။

'ကိုင်း… ဒါ နောက်ဆုံးအဆုံးအဖြတ် ပညာစမ်းခြင်းပဲ၊ ဒီတစ်ခါ ရှုံးရင်တော့ ခင်ဗျား ကျုပ်ကို ဒူးဖက်တောင်းပန်ဖို့ ပြင်ပေတော့'

ဟု ပြောကာ ဆရာလိန်က အိတ်ထဲမှ သံပရာသီးတစ်လုံး ထုတ်ယူကာ လက်ဖဝါးပေါ် တင်လိုက်သည်။

'ကဲ… ဒေါ်အိုဇာ၊ ဟောဒီ သံပရာသီးကို တစ်ခုခုထူးခြားလာအောင် ခင်ဗျားပညာနဲ့ လုပ်ပြစမ်း'

ဒေါ်အိုဇာ အင်းမလုပ်၊ အဲမလုပ်။ ကျောက်ရုပ်ကြီး ကြိုးတုပ်ထားသလို ငြိမ်သက်တိတ်ဆိတ်လျက်။

'ကိုင်း… ခင်ဗျား မလုပ်နိုင်တော့ဘူး မဟုတ်လား၊ ကြည့်နေ ကျုပ်လုပ်ပြမယ်'

ဆရာလိန်က သံပရာသီးကို ပါးစပ်နားကပ်ကာ မန်းမှုတ်တော့သည်။



'ဥုံ… သံပရာ၊ သံပယို၊ ဥုံ… သံပယို၊ သံပရာ၊ ဥုံ… သံပရာ၊ သံပယို'

ဆရာလိန်က ဓားတစ်ချောင်းကိုယူကာ လက်ထဲက သံပရာသီးကို ခွဲပြလိုက်သည်။

'ဟာ… သွေးတွေ'

'သံပရာသီးထဲက သွေးတွေထွက်လာတယ်ဟေ့'

အားလုံးက အံ့သြတကြီး ဖြစ်ကုန်သည်။ ဒေါ်အိုဇာဆို ဇောချွေးတွေပြန်၊ ဒူးတွေ တဆတ်ဆတ်တုန်အောင် ကြောက်နေပြီ။

တကယ်တော့ ဒါဟာ သိပ်ဆန်းတဲ့ကိစ္စမဟုတ်။ ဖားပြုတ်အရှင်ကိုဖမ်း၍ ကျောကုန်းပေါ်မှာ သံပရာသီးကို လိမ့်ထားသောကြောင့် ဖားပြုတ်ထဲမှသွေးတွေ သံပရာသီးထဲ ရောက်နေခြင်းဖြစ်သည်။

ဤလှို့ဝှက်ချက်ကို မသိသော ဒေါ်အိုဇာနှင့် ရွာသူရွာသားများအဖို့ မဟာဂန္ဓာရီ ဖြစ်နေရသည်ကိုကြည့်၍ ဆရာလိန် ရယ်လိုက်သည်။

ပြီးမှ ဒေါ်အိုဇာကို ခပ်တင်းတင်းကြည့်၍…

'ကဲ… ဒေါ်အိုဇာ ခင်ဗျားရှုံးပြီ၊ ကျုပ်ကို ခင်ဗျား ဝန်ချတောင်းပန် ပေတော့'

ဒေါ်အိုဇာ ပေကပ်ကပ်ရပ်နေဆဲ။

'ကြာတယ် ဒေါ်အိုဇာ၊ ခင်ဗျား ကျုပ်ကို မတောင်းပန်ဘူးဆိုရင် အ,အမကြီးဖြစ်အောင်လုပ်ပြီး အပြစ်ပေးရလိမ့်မယ်၊ မယုံမရှိနဲ့ ဒေါ်အိုဇာ၊ ခုနကပဲ ကျုပ်အစွမ်းကို မြင်ပြီးပြီမဟုတ်လား'

ကြောက်အောင်ခြောက်လျှင် ကြောက်တတ်သော ဒေါ်အိုဇာလည်း မနေရဲတော့။

ဆရာလိန်ရှေ့မှာ ဒူးထောက်လက်အုပ်ချီလိုက်သည်။

'ချမ်းသာပေးပါ ဆရာကြီးရယ်၊ တကယ်တော့ ကျွန်မဟာ ဘာ စုန်းပညာမှ မတတ်ပါဘူး၊ ကျွန်မယောကျ်ားက တစ်နယ်တစ်ကျေးမှာ စီးပွားသွားရှာနေတော့ မအေတစ်ခု သမီးတစ်ခုလိုဖြစ်နေတဲ့ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက်ကို လူတွေ မထိမဲ့မြင်မလုပ်ရဲအောင်၊ အထူးသဖြင့် သမီးကလေးဘဝကို လုံခြုံအောင် စုန်းမကြီးဟန် ဆောင်နေရတာပါရှင်၊ ခွင့်လွှတ်သည်းခံပါ ဆရာကြီးရယ်'

'ဟာ…'

'ဟင်…'

ဒေါ်အိုဇာ၏စကားကြောင့် ရွာထဲကလူတွေ အံ့သြသွားကြသည်။

'လက်စသတ်တော့ အဘွားကြီးက ဘီလူးခေါင်း စွပ်ထားတာကိုး'

'ဘယ်ဟုတ်မလဲဗျ၊ စုန်းခေါင်း စွပ်ထားတာပါ'

ထိုအချိန်တွင် လယ်ထဲမှ ဖြူစန္ဒာကြည် ပြန်ရောက်လာသည်။

ဆရာလိန်ရှေ့တွင် ဒူးထောက်၍ လူတွေအကြားမှာပင် မရှက်နိုင် မကြောက်နိုင် တောင်းပန်နေသော မိခင်ဖြစ်သူကို ဆွဲထူလိုက်သည်။

'ဘာဖြစ်နေကြတာလဲ၊ အမေ ဘယ်လိုဖြစ်နေတာလဲ၊ ရှက်စရာကောင်းလိုက်တာ'

သူမ၏မျက်နှာသည် ဒေါသကြောင့် နီရဲနေသည်။ ကျားပျို့မ၏ မျက်လုံးကဲ့သို့ စူးစူးရဲရဲကြည့်ကာ ဆရာလိန်ကို ရန်တွေ့လိုက်သည်။

'ရှင် တော်တော်စော်ကားပါလား၊ ကျူးကျူးကျော်ကျော် အိမ်ထဲအထိလာပြီး စော်ကားနေပါလား၊ ရှင်တို့အကုန်လုံး အခုထွက်သွား'

'ဒေါသမကြီးပါနဲ့ ကလေးမရယ်၊ ကျုပ် ထွက်သွားမှာပါ၊ ကျုပ်တာဝန်လည်း ပြီးပါပြီ'

ဆရာလိန်က ပြောပြောဆိုဆိုနှင့် အိမ်ခြံဝင်းအပြင်ဘက်သို့ ထွက်သွားလိုက်သည်။ ရွာထဲကလူတွေအကုန်လုံးကို အထွက်မခံသေးဘဲ ခြံဝင်းတံခါးကို အသေအချာ ပြန်ပိတ်ကာ အပြင်မှ သစ်တုံးတစ်ခုဖြင့် ထောက်ထားလိုက်သည်။

ဆရာလိန်က လူတွေအားလုံးဘက်သို့လှည့်ကာ…

'ကဲ… ဒေါ်အိုဇာလည်း ကောင်းကောင်းမွန်မွန် နေရစ်ပေတော့၊



လူတွေကို အမြင်မှား အသိမှားအောင် မှိုင်းမတိုက်ချင်နဲ့တော့၊ ရွာသူရွာသားတွေအားလုံးကိုလည်း ကျုပ်က နှုတ်ဆက်ခဲ့ပါတယ်၊ ဒီရွာမှာ ကျွေးကြ မွေးကြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ကျုပ်ကိုယ်ကျုပ် အမှန်အတိုင်း ဝန်ခံရရင် ကျုပ်ဟာ ဘာ ဘိုးတော်၊ ဘာ ဝိဇ္ဇာမှ မဟုတ်ပါဘူး၊ ဘာပညာမှလည်း မတတ်ပါဘူး'

'ဘယ်လိုလဲဟ'

'ဘယ့်နှယ်ပါလိမ့်'

ရွာသူ ရွာသားတွေ နဝေတိမ်တောင် ဖြစ်ကုန်ကြတော့သည်။

'တကယ်တော့ ကျုပ်ဟာ မြို့ပေါ်က ကြေးတံဆိပ်ဆုရှင် ဖန်တစ်ရာပြဇာတ်အဖွဲ့သား တစ်ယောက်ပါ၊ ဇာတ်ခေါင်းကွဲလို့ ထမင်းငတ်မလိုဖြစ်နေတုန်း အမည်မဖော်လိုသူ ရွာသားတစ်ယောက်က လာငှားရမ်းပြီး ဒီလို ဒီလို သရုပ်ဆောင်ရမယ်လို့ ဇာတ်ညွှန်းရေးပေးလို့ ကျုပ် ဒီရွာကို ရောက်လာရတာပါ၊ ဒီမှာကြည့်ကြပါ'

ဟု ဆိုကာ ဆရာလိန်က ခေါင်းမှ ဆံပင်အတု၊ မုတ်ဆိတ်အတု၊ နှုတ်ခမ်းမွေးအတုကြီးကို ဖြုတ်ပြလိုက်သည်။

'ဟာ…'

'သောက်ကမြင်းမ ဆရာလိန်'

'ဆရာလိန်၊ ဆရာညစ်'

တစ်ယောက်တစ်ပေါက်နှင့် မိုးလုံးမှိုင်းအောင် ဆဲကြ၊ မေတ္တာပို့ကြတော့သည်။

ခြံတံခါးကိုကျော်၍ထွက်လာပြီး ဆွမ်းကြီးလောင်းဖို့ ကြိုးစားသူတွေက… လက်သီးလက်မောင်းတန်းကာ ပုဆိုးကို ခါးတောင်းကျိုက်ကုန်ကြသည်။

'ရွာသားတွေ ဒေါသူပုန်ထပြီမို့ မြေတုန်အောင် ခြေကုန်ပြေးတော့မယ်၊ ရွာစားရေ… ဟစ်ဟော့နဲ့ ပို့၊ ပြေးပြီဗျို့၊ ဒန်… ဒန်… ဒန်…'

ဆရာလိန်တစ်ယောက် အရိပ်ကပစ္စည်းတွေ တနင်္ဂနွေ…

www.burmeseclassic.com



တစ်ချိုးတည်း ပြေးလေတော့သည်။

သုနန်းစံ (ခေါ်) ဒါရိုက်တာကြီး ကျွန်တော်လည်း ဆရာလိမ် မော်ကောင်လုပ်၍ ချောက်တွန်းမသွား၍သာ။

*

'ဟား… ဟား… ဟား…'

ကိုစံတုတ် ခွက်ထိုးခွက်လန် ရယ်လေသည်။

'ဒါဆို ဒါ မြို့သားလက်ချက်ပေါ့၊ ဟုတ်လား'

'ရှူး… တိုးတိုးဗျ၊ တော်ကြာ သူများတွေကြားသွားလို့ ကျွန်တော် ပါ ထွက်ပြေးနေရဦးမယ်'

နှစ်ဦးသား အတန်ကြာသည်အထိ တိတ်ဆိတ်နေပြီး အောင်မြင်မှု ကို ပီတိဖြစ်အရသာခံပြီးမှ…

'ကဲ… ဒေါ်အိုစာရော၊ ဖြူစန္ဒာကြည်ရော စုန်းမဟုတ်ဘူးဆိုတာ သိသွားလို့ ကိုစံတုတ် မကြောက်တော့ဘူး မဟုတ်လား'

ကျွန်တော့်အမေးကို ကိုစံတုတ်က မဆိုင်းမတွ ဖြေသည်။

'ဟိုတုန်းကအရှိန်နဲ့ နည်းနည်းတော့ ကြောက်သေးတာပေါ့'




www.burmeseclassic.com

www.burmeseclassic.com



— ၁၄ —

ဒီ နောက်ပိုင်းတွင် ဖြူစန္ဒာကြည်နှင့် ကျွန်တော် ရင်းနှီးမှု တွေ ပိုလာရသည်။

သူမ၏အမေကလည်း အရင်တုန်းကလို မာန်မတင်းတော့။ ဆရာ လိန်၏ ကျေးဇူးကြောင့် တော်တော်ကလေး အကျွတ်တရားတွေ ရသွားပုံ ပေါ်သည်။

အခုအချိန်မျိုးတွင် သူမကို ရည်းစားစကားပြောရန် အကောင်းဆုံး အချိန်ဖြစ်သည်ဟု ကျွန်တော် တွက်လိုက်သည်။ ဒီထက်ပိုပြီး တအားကြီး ရင်းနှီးလွန်းသွားလျှင် မကောင်း။ ရင်းနှီးမှုသည် ချစ်စကား၊ ကြိုက်စကား ပြောဖို့အတွက် အနှောင့်အယှက်ဖြစ်နေမည် စိုးရသည်။

သူမကို ရည်းစားစကားပြောရန် ဘူမိနက်သန်သည် သူမနှင့် ဆုံစည်းနေကျ လယ်စောင့်တဲကလေးမှလွဲ၍ အခြား မရှိနိုင်။ ထို့ကြောင့် လယ်စောင့်တဲကလေးဆီသို့သာ ထွက်လာခဲ့သည်။

ချစ်သူထံ လာရာလမ်းသည် ဘာပန်းတွေ ပွင့်နေသလဲ ကျွန်တော် သတိပြု ဂရုထားခြင်းမရှိပါ။ ငှက်ကလေးတွေ ပျံသန်းမြည်တွန်နေပုံနှင့် လည်း နိမိတ်မယူတတ်ပါ။ ချစ်သူကို ပြောရမည့်စကားလုံးလှလှလေးတွေ ကို ... ည်း စိတ်ကူးနှင့် ရွေးသိမလာပါ။ ခြေလှမ်းတွေလည်း ပိုသွက်မနေပါ။ ပုံမှန်အတွေး၊ ပုံမှန်ခြေလှမ်းနှင့်ပင် လျှောက်လာခဲ့ပါသည်။

ကျွန်တော့်စိတ်တွေ ဘာကြောင့် ဒီလောက်အထိ တည်ငြိမ်နေရသလဲ ... မမေးပါနှင့်။ စာမျက်နှာပေါ်မှာ ဆက်လက်ရှုစားပါ။

*

'ဒါ ဘာလဲ'

'လူပုံလေ'

'လူပုံမှန်းတော့ သိတာပေါ့၊ အဓိပ္ပာယ်မသိလို့ မေးတာပေါ့'

ကျွန်တော်ပေးထားသည့် လက်ကိုင်ပဝါ ဖြူဖြူကလေးပေါ်မှာ ...ထားသည့် မီးခြစ်ဆံလူရုပ်ပုံကလေးတွေကို သူမ အသေအချာ ပြန် ကြည့်နေသည်။

'နားမလည်ဘူး'

'ရှင်းပြရမှာလား'

'အင်းပေါ့'

'ဒီမှာလေ'

'အင်း...'

'လူပုံနှစ်ပုံ ဆွဲထားတယ်'

'ဟုတ်ပြီ'

'တစ်ယောက်က မိန်းကလေး၊ တစ်ယောက်က ယောက်ျား ...လေး'

'သိမှ မသိရဘဲကိုး၊ တကယ်ဆို ယောက်ျားလေး၊ မိန်းကလေးဆို ... သိရအောင် ဆွဲပါလား'

'အမ်... ဒီလိုဆွဲရင် ကျွန်တော်က ညစ်ပတ်တယ်ဖြစ်မှာပေါ့ ...ကြာ' ဆင်ဆာမလွတ် ဖြစ်လိမ့်မယ်'

ကျွန်တော့်ဆင်ခြေကြောင့် သူမ ရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီက အဲဒီလိုသဘောပြောတာ မဟုတ်ဘူးလေ၊ မဟုတ်တာ လျှောက်တွေးနေ၊ အဲဒီလို ညစ်ညစ်ညမ်းညမ်းဆွဲပြမှ ယောကျ်ားလေး မိန်းကလေး ခွဲခြားသိရမှာ မဟုတ်ဘူးလေ၊ သင်္ကေတတစ်ခုခု ထည့်ထား ရင် ရတာပဲဥစ္စာ၊ ဥပမာ မိန်းကလေးဆို ဆံပင်ရှည်နဲ့၊ ယောကျ်ားလေး ဆံပင်တို (ဒါမှမဟုတ်) ခေါင်းတုံးပြောင်နဲ့ ထားလိုက်ရင် ရတာပဲ'

'ဟုတ်သားပဲ၊ ဟဲ... ဟဲ... အတွေးလွန်သွားလို့'

'ဟွန်း... ဘာအတွေးလွန်တာလဲ'

'ဟုတ်တယ်လေ၊ မ,ပြောသလိုသင်္ကေတသဘောမျိုးနဲ့ ယောကျ်ား ကလေးဆို ဦးထုပ်အနီကလေးဆောင်းပြီး မိန်းကလေးဆို ပါးကွက်ကျား ကလေးထည့်လိုက်ရင် အိုကေပြီပေါ့'

ကျွန်တော်ဆောင်းလာသည့် ဦးထုပ်အနီကလေးကို ကြည့်၍ သူမ က မျက်စောင်းထိုးလေသည်။

'ကဲပါ... ပြောလက်စ စကားကို ဆက်ပြောပါ'

ပါးကွက်ကျားကလေးကို ငေးမောနေမိသော ကျွန်တော့်အပြုအမူ ကြောင့် အနေရခက်သလိုဖြစ်ကာ ပြောလာသည်။

ကျွန်တော်ကလည်း စောစောက စကားစကို ပြန်ကောက်ရသေး သည်။ တကယ်တော့ စကားစပြန်ကောက်တယ်ဆိုတာ ပစ္စည်းကျသွားလို့ ပြန်ကောက်သလို ကောက်ရတာမျိုးတော့ မဟုတ်ပါ။

'ခုနကစကား ဘယ်ရောက်သွားပြီလဲ'

'ဘာမှ မည်မည်ရရ မရောက်သေးဘူးလေ'

'ဟုတ်လား၊ တော်တော်စကားလွန်နေပြီ မှတ်တာ'

'ဘာလဲ'

'ကြားဖူးတယ် မဟုတ်လား၊ ကြမ်းကျွံရင် နှုတ်လို့ရတယ်၊ စကား ကျွံရင် နှုတ်မရဘူးဆိုတာ၊ သဒ္ဒါလွန်ရင် တဏှာကျွံဖြစ်တတ်တယ် ဆို လားပဲ'



'ဘာတွေ လျှောက်ပြောနေတာလဲ'

'ဘာမှ မဆိုင်ဘူးလား'

**'အင်း...** ဘာမှမဆိုင်ဘူး'

**'ဟုတ်လား၊** ထင်တော့ ထင်သားပဲ၊ မဆိုင်ပါဘူးလို့'

'မဆိုင်ဘဲနဲ့များ ဘာလို့လျှောက်ပြောနေသလဲ'

'မဆိုင်ပေမယ့် ပိုင်ချင်တာကိုး'

'သူနော်'

သူမ စိတ်မရှည် ဖြစ်လာပုံပေါ်သည်။ ကျွန်တော်ကလည်း စကား ွှ ချော်နေတာကိုး။ ဒီထက်ပိုပြီး စိတ်မဆိုးခင် စကားကို လမ်းမှန်ပေါ် န်တင်လိုက်ရသည်။

'အဲဒီ ယောကျ်ားကလေးနဲ့ မိန်းကလေးရဲ့ လက်တစ်ဖက် အောက် ထားပြီး လက်တစ်ဖက်ဆီက တန်းထားတယ်လေ'

'ဘာလဲ... ဘန်းညှိမလို့လား'

ကျွန်တော်က အတည်ပြောတော့ သူမက ဖောက်လာပြန်သည်။ ွန်တော်ပါရော၍ ဖောက်လိုက်ရလျှင် ပြောလိုသည့်စကားကိုပင် ရောက် ာ့မည်မဟုတ်။

'အဲဒီ တန်းထားတဲ့ လက်နှစ်ခုအကြားမှာ နည်းနည်းကွာဟနေ ယ် မဟုတ်လား'

'အင်းလေ'

အခုထိ သူမ ဘာမှန်းမသိသေး။ ဘယ်သိပါ့မလဲ။ ကျွန်တော့် ေးခွန်းက ကျွန်တော်တစ်ယောက်တည်းသာ သိနိုင်မယ့် မေးခွန်းမျိုးကိုး။

'ရော့... ဆော့ပင်လ်'

သူမ၏လက်ကို ဆော့ပင်လ်တစ်ချောင်း ထည့်ပေးလိုက်သည်။

'ဘာလဲ'

သူမက နားမလည်စွာမေးသည်။ ကျွန်တော်က လက်ပါးကာပြ က်...

www.burmeseclassic.com

www.burmeseclassic.com



'ဆက်ပြောမယ်လေ၊ ယောကျ်ားကလေးရဲ့ လက်တစ်ဖက် နည်းနည်းပိုရှည်ထားတယ်'

'ဘာဖြစ်လို့လဲ'

'မိန်းကလေးကို ကမ်းလှမ်းတဲ့ သဘောလေ၊ မိန်းကလေးလက် တော့ နည်းနည်းတိုထားပြီး ဆက်ဆွဲဖို့ ချန်ထားတယ်၊ အဲဒါကို 'မ' ဆက်ဆွဲရမှာ'

'အလိုရှင်…'

သူမက မျက်လုံးပြူးပြသည်။

'ဘာကမ်းလှမ်းတာမှန်း မသိဘဲနဲ့ ရမ်းပြီးသဘောတူလို့ မလား၊ ဥပမာ ချောက်ထဲအတူတူခုန်ချရအောင်ဆိုပြီး လက်လာဆွဲတာ ဆို ဘယ့်နှယ်လုပ်မလဲနော်'

'အပါး… 'မ'က အတူတူ မသေရဲဘူးလား'

'မသေရဲပါဘူး၊ ဘာဆိုင်လို့ အတူတူသေရမှာလဲ'

သူမက ကျွန်တော့်ဆိုလိုရင်းအဓိပ္ပာယ်ကို သဘောပေါက်လာ ဖြင့် မျက်နှာကို ခပ်လွှဲလွှဲထားကာ ပြောသည်။ ကျွန်တော် သူမ၏ ရှက်ဝဲ ပုံစံကလေးကိုကြည့်ကာ အားတက်သရော ပြောလိုက်သည်။

'ထားပါလေ၊ မသေရဲရင် နေရဲရမှာပေါ့၊ အတူတူလေ၊ သွားအတူ နားအတူတူ၊ စားအတူတူ'

အိပ်အတူတူဆိုတာကိုတော့ ဆက်ပြော၍ မသင့်တော်သဖြင့် မပြောလိုက်ပါ။ သူမက တစ်ဖက်သို့ မျက်နှာကိုပိုလှည့်လိုက်ကာ…

'အိုး… ဘာဆိုင်လို့လဲ မသိဘူး'

သူမ၏အသံက ခပ်ဆတ်ဆတ် ခပ်မာမာဖြစ်နေပေမယ့် တမင် လုပ်ပြောနေသည့် ပုံစံမျိုးမှန်း သိသာလှသည်။

'သိပါ မရဲ့၊ ဒီက မကို ချစ်မိနေတာ သိနော်၊ မ… မကို ချစ် တယ်'



'အိုး… သိဘူး၊ ဒ သွား… သွား… ဘာတွေလာပြောနေ တာလဲ'

နောက်ကျောပေးလျက် လက်ကလေးမြှောက်ကာ သူမက စူးစူး ရှရှ အသံကလေးဖြင့် နှင်လွှတ်နေသည်။

သူမ ရှက်စိတ်မွှန်နေပြီ။

ဒီထက်ပို၍ စွတ်ဆက်ပြောနေလျှင် ရှက်လွန်းပြီး ဒေါသဖြစ်သည့် ဘက်ကို ကူးသွားကာ ရှက်ဒေါသ ဖြစ်သွားနိုင်သည်။ သူမကို စိတ်အနှောင့် အယှက်ဖြစ်ရလျှင် ချစ်မိသည့်စိတ်ကလေး ကွယ်ပျောက်ကာ မျက်မုန်း ကျိုးသည့်စိတ်၊ အမြင်ကတ်သည့်စိတ်မျိုးတွေ ဝင်လာနိုင်သည်ဟု တွေး ကာ…

'မနဲ့အတူတူ လက်တွဲပြီးတော့ ဘဝခရီးကို အတူလျှောက်ပါရစေ မရယ်၊ အဲဒီအတွက် မဘက်က လက်ကလေးကို ဟောဒီဆော့င်လ်နဲ့ ဆက်လိုက်ပါနော် မ'

လက်ကိုင်ပဝါကလေးနှင့် ဆော့ပင်လ်ကလေးကို သူမအနီးတွင် ချထားခဲ့ကာ အောင်မြင်စွာ ဆုတ်ခွာခဲ့သည်။

*

ကျွန်တော် ခပ်လှမ်းလှမ်း ရောက်သည့်အထိ သူမက ဒီအတိုင်း ထိုင်နေဆဲ။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း၊

ဆယ်လှမ်း၊ ဆယ်ငါးလှမ်း၊ နှစ်ဆယ်။

ကျွန်တော် သူမကို ပြန်လှည့်ကြည့်လိုက်သည်။

လက်ကိုင်ပဝါကလေးကို ကောက်ယူရန် ကျွန်တော် လှမ်းလာခဲ့ သည့်အဝေးကို ရောက်သွားပြီလားဟု စုံစမ်းစေ့ငုသည့်သဘောဖြင့် လှမ်း ကြည့်လိုက်သော သူမ၏ မျက်ဝန်းများနှင့် ဆုံသည်။

www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂ။

ရင်ထဲတွင် ပန်းပေါင်းများစွာ ပွင့်သွားသည်။

သနပ်ခါးရနံ့တွေ လှိုင်လှိုင်ကြီး ထုံသင်းသွားသည်။

ထို လျှပ်တစ်ပြက်သည် ရင်ထဲ ပီတိပေါင်းများစွာ။

သူမ ဆတ်ခနဲ ပြန်လှည့်သွားသည်။

မာယာဆိုတာ များလွန်းရင် လိမ်ညာယုတ်ညံ့ခြင်းသက်သက်။

ပါးကွက်ကျား ချစ်သူကလေး၏ မာယာပါးပါးကလေးကတော့ ရင်ခုန်မြတ်နိုးမှုကို နှိုးထရုံ၊ ချစ်မေတ္တာကို ဖမ်းစားရုံသာ။ သိပ် သိပ်ချစ်စရာကောင်းသော ပါးကွက်ကျားမလေး ဖြူစင်နွားကြည်။



သံသေ တစ်ဆွေ၀၊

ပြဒါးသေ တစ်ပြည်၀ သတဲ့။

အာသာငမ်းငမ်း နှလုံးသားကတော့

ပြဒါးလည်း မဖမ်းချင်၊ သံလည်း မဖမ်းချင်။

အချစ်တစ်ခုကို

အချစ်တစ်ခုနှင့် ဖမ်းယူနေပါသည်၊

ဗိုလ်ထိုးသလို လိုက်ဖိနေသော

ရင်ဘတ်မှာ...

www.burmeseclassic.com

**–၁၅–**

နောက်နေ့များတွင် ကျွန်တော်သည် သူမထံမှ ပြန်လည်တုံ့ပြန်လာမည့်အချစ်ကို တောင်းခံရတော့သည်။ စကားပုံ ကစ်ခု ကို ဖျက်လိုက်ပါမည်။

'အချစ်ရှာ ပမာသူဖုန်းစား' ဟူ၍။

အချစ်တစ်ခုနှင့် အချစ်တစ်ခုကို တောင်းခံပါသည်။

မြို့မေတ္တာ ခံယူမယ့်သားပါဗျလို့ ဓာတ်သံမနှောချင်။ တစ်ကမ္ဘာလုံး မုန်းချင်မုန်းပါစေ။ သူမမေတ္တာ တစ်ခုတည်းသာ ခံယူလိုပါသည်။ သူမ၏အချစ်တွေ သိုလှောင်ဖို့ ရင်ဘတ်ထဲတွင် ဂိုဒေါင်ကြီးကြီးတစ်လုံး ဆောက်လုပ်ထားပါသည်။

ကျွန်တော် အမျှော်လင့်ဆုံးအရာနှင့် အလိုချင်ဆုံးအရာသည် သူမ၏ အချစ် ဖြစ်သည်။

အများက တင်စားကြသလို အချစ်သည် သောက်လေ၊ သောက်လေ ငတ်မပြေသည့် ဆားငန်ရေဆိုလျှင် သမုဒ္ဒရာဝမ်းဗိုက်ကို ငှား၍ ကျွန်တော် သောက်မည်။ အချစ်သည် လူတိုင်း လူတိုင်းအတွက် မိုးခါးရေပင် ဖြစ်လိမ့်မည်။ ထို မိုးခါးရေကိုသောက်၍ ရူးသွပ်စွာ ချစ်ချင်ပါသည်။

လူ့မှာသည် အမဲခြောက်ကို ဘယ်သူ့ဆီမှာတောင်းသနည်း။ သမားဆီမှာလား၊ မွေးချင်းသားချင်းဆီမှာလား။



ဘိန်းစားသည် ဘယ်သူ့ကို ချွဲသနည်း။ မိဘကိုလား၊ မယောဆိုလား။

ကျွန်တော် မသိပါ။

ဒါပေမဲ့ အမဲခြောက်တောင်းသော လူနာ၊ ချွဲပျစ်တတ်သော ဘိန်းစားသည် ကျွန်တော်ဖြစ်၍နေသည်။ သူမဆီမှ အဖြေကိုရဖို့အတွက် တဂျီဂျီ၊ တအီအီ ပူဆာတောင်းဆိုနေသည့် ကလေးဆိုးတစ်ယောက်ဟုလည်း ဆိုနိုင်သေးသည်။

ဆုပ်ထားသည့် လက်သီးဆုပ်ထဲသို့ ဘာမှကျမလာနိုင်။ ဖြန့်ထားသောလက်ဖဝါးထဲသို့ တစ်စုံတစ်ရာကျလာနိုင်သလို။ ဤသို့သော ယုံကြည်ကိုးစားမှုဖြင့် ကျွန်တော့်လက်ဖဝါးပေါ် ချစ်ခြင်းလရောင်တစ်ဆုပ်၊ မေတ္တာကြယ်တစ်စင်း၊ သနပ်ခါးရနံ့ကလေးတစ်စုံ။

သံသေ တစ်ခွေ၊ ပြဒါးသေ တစ်ပြည်ဖ သတဲ့။ အာသာငမ်းငမ်းနှလုံးသားကတော့ ပြဒါးလည်း မဖမ်းချင်၊ သံလည်း မဖမ်းချင်။ အချစ်တစ်ခုကို အချစ်တစ်ခုနှင့် ဖမ်းယူနေမိသည်။ ဖိုထိုးသလို လှိုက်ဖိုနေသော ရင်ဘတ်မှာ...

ဖြူစနွာကြည်။

ဖြူစနွာကြည်။

ပါးကွက်ကျားမလေး ဖြူစနွာကြည်။

*

ဤသို့ဖြင့် 'ကဒ်' ဆိုသော ဒါရိုက်တာ၏အော်သံတစ်ခုဖြင့် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာသာ ရက်ကွေ၊ လတွေကို ကျော်လွှားလို့ရပေမယ့် ကဒ်ခွဲ၍မရသော အပြင်လောကမှာတော့ သူမအချစ်ကိုရဖို့ ရှေးရေးကစံချိန်စံညွှန်းလို သုံးနှစ်သုံးမိုး မဟုတ်သော်လည်း သုံးလပြည့် သုံးလကျွယ် တိတိ။

www.burmeseclassic.com



ဒါတောင်မှ 'ချစ်တယ်'ဟု တိုက်ရိုက်အဖြေရခဲ့တာ မဟုတ်။ အင်းလေ… ဒါကတော့ ကိုယ့်အတတ်ကိုယ်စူး၊ ကိုယ့်ရှူးကိုယ်ပတ် ဖြစ်ရတာပါ။ ကျွန်တော် သူမကို ရည်းစားစကားပြောစဉ်ကတည်းက 'ချစ်တယ်' လို့ တိုက်ရိုက်ပြောခဲ့တာမှ မဟုတ်ဘဲကိုး။

မယောသလို လက်သီးဆုပ်ပြရင် ဟိုဘက်ကလည်း အမရာလို လက်ဝါးဖြန့်ပြမှာပေါ့။ (အခုခေတ်ကလည်း အမရာလို အထာနပ်တဲ့ ကောင်မလေးတွေချည်း)

ဘိုဘိုဟန်လို *'နင့်ကို ငါ ချစ်တယ်၊ ငါ့ကို နင် ချစ်မလား'* လို့ တိုက်ရိုက်ပြောရင် 'ကျုပ်ကိုတော်ချစ်ရင် တော့်ကို ပြန်ချစ်မယ်' လို့ ဖြေမှာပေါ့။ မချစ်ဘူးဆိုရင်တော့ အမရာလို လက်ဝါးထောင်ပြပြီး 'ကျွန်မ လက်ဝါး ပါးမရွေးဘူး' လို့ ပြန်ပြောမှာပေါ့။

အခုတော့ ကျွန်တော့်ဖြစ်ပုံက…

'ရော့…'

သူမက လက်ကိုင်ပဝါ အခေါက်ကလေးကို စတာပလာနဲ့နှိပ်ပြီး ပေးသည်။

ကျွန်တော်ပေးထားသည့် လက်ကိုင်ပဝါကလေးနှင့်ပင် ပြန်ပြီး အဖြေပေးခြင်း ဖြစ်သည်။ ကဲ… ဘယ်လောက် ကုန်ကျစရိတ် သက်သာထားသလဲ။ စာရွက်ဆိုရင်တောင် အသစ်တစ်ရွက် ထပ်သုံးပြီး အဖြေပေးရမှာ။ ဟော… လက်ကိုင်ပဝါနဲ့ဆိုတော့ တူးအင်ဝမ်းဖြစ်လို့။ ချစ်ခွင့်ပန်တော့လည်း ဒီလက်ကိုင်ပဝါ၊ အဖြေပေးတော့လည်း ဒီလက်ကိုင်ပဝါ။ ရီဆားဂဲလ် ဖြစ်စဉ်ကို တွင်တွင်ကျယ်ကျယ် သုံးနေကြသည့် ကမ္ဘာ့နိုင်ငံ အတော်များများက နိုင်ငံသူ၊ နိုင်ငံသားတွေတောင် စာတစ်ရွက်၊ လက်ကိုင်ပဝါ တစ်ထည်တည်းနှင့် အဖြေတောင်းတဲ့ အရာဝတ္ထုပစ္စည်းပေါ်မှာပဲ အဖြေပြန်ပေးတတ်တဲ့နည်းကို သုံးတတ်ကြမှာ မဟုတ်သေးဘူး။

အင်တာနက်ချစ်သူတွေ၊ တယ်လီဖုန်း ချစ်သူတွေထက် ဝန်ကျဉ်းပြီး ကုန်ကျစရိတ်နည်းနည်းနှင့် ချစ်သူဖြစ်ရခြင်းကို ဂုဏ်ယူပါ။ ပါးကွက်



ကျားချစ်သူလေး ဖြူစန္ဒာကြည်။

'ဒါကို အခုဖွင့်ကြည့်မယ်နော် မ'

'ဟင့်အင်း'

စတာပလာပင်ကလေးကို ဖြေ၍ လက်ကိုင်ပဝါခေါက်ကလေးကို ဖွင့်ကြည့်ရန် ဟန်ပြင်နေသော ကျွန်တော့်ကို သူမက ကန့်ကွက်သည်။

'အိမ်ရောက်မှကြည့်၊ ကတိနော်… လမ်းမှာ ဖွင့်မကြည့်ရဘူး၊ သိလား'

'ဟုတ်ကဲ့ပါ… ပါးကွက်ကျားကလေးရယ်'

ကျွန်တော် သူမ၏စကားကို အတိအကျ လိုက်နာခဲ့ပါသည်။

*

'ဟော့… တူမောင်ရေ၊ မင်းကောင် စံတုတ်ကတော့ ယာထဲသွားတာ နေတော်တော်မြင့်နေပြီ မပြန်လာသေးဘူးဟေ့'

'ဟုတ်ပါ့တော်… အခါတိုင်း ဒီအချိန်ဆို ပြန်ရောက်နေပြီ၊ ဒီနေ့မှ ဘာလို့ နောက်ကျနေတာပါလိမ့်တော်'

ကျွန်တော် ပြန်ရောက်ရောက်ချင်း ဦးကြီးနှင့် ဒေါ်ကြီးလှယဉ်တို့က ကိုစံတုတ် ပြန်ရောက်မလာသေးသဖြင့် စိတ်ပူစွာ ဆီး၍ပြောလေသည်။

'ဒါဆို ကျွန်တော် လိုက်သွားလိုက်မယ်လေ'

အနေကြာလာသောကြောင့် မွေးချင်းသားချင်း အရင်းအချာလို ဖြစ်နေသော ကိုစံတုတ်တို့ မိသားစုသည် ကျွန်တော့်မိသားစုလိုပင် ဖြစ်လာသည်။ သူတို့အပျော်သည် ကျွန်တော့်အပျော်ဖြစ်ပြီး သူတို့အပူသည် ကျွန်တော့်အပူပင် ဖြစ်ရသည်။

ထို့ကြောင့် ကိုစံတုတ်နောက်သို့လိုက်ရန် အပေါ်ရုပ်အင်္ကျီကို[illegible]၍ တိုင်မှ သံငုတ်တွင်ချိတ်ကာ တီရှပ်စွပ်ကျယ်ကလေးနှင့်ပင် [illegible]ခဲ့သည်။

လမ်းမှာပင် ကိုစံတုတ်နှင့် တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'မြို့သားရေ… ဒီနေ့တော့ ယုန်သားနဲ့ ထမင်းမြိန်ဦးတော့မယ်၊ မိဝါ(ခွေးမကလေးကို ဆိုလိုသည်)နှင့် ယုန်လိုက်နေလို့ နည်းနည်းကြာသွားတာ'

ကိုစံတုတ်က လက်ထဲတွင် ဆွဲလာသော ယုန်တစ်ကောင်ကို မြှောက်ပြရင်းမှ ပြောသည်။

'ဒါပေမဲ့ မြို့သားက အလကားတော့ မစားရဘူး၊ ပိုက်ဆံပေးမှ စားရမယ်'

'ဗျာ…'

ကျွန်တော် အံ့သြသွားရသည်။ ခြံထဲမှ ကြက်ဖ၊ ကြက်မများကို ပင် နှမြောတွန့်တိုခြင်းမရှိဘဲ အလျှဉ်းသင့်တိုင်း သတ္တဝါ လူချတ်မှကျွတ်တာဟူသောစကားကို လက်စွဲပြု၍ တစ်ကောင်ပြီးတစ်ကောင် သတ်ဖြတ်ကျွေးခဲ့သော ကိုစံတုတ်က အခုမှ အစားတစ်လုပ်အတွက်နှင့် ငွေစကားပြောလာသည်။

ကျွန်တော် ဝမ်းနည်းစိတ်တို ဖြစ်သွားရသည်။

'အဲဒီ ယုန်တစ်ကောင်လုံး ကျွန်ုပ်တော် စားမယ်၊ ဘယ်လောက်ပေးရမလဲ၊ ပြောစမ်း ကိုစံတုတ်'

ဒေါသဖြစ်စွာ မေးလိုက်သည်။

'ပြားတစ်မတ်'

'ဘယ်လို…'

နဝေတိမ်တောင် ဖြစ်သွားရပြန်သည်။

'ယုန်သားဆိုတာ ညှီသည်ကို မကျွေးကောင်းဘူး မြို့သားရဲ့၊ ညှီလန့်တတ်တယ်၊ ညှီလန့်တယ်ဆိုတာ ဘယ်လောက်ပဲ ခင်မင်ရင်းနှီးတဲ့ ညှီသည်ပဲဖြစ်ဖြစ် အဲဒီ ယုန်သားကိုကျွေးလိုက်ရင် အလိုလို အခင်မင်ပျက် မေတ္တာပျက်ပြီး နောက်ကို ဘယ်တော့မှ မလာချင်တော့ဘူး မြို့သားရဲ့၊ အဲဒါကြောင့် စတိဖြစ်ဖြစ် ပိုက်ဆံတောင်းရတာ၊ အလကားနဲ့ မကျွေးကောင်းဘူး'



'သြော်… ဒီလိုလား'

ကိုစံတုတ်အပေါ် ထားရှိသည့် ကျွန်တော့်ဒေါသတွေ နေလှန်းခံရသည့် ရေခဲတုံးပမာ အရည်ပျော်သွားရသည်။

*

'မြို့သားရေ… ထမင်းစားရအောင်ဟေ့၊ ယုန်သားကျက်ပြီ၊ သံပရာကလေးနဲ့ ထမင်းကတော့ မြိန်တော့မှာပဲဟေ၊ ဟေ့…'

ကိုစံတုတ်က မီးဖိုထဲကနေ လှမ်းခေါ်သည်။

'လာပြီ ကိုစံတုတ်ရေ'

ကိုစံတုတ်ကို လှမ်း၍အသံပြုရင်း အင်္ကျီချိတ်သို့ လှည့်ကြည့်လိုက်သည်။

'ဟာ…'

ခေါက်ထီးကလေးတစ်လက်ဖြင့် လေယာဉ်ပျံပေါ်မှ ခုန်ချလိုက်သောသူလို ဝိညာဉ်လွင့်မတတ် ဖြစ်သွားရသည်။

တိုင်တွင် ချိတ်ထားခဲ့သည့် အင်္ကျီကလေး မရှိတော့။

အခုအချိန်မှာတော့ ကျွန်တော့်အသက်သည် ထိုအင်္ကျီကလေး၏ အိတ်ကပ်ထဲတွင် ရှိနေသည်။

'တိုင်မှာချိတ်ထားတဲ့အင်္ကျီ ဘယ်ရောက်သွားလဲ ဦးကြီး'

အနားတွင် အေးအေးလူလူ ဆေးလိပ်တဖွားဖွား ဖွာနေသည့် ဦးကြီးကို မေးလိုက်ရ၏။

ဦးကြီးက ရှိုက်လက်စ ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်ရင်း လက်ညှိုးကို ရှေ့တူရူသို့ ထိုးပြသည်။ ကြည့်လိုက်တော့ ရုပ်ရှင်၊ ဗီဒီယို ခင်းသမီးကလေးတစ်ယောက် ဖြောင့်ပါသည်ဟူသော ကိုယ်ခန္ဓာကို တွန့်လိမ်ကောက်ကွေးစွာ ရပ်လျက်နေသည့် ပြကွဲဒိန်ပုံ။

'သူ… သူ… လျှော်ဖွပ်ဖို့ ယူသွားတာပဲ'

'ဗျာ…'

www.burmeseclassic.com



ပြက္ခဒိန်ကို တစ်လှည့်၊ ဦးကြီးကိုတစ်လှည့် ကြည့်လိုက်မိသည်။ ရှုးသွားတာတော့ ဟုတ်ဟန်မတူပါ။

'ဘာလဲ ဦးကြီး'

ကျွန်တော် ထပ်၍မေးရသည်။

'ဩော်… မလှယဉ် ယူသွားပြီး လျှော်ချေတာ'

လက်စသတ်တော့ ဦးကြီးလက်ညှိုးက ဒေါ်ကြီးကို ရည်ညွှန်းတာကိုး။

'ကျွန်တော် လိုက်သွားလိုက်ဦးမယ်၊ အဲဒီအင်္ကျီထဲမှာ အရေးကြီးတဲ့ ပစ္စည်းတစ်ခုပါသွားလို့'

ပြောကာ အိမ်ရှေ့ဆီသို့ ပြေးထွက်ခဲ့သည်။

'ဘယ်သွားဦးမလို့လဲ မြို့သားရဲ့၊ ထမင်းစားမယ်လေ'

'စားနှင့် ကိုစံတုတ်ရေ၊ ထမင်းထက် အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့၊ ဝမ်းရေးထက် လွမ်းရေးခက်တယ်ဗျ'

အူကြောင်ကြောင်နှင့် ကိုစံတုတ် ကျန်နေရစ်ခဲ့သည်။

*

ရွာလယ်လမ်းအတိုင်း ပြေးလွှားလာသည့် ကျွန်တော့်ကို လူတွေအတူးတဆန်း လှည့်ကြည့်ကြသည်။ သူတို့ အဓိပ္ပာယ်အမျိုးမျိုးကောက်ကာ ပေါက်ပေါက်ဖောက်သလို ပြောဆိုဝေဖန်နေကြသည်ကို ဂရုမစိုက်အားနှလုံးသားတစ်ခုလုံးကို ရင်းထားရသည့် ကံကြမ္မာနှင့် အပြေးပြိုင်နေရတာကိုး။

ပြေး… ပြေး…။

ပြေးထား။ မာရ်နတ်ရဲ့ လက်ရုံးတစ်ထောင်က လက်လွှတ်ထွက်လာသည့် ခွေးအကောင်တစ်ထောင် လိုက်ဆွဲခံရသလို ပြေး… ပြေး… ပြေးနိုင်မှ မီမည်။ ကိုယ့်ကိုယ်ကိုယ် အားပေးကာ ရွာလယ်ရေတွင်းဆီသို့ တစ်ဟုန်ထိုး ပြေးလာခဲ့ရသည်။



ရေချိုးသူ၊ ရေခပ်သူ၊ အဝတ်လျှော်သူများနှင့် ပြည့်နေသော ရွာလယ်ရေတွင်း။

ဒေါ်ကြီးလှယဉ်လည်း ဝါးရင်းတုတ်ကြီးတစ်ချောင်းနှင့် အဝတ်လျှော်နေသည်။

ဘုရား၊ သိကြားမလို့ အင်္ကျီကလေး မလျှော်မိပါစေနှင့်။

ဒေါ်ကြီးလှယဉ်ဘေးတွင် ပုံထားသည့် အဝတ်ပုံတွင်းမှ ကျွန်တော့်အင်္ကျီကလေးကို ရှာနေမိသည်။

'ဟာ… တော်သေးတယ်'

ခပ်လှမ်းလှမ်းမှပင် မလျှော်ရသေးသည့်(ရေမစိုသေးသည့်) အဝတ်ပုံထဲတွင် ကျွန်တော့်ရှပ်အင်္ကျီ မီးပြာရောင်ကလေးကို မြင်လိုက်မှပင် ရင်ထဲမှ မီးစသည် ရှဲခနဲ ငြိမ်းသွားတော့သည်။

သို့သော် ကံကြမ္မာက အရှုံးပေးသလိုလိုနှင့် ကြိုးပုံပေးကာ အားအလျှော့တွင် ရုတ်တရက် ဆောင့်ဆွဲခြင်းကို လျှပ်တစ်ပြက် ပြုလိုက်ပြန်သည်။

'ဟိုး… ဟိုး…'

ဆပ်ပြာမြှုပ်တွေ ထနေသည့် သံပုံးထဲသို့ထည့်ရန် ဟန်ပြင်လိုက်သည့် ဒေါ်ကြီးလှယဉ်၏လက်ထဲ၌ ကျွန်တော့်အင်္ကျီကလေးက အထင်းသားပါလာသည်။

'ဟို… နေဦး… နေဦး'

ကျွန်တော့်အော်သံကြောင့် နောက်ချေး(နွားချေး) တင်လာသောလှည်းသမားက သူ့ကိုတားသည်မှတ်ကာ နွားကြိုးကို ဆွဲ၍ရပ်သည်။ ဒေါ်ကြီးလှယဉ်ကတော့ ကျွန်တော့်အော်သံကို မကြား။ ခါးတောင်းကျိုက်တခြား၊ ဖင်တခြား ဖြစ်ရပြီ။

အသည်းနှလုံးပါသည့် အင်္ကျီကလေးကို အက်ဆစ်ဓာတ်ပါသည့် ဆပ်ပြာရေထဲသို့ နှစ်ထည့်လိုက်သည်။

'သေရောကွာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ စိတ်ပျက်လက်ပျက် ညည်းသံကို ဒေါ်ကြီးလှယဉ်က မကြား။ ခုံဖိနပ်(မိုးစိုစီး သစ်သားဖိနပ်)အောက်တွင် အနင်းခံလိုက်ရသည့် ခရုကလေးက သူ့ကိုပြောတယ်ထင်ပြီး အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားသည်။

ကျွန်တော့်အသည်းနှလုံးသည်လည်း သေပြီ ဆရာ။



မေတ္တာတရားခေါင်းပါး၍ စိတ်တိုလွယ်ခြင်း၊ သည်းမခံစိတ်မရှည်တတ်ခြင်း၊ ကိုယ်နှုတ်အမူအရာ ခက်ထန်ကြမ်းတမ်း ရိုင်းစိုင်းတတ်သူကို အချစ်နှင့် ထိတွေ့ကသပါက ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့ကာ ရည်မွန်ပြေပြစ်သော လူတော်လူကောင်း တစ်ယောက် ဖြစ်လာနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## -၁၆-

ကောက်ကြောင်းတို့ပျက်ပြားကာ အပြာရောင်အကွက်ကြီးဖြင့်သာ ရုပ်ဆိုးအကျည်းတန်စွာ ရှိနေသည့် လက်ကိုင်ပဝါကလေးကို ရင်နာစွာ ကြည့်နေမိသည်။

ယုန်သားဟင်းကိုလည်း မစားဖြစ်လိုက်ပါ။

ဘာကြောင့်များ မေတ္တာသင်္ကေတ၊ ချစ်ခြင်းသင်္ကေတဆေးတွေ ပျက်ပြယ်သွားရပါသနည်း။

သူမကိုချစ်သော ကျွန်တော့်အချစ်သည် အချိန်တန် အိမ်ပြန်သွားမည့် ဧည့်သည်တစ်ယောက် အချစ်မျိုး မဟုတ်ရပါ။ တစ်ခေါက်လာပြီး တစ်သက်လုံး ပြန်သွားမည့် ဧည့်သည်အချစ်မျိုးမဟုတ်ဘဲ တစ်ဘဝစာ အိမ်မပြန်ကြေး ချစ်မည့်သူသာ ဖြစ်ပါသည်။

သို့ပါလျက် အတိတ်ကံ ကွက်ကျား၍ ပါးကွက်ကျားကလေးနှင့် ကျွန်တော် ဝေးရတော့မှာလား။

ရင်ထဲတွင် ယောက်ယက်ခတ် ပူလောင်လျက်။ မျက်ရည်တို့ စွေသီနေ၏။

မဖြေနိုင်သော အရာဂဏ္ဍာ စာမေးပွဲ။ ဟုတ်သည်။ လက်နှစ်ဖက် ဆက်သည်၊ မဆက်သည်ဟူသော ပုစ္ဆာကို မကြည့်ခဲ့မိ၍။ ယခု အချစ်စာမေးပွဲတွင် တစ်မှတ်တည်းနှင့် ကပ်ရှုံးကာ သုညလုံးလုံးရခဲ့သည့်အဖြစ်၊



ထောင့်ငါးရာမှတ်ဖိုး ပေးထားသည့် အဖြေလွှာစာရွက်ကို မပျောက်ရှအောင် မထိန်းသိမ်းနိုင်ခဲ့ခြင်းသည် ကျွန်တော့် ညံ့ဖျင်းမှုဟူ၍သာ။

'ဒီလောက်လည်း စိတ်ဆင်းရဲမနေစမ်းပါနဲ့ မြို့သားရာ၊ မြို့သား ဖြစ်နေပြီးတော့ အသည်းက ပျော့လိုက်တာ လွန်ရော၊ ဒါလေးများ အလွယ်ကလေးရယ်၊ ဘာမှမခက်ဘူး၊ ဖြူစင်နှာကြည်ဆီကို တစ်ခေါက်ပြန်သွားနှင်ပေးလိုက်တဲ့ အဖြေစာရွက်၊ အဲ... လက်ကိုင်ပဝါကပျက်သွားလို့ နောက်ထပ် ထပ်ပြီး အဖြေပေးဦးလို့ သွားပြောလိုက်ရင် ပြီးတာပဲဥစ္စာ'

ကိုစံတုတ်ကတော့ လွယ်လွယ်ကလေးတွေးကာ နှစ်သိမ့်သည်။ မြစ်တစ်ခုထဲတွင် နှစ်ခါရေဆင်းချိုးလို့ မရသလို မိန်းကလေးတစ်ယောက်၏အဖြေကိုလည်း နှစ်ခါတောင်း၍ မရစကောင်းဆိုတာ သိပုံမပေါ်။

တကယ်တော့ မိန်းကလေးတစ်ယောက်ရဲ့အဖြေဟာ အပေါင်ဆိုင်က အပေါင်လက်မှတ် ဖြတ်ပိုင်းကလေးတစ်ခုလိုပါပဲ။ ကိုယ်က အသည်းနှလုံးတစ်ခုလုံးကို သူတို့ဆီမှာ ပေါင်ထားတာမှန်ပေမယ့် ပေးလိုက်သည့် အပေါင်လက်မှတ်ကလေး ပျောက်ဆုံးသွားလျှင် ပေါင်ထားသည့် အသည်းနှလုံးပါ ရှုံးပြီ။ ဘယ်သူကမှ ပျောက်သွားသည့် အပေါင်လက်မှတ်အတွက် နောက်ထပ် လက်မှတ်တစ်ခု ရေးပေးမှာမဟုတ်တော့။

အချစ်စာမေးပွဲ အဖြေလွှာသည် နှစ်ခါ ရေဆင်းမချိုးနိုင်သည့် မြစ်ထဲ၌ သောင်မတင် ရေမကျ ကိုးလိုးကန့်လန့်ဖြစ်ကာ အပေါင်ရှုံးပြီထင် ပါသည်။

*

အပူပေါင်းများစွာထက် ကိလေသာမီးအပူက ပိုပူသည်။

ဒုက္ခပေါင်းများစွာထက် အချစ်ဒုက္ခက ပိုဆိုးပါသည်။

အနာရောဂါပေါင်းများစွာထက် အချစ်နာက ပိုနာလှသည်။

အပူကို အပူမှန်းသိလျက်၊ အနာကို အနာမှန်းသိလျက်၊ ဒုက္ခကို ဒုက္ခမှန်းသိလျက် မပယ်မသတ်၊ မရှောင်မခွာ တွယ်တာတာ ဒုက္ခသစ္စာထို

www.burmeseclassic.com

www.burmeseclassic.com



သမဒယဖွဲ့ကာ နေမိပြန်သည်။

အချစ်စိတ် ဖိစီးနှိပ်စက်သဖြင့် မအိပ်နိုင် (ကြမ်းပိုးမကိုက်ပါ) ထမင်းဟင်းမစားနိုင် (ခေါက်ဆွဲကြော်စားထား၍ မဟုတ်) လင်းတမှိုင်မှိုင်နေရသည်။

အအေးမိ အနိုးငှပ်ဖျားလျှင် စောင်ခေါင်းမြီးခြုံ၍ ချွေးထုတ်ရသည်။ အချစ်မိဖျားလျှင် စောင်ခေါင်းမြီးခြုံ၍ ချွေးထုတ်လည်း ချွေးထွက်ရုံနှင့် မသက်သာမှန်း သိပါသည်။ သို့သော် စောင်ခေါင်းမြီးခြုံ၍ နေလိုက်သည်။ အပူမိတာ လူသိမှာစိုး၍ ဖျားသည်ဟု ညာကာ လူမမာ လုပ်နေလိုက်သည်။

အကြောင်းသိနေသော ကိုစံတုတ်က မြို့သားဖြစ်နေပြီးတော့ အသည်းက ပျော့လိုက်တာဟုသာ တွင်တွင်ပြောနေတော့သည်။ သူပြောပုံက မြို့သားပီသအောင် အသည်းမာပြရတော့မလို။

တကယ်တော့ အသည်းမာခြင်း၊ ပျော့ခြင်းကိစ္စသည် မြို့မှာနေခြင်း၊ တောမှာနေခြင်းနှင့် မဆိုင်။ မြို့သားဖြစ်ဖြစ်၊ တောသားဖြစ်ဖြစ် အသည်းမာနိုင်ခွင့်၊ ပျော့နိုင်ခွင့် ရှိသည်။ ပြောရလျှင် အင်္ဂလန်သံတွေနှင့် အသည်းကို တပ်ထားသည့်လူပင်ဖြစ်စေ အချစ်နှင့်တွေ့ရှိလာသောအခါ အထိုက်အလျောက်တော့ အသည်းပျော့လာတတ်တာချည်း။ အချစ်သည် အသည်းပျော့ဆေးတစ်မျိုး ဖြစ်သည်။

ဝမ်းချုပ်၍ မအီမသာဖြစ်ကာ အကြောအချဉ်တွေ တင်းမာ၍ နေမကောင်း ထိုင်မသာဖြစ်နေလျှင် ဝမ်းပျော့ဆေး စားရသည်။ မေတ္တာတရားခေါင်းပါး၍ စိတ်တိုလွယ်ခြင်း၊ သည်းမခံစိတ်မရှည်တတ်ခြင်း၊ ကိုယ့်နှုတ်အမူအရာ ခက်ထန်ကြမ်းတမ်း ရိုင်းစိုင်းတတ်သူကို အချစ်နှင့် ထိတွေ့ကသပါက ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့ကာ ရည်မွန်ပြေပြစ်သော လူတော်လူကောင်းတစ်ယောက် ဖြစ်လာနိုင်ပါသည်။ (ဤကား ဗုဒ္ဓဝါဒီတို့ အလိုတော်တည်း။)

ဖျားနာနေသော ကျွန်တော့်နှလုံးသားကို ချစ်သူပါးကွက်ကျားမကလေး ကုစေချင်သည်။

ဒါပေမဲ့ အဖြေပေးလိုက်သည့် လက်ကိုင်ပဝါကလေးတစ်ထည်



တောင် မပျောက်မပျက်အောင် မထိန်းသိမ်းနိုင်သည့် ကျွန်တော့်ညံ့ဖျင်းမှုကို သူမ သိသွားလျှင်။ ကျွန်တော့်အပေါ်တွင် အထင်အမြင်သေးကာ မုန်းတီးသွားလိမ့်မည် ထင်သည်။ သူမ၏အချစ်နှင့် သူ၏အပေါ်တွင် တန်ဖိုးထားဟု အထင်လွဲသွားလိမ့်မည် ထင်သည်။ နာကြည်းမုန်းတီးသွားတော့မည် ထင်သည်။

ကျွန်တော့်ကံကြမ္မာကိုက ခေလွန်းပါသည်။ နီးတော့မလိုလိုနှင့် ဝေးရမည့်အဖြစ်။ ပါးကွက်ကျားကမလေးကို ချစ်နေသော ကျွန်တော့်ကို ဖူးစာရေးနတ်မင်းက ညှဉ်းပန်းလေပြီ ထင်၏။ မင်နှင့်မရေး၊ ရေဆေးဆီဆေးနှင့်မရေးဘဲ ပါးကွက်ကျားနှင့်ရေးသော ဖူးစာမို့လို့ မထင်မရှားမှေးမှိန်ရော့သလား မသိ။

ပါးကွက်ကျားမကလေး ဖြူစင်နှာကြည်အား ရင်နှင့်မဆုံအောင် ချစ်ပါသည်။ ဤမှန်သော သစ္စာစကားကြောင့်...

'ဝုတ်... ဝုတ်...'

ကိုစံတုတ်၏ ခွေးမကလေး(မိဝါ)၏ ဟောင်သံကို ကြားလိုက်သည်။ လူစိမ်းတစ်ယောက်ယောက်လာ၍ ဆီးကြိုကာ ပဋိသန္ဓာရပြုနှုတ်ဆက်ပုံရသည်။

ခေါင်းမြီးခြုံကို လှပ်ကာ ပြတင်းပေါက်မှတစ်ဆင့် ခြံဝင်းအဝင်ဝကို လှမ်းကြည့်လိုက်သည်။

'ပါးကွက်ကျားမလေး'

နှုတ်မှ ရေရွတ်လိုက်မိသည်။

ကိုစံတုတ်နှင့်အတူ အိမ်ထဲသို့ လှမ်းဝင်လာသော ပါးကွက်ကျားမကလေး၏မျက်နှာကိုသနပ်ခါးနှင့်ယှဉ်၍ တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ကတိသစ္စာ တည်သောအခါ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည်ဟု ကြားဖူးသည်။ ယခုမူ သစ္စာစကားပင် မဆုံးသေး။ နတ်ကောင်းနတ်မြတ်တို့နှင့် ကိုစံတုတ်၏ဆောင်မမှုကြောင့် ဆေးဖက်ဝင်သနပ်ခါး[illegible] ရောက်လာပြီ ဖြစ်သည်။

*(သနပ်ခါးသည် အမှန်တကယ်ပင် ဆေးဖက်ဝင်ပါသည်။ [illegible] ခါးကိုသွေး၍ လျှာနှင့်လျက်က ဝမ်းတွင်းသန့်ရှင်းကာ [illegible]*

www.burmeseclassic.com

www.burmeseclassic.com



*အသားအရေကို ဝင်းပစေသည်။ သနပ်ခါးကို တစ်နေ့ လက်တစ်ဆုပ်စာနှုန်း တစ်တုံးကုန်အောင် နေ့စဉ်မှန်မှန်စားက (၉၆)ပါးရောဂါ ကင်းစေသည်။ မယုံလျှင် တကယ်စားကြည့်ပါ)*

အိမ်ပေါ်သို့ တက်လာသည့် ခြေသံကြား၍ ခပ်တည်တည် ခေါင်းမြီးခြုံကာ ကွေးနေလိုက်သည်။

ခြေသံက တဖြည်းဖြည်း နီးလာသည်။

သင်းပျံ့လှသည့် သနပ်ခါးရနံ့ကလေးကို ရလိုက်သည်။ မွှေးလိုက်သည့် သနပ်ခါး။ နှလုံးသားကို လန်းဆန်းသွားစေသည်။

ခြေသံက ကျွန်တော့်ခုတင်ဘေးတွင် တိခနဲရပ်သွားသည်။

မျက်နှာပေါ်တွင် အုပ်လျက်ရှိနေသည့် စောင်ကို အသာအယာ ဆွဲလှပ်လိုက်သည့် လက်ကလေး၌လည်း သနပ်ခါးရနံ့တို့ ထုံသင်းနေသည်ကို သတိထားမိသည်။ နှတ်သီးဖျားမှ ရှူရှိုက်မိသော လေတို့တွင် စေးစေးကထက် သနပ်ခါးပါဝင်မှုနှုန်း များပြားလာသည်။

ကျွန်တော့်ရင်တွေ ပို၍ ပို၍ ခုန်လာသည်။ လှိုက်မောသော ခံစားမှုတို့ ဥမ်းစကို အရက်ပြန်ထိသလို စိမ့်ခနဲ၊ သိမ့်ခနဲဖြစ်နေ၍ ရင်ဘတ်ပေးတွင် လက်တင်၍ ထိန်းထားလိုက်ရသည်။

အိပ်ပျော်နေသည်ထင်ပြီး နဖူးကလေးပေါ် လက်ဖဝါးနုနုကလေး တင်၍ ကိုယ်ပူစမ်းကြည့်လေမလား။ ဒါမှမဟုတ် ကျွန်တော့်လက်ချောင်းကလေးများကို ယုယုယယ ဆုပ်ကိုင်လေမလား။ စောင်အောက်တွင် ရောက်နေသော လက်ကလေးကို အပြင်သို့ထုတ်လိုက်သည်။ ဒါမှ လက်ကလေးကိုမြင်ပြီး အကြင်နာတွေ၊ ကရုဏာတွေ တဖွားဖွားပေါ်ပေါက်ကာ ဆုပ်ကိုင်မိမှာကိုး။ အသားလိုလို့ အရိုးတောင်းသည့်လက် မဟုတ်။ လက်ဝါးဖြန့်လျှင် လျှက်ဆားရမည်ထင်လို့။ ဟဲ... ဟဲ...။

တွေးကောင်း(တွေးကောင်း)။ ကျွန်တော့်ပါးကို ရွတ်ခနဲ နိုးနမ်းလိုက်လေမလား။ ရင်ခုန်သံတို့သည် တဒိန်းဒိန်း။ D.J စက်ထဲမှ Hip Hop သံစဉ်လို တဒိန်းဒိန်း။

'ဟဲ့... ကောင်လေး၊ အောက်မှာ မိဖြူ ရောက်နေတယ်'

ကြည်နူးမှုများ၊ ရင်ခုန်မှုများသည် ဆပ်ပြာပူဖောင်းတစ်လုံးကို



လှံနှင့်ထိုးလိုက်သလို ပေါက်ကွဲပျောက်ဆုံးသွားရသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ တွေ့လိုက်ရသူက ဝါးရွက်ကျားမလေး ဖြူစန္ဒာကြည် မဟုတ်။ သနပ်ခါးဘဲကျားနှင့် ဒေါ်ကြီးလှယဉ်။ ဒေါ်ကြီးလှယဉ်လည်း ခြေဆုံး ခေါင်းဆုံး သနပ်ခါးလိမ်းတတ်ကြောင်း မေ့လျော့သွားသည်။ ကိုယ်လိုရာ ကိုယ်ဆွဲတွေးပြီး အချစ်စိတ် ငယ်ထိပ် ရောက်နေတာကိုး။

'ကန်တော့နော် ဒေါ်ကြီး၊ ကန်တော့... ကန်တော့...'

အတွေးနှင့် ဖြစ်မှားမိသမျှကို လက်အုပ်ချီကန်တော့၍ တောင်းပန်ရသည်။

'ဟဲ့... ကောင်လေး၊ ကယောင်ကတမ်းနဲ့ ငါ့ကို ဘာလို့ ထိုင်ကန်တော့နေရတာတုံး၊ အောက်မှာ မိဖြူရောက်လို့ဆို၊ ဆင်းခဲ့ဦး'

ကျွန်တော့်စိတ်ထဲတွင် ဖြစ်ပေါ်ခဲ့သော အကုသိုလ်စေတသိက်တို့ကို ဘာမျှမသိရှာသော ဒေါ်ကြီးလှယဉ်က မာန်ဝေါက်ကာ အောက်သို့ ပြန်ဆင်းသွားသည်။ ကျွန်တော်လည်း ကိုယ့်အဖြစ်ကိုယ် ရှက်ပြုံးပြုံးကာ အောက်သို့ဆင်းလိုက်ခဲ့ရသည်။

*

ဦးကြီးရော၊ ဒေါ်ကြီးလှယဉ်ရော၊ ကိုစံတုတ်ရော အလိုက်တသိ အလုပ်ရှုပ်ချင်ယောင်ဆောင်ကာ တမင်ရှောင်ပေးကြ၍ ကျွန်တော်နှင့် သူမ အဖို့ အာဒံနှင့် ဧဝလို (ဝါ) ဓော်ပိုင်နှင့် ချောစုခင်သီချင်းလို နှစ်ယောက်တည်းကမ္ဘာ ဖြစ်၍နေသည်။

'သူ နေမကောင်းဘူးဆို'

'အမ်း...'

သူမအမေးကို ဖြေလိုက်ရသည့် ကျွန်တော့်အဖြေက မလုံမလဲ ဖြင့် တကယ့်ကို 'အင်း...' မဟုတ်၊ 'အဲ...' မဟုတ်၊ 'အမ်း...' ဖြစ်နေသည်။

'ဘယ်လိုဖျားတာလဲ'

အောင်မယ်လေး... အခုမှ သရာဝန်မနှင့် တွေ့နေရသလို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကို အသေအချာစစ်ဆေးမေးမြန်းနေသည်။ ဆေးဖိုးထက် စမ်းသပ်ခက ရှေ့နေကြီးနေဦးမှာလား မသိပါ။

'အခုရော ဘယ့်နှယ်နေသေးလဲ'

'ဝေဒနာတစ်ဝက်တော့ သက်သာသွားတယ် ထင်တာပဲ'

ဟုတ်တယ်လေ… သူမမျက်နှာကို မြင်လိုက်ရတာကိုး။

'ဝေဒနာတွေ အကုန်ပျောက်သွားအောင် ဆေးလာတိုက်တာ'

အပြောကတော့ သူမကိုယ်သူမ ဇီဝကသမီးများ မှတ်နေသလား မသိ။

'ကိုစံတုတ်က ပြောပြလို့ အကုန်လုံးသိပြီးပါပြီ'

'ဟင်… ဟုတ်လား'

ကျွန်တော် ရင်ထိတ်သွားရသည်။

'ဒါ… ဒါဆို…'

ကျွန်တော့်စကားတွေ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေစဉ်…

'ရော့… ဒီတစ်ခါတော့ လက်ကိုင်ပဝါကို ရေနွေးမပစ်နဲ့တော့နော်၊ ဒါ သူ့ကိုသနားလို့ ဝမ်နင်ပေးထားတာ၊ သိလား'

ကျွန်တော့်လက်ထဲသို့ လက်ကိုင်ပဝါဖြူဖြူကလေးတစ်ခုကို ထည့်ပေးကာ သူမ ထွက်သွားသည်။ လက်ကိုင်ပဝါကလေးကို ဖြေကြည့်လိုက်သည်။ ဆော့ပင်လ်အနီဖြင့်ရေးထားသည့် နဘောထပ် ထပ်နေသည့် အသည်းပုံနှစ်ခု။

'ဟေး…'

ဝမ်းသာအားရ ထအော်လိုက်မိ ည်။

အခုဆို ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ ကျွန်းမာပျော်ရွှင်ဆုံးလူသား တစ်ယောက် ဖြစ်သွားပါပြီ။ ပါးကွက်ကျားမလေးရဲ့ အစွမ်းထက်ဆုံးဆေး တန်ခိုးကြောင့်ပေါ့လေ။

'ကိုယ် ပြောမယ်၊

သေသေချာချာ နားထောင်နော်၊

ကိုယ် မ့ကို တကယ့် အချစ်စစ်အချစ်မှန်နဲ့

ချစ်ခဲ့တာပါ၊

မ့ကိုချစ်လို့ ကိုယ်ရမယ့်အမွေတွေကို

စွန့်လွှတ်လိုက်ရမယ်ဆိုရင်တောင်

အမွေတွေအားလုံးကို

စွန့်လွှတ်ပြီး မ့ကိုပဲ

ဆ ါချစ်နေမယ်ဆိုတာ

ယုံပါ'



www.burmeseclassic.com

www.burmeseclassic.com

## - ၁၇ -

ဤသို့ဖြင့် ကျွန်တော်နှင့် ပါးကွက်ကျားမကလေးတို့ ချစ်သူ ဖြစ်ခဲ့ကြသည်။

လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့် နက်၊ ရှုပ်မယောင်နှင့် ရှင်းကာ ချစ်သူတွေ ဖြစ်ခဲ့ကြရသည်။

ချစ်သူတွေ ဖြစ်ကြရသော အမှတ်တရအဖြစ် ကျွန်တော့်ဆီမှာ ရှိနေသော သနပ်ခါးတစ်တုံးကို သူမ အားပေးလိုက်သည်။

'တောတောင်ရေမြေ သဘာဝအတိုင်း ပေါက်ရောက်လာရတဲ့ သနပ်ခါးမှာ သဘာဝပေးလိုက်တဲ့ ရနံ့ရှိတယ်၊ ဓာတုပစ္စည်းတွေနဲ့ ခြယ်လှယ် ပြုပြင်ထားတဲ့ အလှထက် သဘာဝအလှက ပိုပြီးမြတ်နိုးတွယ်တာစရာ ကောင်းတယ်'

သဘာဝအလှငို့ကာ ချဲ့နေသော ကျွန်တော့်ကိုကြည့်ကာ သူမ က...

'သူက လူကိုချစ်တာရော ဟုတ်ရဲ့လား၊ ပါးက သနပ်ခါးကိုများ ပိုချစ်သလားလို့'

ကြည့်... မိန်းကလေးတွေများ သဝန်တိုစရာရှားရှား ကိုယ့်ပါးက သနပ်ခါးကိုတောင် လိုက်ပြီးသဝန်တိုတတ်သည်။ ပါးက သနပ်ခါးထက် သူမကို ပိုချစ်စေချင်ပုံပေါ်သည်။ ကျွန်တော်ကတော့ မှုမှုံတတပါပဲ။



'ချစ်သူပါးပြင်နဲ့ ပါးကွက်ကျားဟာ ခွဲခြားမရပါဘူး ရေယ်'

ဒီအဖြေကို သူမ သဘောကျပုံမရ။

'ပါးမှာ သနပ်ခါးမရှိရင်ရော'

သူမ၏ စောဒကအမေး။

'ပါးမှာ သနပ်ခါးမရှိတော့ပေမယ့် ရနံ့ကလေးကတော့ စွဲထျက် နေရစ်ခဲ့ဦးမှာပါ'

သူမ အနည်းငယ်ပြုံးလာသည်။

'တော်တော်အပြောကောင်းတယ်၊ ဒါဆို တို့မှာ ပါးမရှိတော့ဘဲ သနပ်ခါးပဲ ရှိနေရင်ရော'

'ဟဲ...'

တော်တော်ကတ်သီးကတ်သတ် မေးတတ်သည့် ပါးကွက်ကျားမ ကလေးပါ။

'ဖြေလေ'

သူမက ကျွန်တော့်ကို မေးခွန်းတွေနှင့် ချောင်ပိတ်ဖမ်းဖို့ ကြိုးစား နေပုံရသည်။ ဘယ်ရပါ့မလဲ။ ကျွန်တော်ကလည်း ကျွန်တော်ပဲဟာ။

'ဒါကြောင့် စောစောက ဖြေထားသားပဲ၊ မရဲ့ ပါးပြင်နဲ့ သနပ်ခါး ဟာ ခွဲခြားမရပါဘူးဆို၊ ဘယ်တော့မဆို ချစ်သူပါးနဲ့ ပါးကွက်ကျားဟာ အတူတူရှိနေမှာပါ၊ ပါးကွက်ကျားပန်ထားတဲ့ ပါးပြင်ကလေးနဲ့ ချစ်သူကို ကိုယ် အမြဲတမ်း ချစ်နေမှာပါ'

ပါးကွက်ကျားကလေးနှစ်ဖက်နှင့် အလှဆုံးပြုံးလိုက်သည့် ချစ်သူ မျက်နှာကို ဖျတ်ခနဲ နိုးနမ်းလိုက်သည်။

'အို...'

ချိုရှရှ အာမေဋိတ်သံကလေးနှင့် မွှေးပျံ့သည့် သနပ်ခါးရနံ့ကလေး လွှင့်ပျံလာသည်။

နှစ်ဦးသားရင်ထဲမှာ ကြည်နူးလိုက်ဖို့စွာဖြင့်...

✱

www.burmeseclassic.com

www.burmeseclassic.com



'သူ တို့ကို တကယ်ချစ်တာရော ဟုတ်ရဲ့လား'

'ဘာဖြစ်လို့ ဒီလိုမေးရတာလဲ'

'အမှန်အတိုင်းပြောရင် စိတ်ဆိုးမှာလား'

သူမက မျက်လုံးကလေး ထောင့်ကပ်ကြည့်ရင်း မဝံ့မရဲပြောလာသည်။

'စိတ်မဆိုးပါဘူး'

ကျွန်တော်က အလိုက်တသိ အားပေးနှစ်သိမ့်လိုက်ရသည်။

'ဒါဖြင့် မြေပဲခင်းတော့ ကုန်မယ်ပေါ့၊ ဟုတ်လား'

'ဟ… ဘာဆိုင်လို့လဲ၊ စိတ်ဆိုးတာနဲ့ မြေပဲခင်းနဲ့'

ကျွန်တော် သူမ၏စကားအဓိပ္ပာယ်ကို နားမလည်စွာဖြင့် မေးလိုက်ရသည်။

'ဩော်… ဒီလိုလေ၊ စိတ်မဆိုးဘူး ကျွဲမြီးတိုတယ်ဆိုတဲ့ ပုံပြင်ကို ကြားဖူးတယ်မဟုတ်လား'

'အင်းလေ… ကြားဖူးသားပဲ၊ ယောက္ခမလုပ်သူက ထမင်းပို့နောက်ကျလို့ ယာထွန်နေတဲ့ သားမက်က ကျွဲအမြီးကိုဖြတ်ပြီး မီးဖုတ်စားရော၊ ယောက္ခမက ရောက်လာတော့ ထမင်းပို့နေမြင့်နေလို့(နောက်ကျလို့) စိတ်ဆိုးသလားလားလို့ သားမက်ကို မေးတဲ့အခါ သားမက်က စိတ်တော့ မဆိုးဘူး ကျွဲအမြီးတော့ တိုသွားတယ်လို့ဆိုတဲ့ဟာကို ပြောတာမဟုတ်လား'

'အင်းပေါ့'

'အဲဒါနဲ့ မြေပဲပုံနဲ့ ဘာဆိုင်လို့လဲ'

'ဩော်… ဆိုင်တာပေါ့၊ အခု ရွာထဲက ကိုထွန်းအောင်တို့ သားမက်နဲ့ ယောက္ခမက ကျွဲမြီးတိုတာ မဟုတ်တော့ဘူး၊ မြေပဲခင်းကို ထမင်းပို့နောက်ကျတဲ့ ဦးဖိန့်သေးကို ကိုထွန်းအောင်က စိတ်ဆိုးပြီး ပုံထားတဲ့မြေပဲပုံကို မီးရှို့စားပစ်လိုက်တာ၊ စိတ်မဆိုးဘူး၊ မြေပဲပုံကုန်သွားတယ်လို့ စကားပုံ ပြောင်းသွားတာပဲ၊ အခု ရွာမှာဆို ဒီစကားပဲ ပြော်ာစမှတ်တွင်လို့ လေ၊ ဒါကြောင့် စိတ်မဆိုးဘူး၊ မြေပဲပုံကုန်တယ်လို့ ပြောရတာ'



သူ့ရွာနှင့် သူ့စကားကတော့ ဟုတ်လို့ပဲဟုတွေးကာ ခိုးကျုံးလိုက်မိသည်။

'ကဲ… ပြောမှာသာ ပြောပါ၊ စိတ်လည်း မဆိုးဘူး၊ ကျွဲမြီးလည်း မတိုဘူး၊ မြေပဲခင်းလည်း မကုန်ဘူး'

'မေးမယ်နော်၊ တကယ် စိတ်လည်းမဆိုးရဘူး၊ အမှန်အတိုင်းပဲ ဖြေရမယ်နော်'

သူမက လက်ညှိုးကလေးထောင်၍ ပြောသည်ကို ခေါင်းညိတ်ပြလိုက်ရသည်။

'သူ တို့ကို တကယ်ချစ်တာရော ဟုတ်ရဲ့လား၊ သူ့အဖေဆီက ရမယ့် အမွေတွေအတွက်များလားဟင်'

'ဒါတွေ ဘယ်လိုလုပ်သိရတာလဲ မရယ်'

ကျွန်တော် စိတ်မကောင်းစွာ ရေရွတ်လိုက်မိသည်။

ကိုစံတုတ်ဆီမှတစ်ဆင့် တစ်ရွာလုံးတစ်စသိသွားပုံရသည်။ ကျွန်တော်ကလည်း ကိုစံတုတ်ကို ပွင့်ပွင့်လင်းလင်း ပြောထားမိတာကိုး။

'မက ဒီလိုမေးတာ ကိုယ့်အချစ်ကို မယုံလို့လား'

'အကြွင်းမဲ့ သံသယရှင်းရှင်းနဲ့ ယုံချင်လို့မေးတာပါ'

ဘာပဲဖြစ်ဖြစ် ဒီလိုမေးလာလျှင် ကျွန်တော့်ဘက်ကဖြေဖို့ ဝတ္တရားရှိပါသည်။

'ကိုယ် ပြောမယ်၊ သေသေချာချာ နားထောင်နော်၊ ကိုယ် မ,ကို တကယ့် အချစ်စစ်အချစ်မှန်နဲ့ ချစ်ခဲ့တာပါ၊ မ,ကိုချစ်လို့ ကိုယ်ရမယ့်အမွေတွေကို စွန့်လွှတ်လိုက်ရမယ်ဆိုရင်တောင် မ,ကို ဆက်ချစ်နေမယ်ဆိုတာ ယုံပါ'

သူမ၏မျက်နှာပေါ်တွင် ကြည်နူးမှုအပြုံးရိပ်ကလေး ထင်ဟပ်သွားသည်။ ကျွန်တော့်လက်မောင်းကလေးကို ခေါင်းမှီကာ မှေးစက်သွားသည်။ အတန်ကြာမှ ခေါင်းကိုထူမတ်လျက် ကျွန်တော့်ကို ခပ်ပြုံးပြုံးကလေးကြည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



'တကယ်နော်'

ကျွန်တော်ကလည်း ခပ်ပြုံးပြုံးကလေးပင် ခေါင်းညိတ်ရင်း…

'တကယ်ပေါ့ မရယ်'

'ဒါဆို မကို တစ်နှစ်အတွင်း လက်မထပ်ရဘူး၊ ဒါမှ အမွေတွေ ရတော့မှာ'

'ဟိုက်…'

တော်တော်ဆိုးတဲ့ ကိုစံတုတ်။ အတိအကျ အကုန်အစင်ကို သွားပြောထားတာကိုး။ အင်း… ကျွန်တော်ကိုက မှားတာပါ။ ပထမ တရားခံက ကျွန်တော်၊ ကျွန်တော်လည်း ကိုစံတုတ်ကို မခြွင်းမချန် ပြောပြထားမိတာကိုး။ သွားရော… ကိုယ့်စကားနှင့်ကိုယ် တုပ်မိနေပြီ။

'ဘာလဲ… လန့်သွားပြီလား'

'မ… မလန့်ပါဘူး'

'မကို တကယ်ချစ်တယ်ဆိုရင် တစ်နှစ်အတွင်း လက်မထပ်ရဘူး၊ ဒါပဲ'

သူမကတော့ မိန်းကလေးတို့ သဘာဝအတိုင်း အပိုင်ဆိုပြီး လှိမ့်နိုင်နေသည်။

'အင်း… အဲဒါ'

'အဲဒါ ဘာဖြစ်လဲ၊ ပြော'

သူမက ခပ်စူးစူးကလေးကြည့်ကာ ခပ်ဖွာဖွာကလေး အော်မေးလာသည်။ ကျွန်တော့်မှာ ဘယ်လိုအဖြေပေးရမည် မသိနိုင်။

မိဘ၏ အမွေကိုလည်း လိုချင်ပါသည်။ (အဲ… စောစောကတော့ စကားအရ ချစ်သက်သေထူပြရတာကိုး၊ သူများတွေလည်း ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဒီလိုပဲ ပြောနေကြတာပဲဥစ္စာ)။ ကျွန်တော့်ကျမှပဲ ချောက်ကျရတယ်လို့။

မဟုတ်သေးပါဘူး။ မိဘအမွေနှင့် ချစ်သူ။ ငါးရံ့နှစ်ကောင်စလုံးကို မလွှတ်ချင်ပါ။ အခုလောလောဆယ်မှာတော့ စိတ်ဆိုးလတ္တံ့သော သူမ၏မျက်နှာကလေး ပြုံးရွှင်လာအောင် ကျေနပ်နှစ်သိမ့်စေမည့် အကြံတစ်ခုကို အမြန်ရှာပေးရလိမ့်မည်။ စဉ်းစား။

စဉ်းစား… စဉ်းစား။ ယောကျ်ားတို့မာယာဟာ သံတိုင်ခြားထိုမန်ကျည်းကိုးပင်ကို တောင်ထပ်ပေါင်းရသေးတယ်ဆိုပဲ။ ပါးကွက်ထွားထားသည့် ချစ်သူ့ပါးပြင်ကလေး ပြုံးလာအောင် စဉ်းစား… စဉ်းစား။

'ပြောလေ… သူ မ,ကို တကယ်မချစ်ပါဘူး၊ ဟုတ်တယ်မဟုတ်လား၊ ပြော'

သူမ၏ မျက်နှာကလေးပေါ်၌ စိုးရိမ်မှု၊ အားမလိုအားမရဖြစ်မှု၊ ဒေါသဖြစ်မှု၊ ရန်လိုမှုတို့ ယှက်သန်းလာသည်။

တစ်ချိန်တုန်းက (WTC) အဆောက်အအုံကြီး ပြိုကျခဲ့သလို နှလုံးသားမျှော်စင်နှစ်မှာ ပြိုကျမခံနိုင်ပါ။ အမုန်းလေယာဉ်ပျံကြီးက ဝိုးအဲ့ရောက်လာတော့မည်။

'ဟိုး… ဟိုး… နေဦး'

ကြောက်အား လန့်အားဖြင့် ယောင်ယမ်းကာ လက်ဝါးကာလျက်အော်လိုက်မိသည်။

'ဘာ… ဘာဖြစ်တာလဲ၊ အလန့်တကြား'

ရောယောင်ကာ လန့်သွားရသည့် သူမကလည်း အလောသုံးဆယ်မေးလာသည်။

ကြောက်အား၊ လန့်အား၊ စိုးရိမ်မှုအား ကြီးလာသောအခါတွင် အကြံဉာဏ်သည် ရုတ်တရက် ထွက်ပေါ်လာတတ်သလား မသိ။

'ကိုယ်… ကိုယ်က ဒီအမွေတွေကို မက်လို့မဟုတ်ပါဘူး မရယ်'

'ဒါဆို ဘာလို့လဲ'

သူမ၏ လေသံက နည်းနည်းလျော့ရဲရဲ။

'အင်း… ကိုယ်က ဒီအမွေတွေ မမက်ပေမယ့် ဒီအမွေတွေ မရှိတော့ရင် မကို တင့်တောင့်တင့်တယ် ထည်ထည်ဝါဝါ မထားနိုင်မှာ စိုးရိမ်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း... ဟင်း...'

သူမ၏ မျက်နှာကလေးမှာ အပြုံးရိပ်တို့ ပြည့်ပြည့်ဝဝ ထင်ဟပ်လာတော့သည်။ ကျွန်တော့်အဖြေကို သူမ ကျေနပ်သွား၍ တော်ပါသေးသည်။ မိန်းကလေးဆိုတာမျိုးကလည်း ညာပြောလို့ ညာပြောတောင် သူတို့အတွက်ပါဟု ရှေ့တန်းတင်ပြီး ညာပြောလျှင် ညာမှန်းသိသိကြီးနှင့်ပင် ကျေနပ်ကြသေးတာ မဟုတ်လား။ Lady first ဆိုတာ ဒါကိုပြောတာဖြစ်မည်။

'ဘာပဲဖြစ်ဖြစ် မကို တ[illegible]ပ်ချစ်တယ်ဆိုတာ သက်သေပြရဲရမယ်၊ အဲဒီတော့ သူ မကို တစ်နှစ်အတွင်း လက်မထပ်ရဘူး၊ ဒါပဲ'

သွားရော။

သူမ၏ ရာဇသံနှင့်ပင် ကျွန်တော့်အဖို့ ခုတ်ရာတခြား ရှရာတခြား၊ ခါးတောင်းကျိုက်တခြား၊ ဖင်တခြား ဖြစ်ကုန်တော့သည်။

လာစဉ်တုန်းကတော့ အဖေ့အမွေတွေ ရဖို့အတွက်...

အခုတော့...

'ယောက္ခမအိမ်တက်ပြီး
ခြံထဲကနွားတွေကို ကျောင်းမှာပေါ့၊
ကျွန်တော့်ကောင်မလေးကတော့
ဟိုရုပ်ရှင်သီချင်းထဲကလို
မုန့်ကိုရောင်းကာ
မောင့်ကို ကျွေးပါ့မယ်လို့ ပြောတာပဲ'



www.burmeseclassic.com

www.burmeseclassic.com

## - ၁၈ -

'ဟာ… ဒါဆို ငါ့တူ၊ မင်း မျောက်သစ်ကိုင်းလွတ်သလို ဖြစ်နေပြီပေါ့'

နားကြပ်ခွက်ထဲမှ ကြားလိုက်ရသော ရှေ့နေကြီး ဦးသောင်းယု၏ အသံက ကျွန်တော့်အဖြစ်ကို ရယ်စရာ ထင်မှတ်နေပုံပေါ်သည်။ ကျွန်တော့်မှာတော့ ငို၍မရ၊ စပ်ဖြဲဖြဲနေ၍မရသည့် မျက်နှာနှင့်။

'မျောက်သစ်ကိုင်းလွတ်တာကမှ လက်ကလွတ်ရင် ခြေထောက်နဲ့ကုတ်၊ လက်ရော ခြေထောက်ရောလွတ်ရင် အမြီးနဲ့ ချိတ်ထားနိုင်သေးတယ် ဦးရေ၊ ကျွန်တော့်အဖြစ်က ဘယ်လိုလုပ်ရမှန်း မသိလောက်အောင် ဖြစ်နေတာ'

စိတ်ပျက်လက်ပျက်ဖြင့် ခပ်ရွတ်ရွတ် ပြန်ပြောလိုက်မိသည်။

ဦးသောင်းယုကတော့ အေးအေးဆေးဆေးပင်။ မဆိုင်သည့်မေးခွန်းတွေပင် မေးနေလိုက်သေးသည်။

'နေပါဦး… ဟိုတစ်ပတ် မြို့ဆင်းလာပြီး ငါ့တူ ဖုန်းဆက်တုန်းက ကောင်မလေးရဲ့မိဘတွေနာမည်ကို ပြောဖူးပါတယ်၊ ဘယ်သူတဲ့'

'ဒုက္ခပဲ… ဦးကလည်း မဆိုင်တာတွေ လျှောက်မေးနေပြန်ပါပြီ၊ အခုဟာက ကောင်မလေးနဲ့ ကျွန်တော့်ပြဿနာလေ၊ သူ့မိဘတွေနာမည်နဲ့ ဘာဆိုင်လို့တုံး'

ဒေါသပင် ဖြစ်ချင်လာသည်။



'ကဲပါ… ဦးက ရှေ့နေပါ၊ ဆိုင်လို့မေးတာပေါ့၊ ငါ့တူက ဘာမှအရိုးမရှိတိုင်း စကားများနေတယ် အောက်မေ့လို့လား'

'အောင်မယ်လေး… မအောက်မေ့ရဲပါဘူး ဦးရယ်၊ ကဲ… ကဲ… ကောင်မလေးအဖေက ဦးကြည်၊ ကောင်မလေးအမေက ဒေါ်အိုးစာ'

'အဲ… ဟုတ်ပြီ၊ ကောင်မလေးအဖေက ဦးကြည်၊ (….)ဌာနက ဦးစီးမှူးနော်၊ ဟုတ်လား ငါ့တူပြောထားတာ'

'ဟုတ်တယ်'

'နေပါဦးကွ'

'နေပါတယ် ဦး'

'အေး… ကောင်မလေး သဘောဆန္ဒအတိုင်း တစ်နှစ်အတွင်း အိမ်ထောင်မပြုလို့ အမွေတွေကို ဆုံးရှုံးသွားရင် ငါ့တူ ဘယ်လိုလုပ်ပြီး အသက်မွေးမလဲ'

ရှေ့နေပီပီ လျှာရှည်နေသော ဦးသောင်းယုကို စိတ်မရှည်တော့။

'ယောက္ခမအိမ်တက်ပြီး ခြံထဲကနွားတွေကို ကျောင်းမှာပေါ့၊ ကျွန်တော့်ကောင်မလေးကတော့ ဟို ရုပ်ရှင်သီချင်းထဲကလို မုန့်ကိုရောင်းကာ မောင့်ကို ကျွေးပါ့မယ်လို့ ပြောတာပဲ'

ခပ်ရွဲ့ရွဲ့ ဖြေပစ်လိုက်သည်။ ဦးသောင်းယုကလည်း ရှေ့နေပီပီ အိုးရွဲ့ကို စလောင်းရွဲ့နှင့် အုပ်လိုက်ပါသည်။

'တော်ကြာ မောင့်ကိုရောင်းကာ မုန့်ဝယ်စားပါ့မယ် ဖြစ်နေဦးမယ်၊ သတိထား'

ကျွန်တော် ဖုန်းကို ခွပ်ခနဲနေအောင် ဆောင့်ချပစ်လိုက်သည်။

'ဟဲ့… ကောင်လေး၊ ဖုန်းကို သာသာချပါကွယ်'

ဖုန်းပိုင်ရှင် မိန်းမကြီး၏ ငေါက်ငမ်းမှုကို ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်လောကလုံးတွင်

အမြတ်နိုးဆုံး၊ အလိုချင်ဆုံး၊

အတောင့်တဆုံးသောအရာသည်

ချစ်သူသာ ဖြစ်သည်။

ချစ်သူကိုသာ ပိုင်ဆိုင်ရမည်ဆိုလျှင်



ဘာမဆို စွန့်လွှတ်နိုင်သည်။

အရာရာနှင့် လဲလှယ်နိုင်သည်။

ချစ်သူနှင့် ဝေးရမှာကိုတော့

သေရမည်ထက် ကြောက်ပါသည်။

သို့သော် သူမကို တစ်နှစ်အတွင်း

လက်မထပ်ပါဘူးဟူသော

ကတိကိုကား မဖျက်ဝံ့။

www.burmeseclassic.com

www.burmeseclassic.com

# - ၁၉ -

ချစ်သူပါးပြင်ပေါ်မှ ပါးကွက်ကျားကလေးသည် အပြုံးအရယ်ကလေးများဖြင့် ပန်းရကာ လှပခဲ့သလို ယခုမှု ဆန့်ကျင်ဘက်အသွင်ဖြင့် အကျည်းတန် အရုပ်ဆိုးရလေသည်။

မျက်ရည်စီးကြောင်းကို ကိုက်စားသွားသဖြင့် ပါးပြင်ပေါ်မှ ပါးကွက်ကျားကလေးသည် နှစ်ခြမ်းကွဲရသည်။ နီရဲမို့အစ်နေသော မျက်ဝန်းနှစ်ဖက်၏ အောက်မျက်ခမ်းများတွင်မူ သနပ်ခါးတို့ လုံးလုံးမရှိတော့အောင် ပျက်ပြယ်နေလေပြီ။

ချစ်သူ၏မျက်ရည်တို့ စိုစွတ် စွန်းထင်းနေသဖြင့် ကျွန်တော့်ရင်ဘတ်မှာလည်း နုံးချည့်ပူလောင်လို့နေသည်။

'မငိုပါနဲ့ မရယ်'

ကျွန်တော် စိတ်မကောင်းစွာ ပြောမိသည်။

'တိတ်နော် အချစ်၊ မငိုနဲ့'

'ဟင့်အင်း… ငိုချင်တယ်၊ ငိုရမှာပဲ'

'ဒါဆိုလည်း ငိုပါနော်၊ ငိုပါ'

ချစ်သူကို အလိုလိုက်လိုက်ရသည်။

ကလေးအငိုတိတ်အောင် ချော့တတ်ဖို့ဆိုတာ ဝေးရော။ ချစ်သူ



အငိုတိတ်အောင်ပင် မချော့တတ်သော ကျွန်တော်။ ချစ်သူငိုတာကို ဒီအတိုင်း ငေးကြည့်နေလိုက်ရသည်။

'ငို… ငို… မ အားရအောင် ငိုချလိုက်၊ ဒါမှ ရင်ထဲ ခံစားနေရတာတွေ မျက်ရည်ထဲ မျောသွားမှာ၊ ကိုယ် ကြားဖူးတယ်၊ မျက်ရည်ဆိုတာကလည်း ဆေးပဲတဲ့၊ ကျန်းမာရေးအတွက် ရယ်ဖို့လိုအပ်သလို ငိုဖို့လည်း လိုအပ်တယ်၊ ငိုလိုက်ရင် စိတ်ထဲမှာ ခံစားနေရတဲ့ တင်းကျပ်နေတဲ့ ခံစားမှုတွေ ပြေလျော့သွားမှာ၊ ဒါမှ နှလုံးရောဂါ၊ သွေးတိုးရောဂါတွေ မဖြစ်မှာ'

'အို… ဒါ ဆေးဖက်ဝင်အောင် ငိုပြနေတာ မဟုတ်ဘူး၊ ဝမ်းနည်းလို့ငိုနေတာ သိရဲ့လား၊ စိတ်ညစ်ရတဲ့အထဲ ဘာတွေလာပြောနေမှန်း မသိဘူး'

ဪ… ချစ်သူကို အလိုလိုက်ပြီး အားပေးနှစ်သိမ့်တော့လည်း မဟုတ်ပြန်။

'ဒီမှာ… ကြောင်ငေးငေး ထိုင်မနေနဲ့ဦး၊ ဘယ်လိုလုပ်ရမလဲဆိုတာကိုလည်း စဉ်းစားဦး'

'ဪ… အင်း… အင်း…'

'ဘာ အင်းတာလဲ'

'ဪ… စဉ်းစားဆို၊ အဲဒါကို စဉ်းစားမယ်လို့ ပြောတာလေ'

'ဒါဆို စဉ်းစား၊ ယောကျ်ားကလေးဖြစ်နေပြီး ဘာမှအားမကိုးရဘူး၊ ဒီမှာ စိတ်ညစ်လွန်းလို့ သေတော့မယ်'

ပြဿနာက သူမ၏အဖေဆီမှ ရောက်လာသော စာတစ်စောင်က စခြင်း ဖြစ်သည်။ ပြဿနာက သေးသေးမဟုတ်။ ဂေါ်ဇီလာ လေထိုးထားသည့်အတိုင်း။

သမီးကညာ အရွယ်ရောက်လာ အခါမလင့်ပါစေနှင့်ဟူသော စာတန်းကို စိတ်ထဲတွင်ကပ်ကာ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်ဟယ် တို့တာဟု ဝတ္တရားကျေအောင် ဆောင်ရွက်လိုသည့် သူမ၏အဖေ၊

တစ်ဦးတည်းသော သမီးဖြစ်သူကို သူ၏ သူငယ်ချင်းတစ်ဦး၏

www.burmeseclassic.com



သားနှင့်ပေးစားဖို့ စီစဉ်လိုက်သည်။ ဒီနေ့ မနက်ဖြန် ချက်ချင်းဆိုသလိုပင် ရွာတိုဖြန်ရောက်လာကာ စေ့စပ်ပွဲလုပ်ဖို့ စိုင်းပြင်းတော့မည်။

ကျွန်တော့်ကိုတော့ တစ်နှစ်တိတိရှိမှသာ လက်ထပ်ခွင့်ပေးမည်ဟု အကျပ်ကိုင် အနိုင်ယူထားခဲ့လေသော သူမ။ အဖေလုပ်သူ၏ ဩဇာအောက် တွင်မှ နေ့ချင်းညချင်း' အိမ်ထောင်ဟူသောထောင်ကြီးကို တစ်သက်တစ် ကျွန်း ကျရတော့မည်။

ချစ်သူနှင့် ကွေကွင်းရခြင်းသည်လည်း ဒုက္ခ။

မချစ်မနှစ်သက်သူနှင့် အတူတကွနေရခြင်းသည်လည်း ဒုက္ခ။

ဤဒုက္ခနှစ်ခုကို ချစ်သူ တစ်ပြိုင်နက် ခံစားရပေတော့မည်။

ထိုအခါ ချစ်သူ၏မျက်နှာပေါ်မှ သနပ်ခါးကလေးသည် စီးတွေ တွေ မျက်ရည်တို့ဖြင့် အစဉ်စွတ်စိုနေလိမ့်မည်။

သနပ်ခါး၏ရနံ့ကလေးနှင့်တူသော အပျိုစင်ဟူသည့် ဂုဏ်ကလေး လည်း ကွယ်ပျောက်ရတော့မည်။ သနပ်ခါး၏အဆင်းနှင့်တူသော အပျိုစင် ဘဝကလေးလည်း တစ်ပါးသူလက်ထဲတွင် ဆုံးရှုံးရပေတော့မည်။ ချစ်သူ၏ နှလုံးသားတွင် အပျော်တို့ ဆိတ်သုဉ်းရလိမ့်မည်။

ထိုအခါ ကျွန်တော်သည်လည်း အပူသည်အဖြစ်နှင့် အရူးဘဝ ရောက်ရလိမ့်မည်။ ချစ်သူကို လက်လွှတ်ဆုံးရှုံးလိုက်ခြင်းသည် ရင်ဘတ် တစ်ခုလုံးကို ဖြတ်လှီးပေးလိုက်ရခြင်းပင်။

တစ်လောကလုံးတွင် အမြတ်နိုးဆုံး၊ အလိုချင်ဆုံး၊ အတောင့်တဆုံး သောအရာသည် ချစ်သူသာဖြစ်သည်။ ချစ်သူကိုသာ ပိုင်ဆိုင်ရမည်ဆိုလျှင် ဘာမဆို စွန့်လွှတ်နိုင်သည်။ အရာရာနှင့် လဲလှယ်နိုင်သည်။ ချစ်သူနှင့် ဝေးရမှာကိုတော့ သေရမည်ထက် ကြောက်ပါသည်။ သို့သော် သူမကို တစ်နှစ်အတွင်း လက်မထပ်ပါဘူးဟူသော ကတိကိုကား မဖျက်ဝံ့။

မဆိုးကလည်း လေးညှို့ငင်နေပြီ။ ကျော့ကွင်းကလည်း ရန်းမရ သေး။ ဒီအတိုင်း အသည်းကွဲခံရမည့်ကိန်း။

'ကဲ… အခုထိ အဖြေမရသေးဘူးလား'



သူမ မေးပုံက သင်္ချာပုစ္ဆာတွက်ခိုင်းထားသည့် တပည့်ကလေးကို ဆရာမက မေးလိုက်သည့်ပုံမျိုး။

'ဟွန်း… ယောကျ်ားကလေးဖြစ်ပြီး ဘာမှ ရဲရဲဝံ့ဝံ့ ပြတ်ပြတ် သားသား မရှိဘူး'

ဘလိုင်းကြီး ဟောက်နေပြန်သည်။ ဒီကလည်း အသည်းနှင့်ကျ မပူဘဲရှိပါ့မလား။

'ကြည့်ပါလား၊ မတုန်မလှုပ်နဲ့၊ တကယ်ဆို မကို မောင် ခိုးပြေး မယ်လို့ ပြောပါလား'

'ဟင်… ဘယ်လို…'

'အဲဒီလို… အဲဒီလို…'

သူမက ကျွန်တော့်နားရွက်ကို လိမ်ဆွဲသည်။

'အား… နာတယ် မ,ရဲ့'

'ကဲ… နားလည်ပြီလား'

'မ အစကပြောတော့ မ,ကို ကိုယ်က တစ်နှစ်အတွင်း လက် မထပ်ရဘူးဆို'

'အိုး… ဒါကတော့ အခြေအနေအရပဲဟာ'

အခြေအနေ၊ အချိန်အခါသည် ချစ်သူနှစ်ဦးအကြားတွင် ထားရှိခဲ့ သောကတိစကားကို အခြေအနေဟူသော အကြောင်းပြချက်ဖြင့် ဖျက်ပြယ် ပြင်ဆင်ခွင့် ရှိပါသေးသလားဟု ကျွန်တော် နားလည်လိုက်ရသည်။

ချစ်ခြင်းမေတ္တာအရင်းခံက ချစ်သူတို့နှစ်ဦး သဘောတူ ဖောက် ဖျက်ရသော စည်းမျဉ်းများ၊ စည်းကမ်းများကို ဖောက်ဖျက်ခွင့်၊ ပြင်ဆင်ခွင့် ဖြည့်စွက်ခွင့် ရှိနိုင်ပါသည်။

ကိုယ့်ချစ်သူကို (ချစ်သူ၏ ကြည်ဖြူသန့်စင်သော လိုလားမှု သဘောတူညီချက်ဖြင့်) ခိုးယူခြင်းသည် ငါးပါးသီလကို ချိုးဖောက်ရာ ကျလိမ့်မည်မဟုတ်ဟု ယူဆလိုက်သည်။

မ,ကို မောင် ခိုးမည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးကွက်ကျားမကလေးကို ကျွန်တော် ခိုးတော့မည်။

မကို မောင်ခိုးဖို့ လူဆိုးတွေနှင့် တိုင်ပင်စရာ မလိုပါ။ ကိုစံတုတ်တစ်ယောက်တည်းနှင့်သာ တိုင်ပင်မည်။ ကိုစံတုတ်က လူဆိုးတစ်သိန်းအားနှင့် ညီမျှအောင် မဆိုးနိုင်၊ မမိုက်နိုင်ပေမယ့် မိန်းမတစ်ယောက် ခိုးဖို့ရာ အဖော်လိုက်ရုံတော့ သတ္တိခဲမည်မဟုတ်။

ရွာထိပ်ညောင်အောက်မှာ မြင်းကိုယ်စီ ပြင်စရာမလိုပါ။ ကိုစံတုတ်ကို မြင်းလိုသဘောထားကာ သူ၏ကုတ်ပေါ်ကို ပါးကွက်ကျားမကလေးအား ခွစီးခိုင်းလိုက်မည်။ အဲ... ပု[illegible]ပေါင်။ ဒါတော့ ကိုစံတုတ်က သည်းခံလိမ့်မည် မဟုတ်။ ထဘီတုပ်အထမ်းခိုင်းတာလောက်တော့ လုပ်ပေးနိုင်လိမ့်မည် ထင်ပါသည်။

ပါးကွက်ကျားမကလေးကို ကျွန်တော် ခိုးတော့မည်။

ဟာ... ကျုပ်က အဲဒီလိုကိုပြီးကိုပြောတာ
မဟုတ်ပါဘူး မြို့သားရဲ့၊
မြန်မာလို ရိုးရိုးပြောနေတာကို
ပါဠိတွေ၊ အနက်တွေ တွေးမနေစမ်းပါနဲ့၊
ဒီအရက်ကို အဲဒီအောင်ပွဲအကြိုအဖြစ်နဲ့
ချလိုက်စမ်းပါ၊



အောင်သေအောင်သား
အဖြစ်နဲ့ အကြိုဂုဏ်ပြုပွဲ
ကလေးလို့ သဘောထား
လိုက်စမ်းပါ။

www.burmeseclassic.com

# -၂၀-

'ချစမ်း မြို့သားရယ်၊ ချစမ်းပါ၊ ဒါကလေးနဲ့ ရဲဆေးတင်ထားမှ ပေါ့၊ ရော့...'

ကိုစံတုတ်က ထန်းလျက်အရက်ခွက်ကို ကျွန်တော့်လက်ထဲသို့ ထည့်ပေးသည်။

'ကျွန်တော် မသောက်ချင်ဘူး ကိုစံတုတ်ရဲ့'

'ဟာ... ဘာလို့ မသောက်ချင်ရတာတုန်း၊ ဟိုတစ်ခါ ကြက်သားချက်နဲ့တုန်းကတောင် သောက်သေးတာပဲ မဟုတ်လား မြို့သားရဲ့၊ ချစမ်းပါ၊ ရဲဆေး... ရဲဆေး'

'မဟုတ်သေးဘူး ကိုစံတုတ်ရဲ့၊ မိန်းမတစ်ယောက်နိုးဖို့ကိစ္စမှာ အရက်နဲ့ ရဲဆေးတင်တယ်ဆိုတော့ ပင်ကိုသတ္တိသေးနည်းရာကျပါတယ်ဗျာ'

'ခက်ပါ့ မြို့သားရာ၊ ကျုပ်တို့ရွာမှာ ဒါမျိုးတွေက ရိုးနေပြီ၊ ရှင်လောင်းလှည့်မှာ အိုးစည် ကဖို့လည်း ဒီရဲဆေးတင်ရတာပဲ၊ နှစ်ချို့ရှင်လောင်းလုပ်ဖို့ဆို ပိုပြီးဆိုးသေး၊ နာဠာဂီရိဆင်ကိုလည်း အရက်ကိုးမောင်းတိုက်သလိုကို ကျိတ်ရတာ၊ ရည်းစားစကားပြောဖို့တို့၊ မိန်းမနိုးဖို့တို့ဆိုတာကတော့ ရဲဆေးတင်တာ ထုံးစံလိုပဲ၊ ချစမ်းပါ မြို့သားရယ်၊ ဒါက ပင်ကိုသွေးကြောင်တဲ့သူကို ရဲစေတယ်၊ ပင်ကို သတ္တိရှိတဲ့သူကို ပိုပြီးသတ္တိရှိစေတယ်၊ ချစမ်းပါ'

ကျွန်တော် ခေါင်းခါလိုက်ရသည်။



'ယောကျ်ားသိက္ခာ ကျတယ်ဗျာ၊ ကျွန်တော် မသောက်ဘူး ဒီအတိုင်းပဲ သတ္တိရှိရှိသွားနိုးမယ်'

'ဒုက္ခပါပဲ မြို့သားရာ၊ သောက်ပါဆို၊ ဒီအရက်နှစ်လုံးကို ကျုပ်တစ်ယောက်တည်း မှကုန်လို့ ပြောနေတာ၊ ဆတ်သားခြောက်ကလေးကလည်း ကောင်းပါဘိသနဲ့'

'မသောက်ချင်ပါဘူးလို့ ပြောနေတာပဲ ကိုစံတုတ်ရာ၊ ကျွန်တော်က ဘူးဆို ဖရုံသီးဖို့ မပြောနဲ့၊ ဘူးသီးတောင် မသီးချင်ဘူး၊ ခင်ဗျားဟာခင်ဗျားပဲ သောက်'

လက်ထဲတွင် ရောက်နေသော အရက်ခွက်ကို စားပွဲပေါ်ပြန်ချကာ ပေကပ်ပြီး ငြင်းလိုက်ရပြန်သည်။

'မြို့သားနဲ့တော့ ခက်နေပြီ၊ မြို့သားသတ္တိ သေးမနည်းမှန်း ကျုပ်သိပါတယ်'

'ဒါဆို ပြီးရောပေါ့ ကိုစံတုတ်ရဲ့'

'မဟုတ်သေးဘူး မြို့သားရဲ့'

'ဘာမဟုတ်တာလဲ၊ ကျွန်တော် မသောက်ချင်ပါဘူးဆို'

'မသောက်ချင်လည်း ဖွတ်မတိုက်တွန်းတော့ဘူး မြို့သားရာ နော်'

'ဟုတ်ပြီ... အဲဒါ ကောင်းတယ်'

'ဒါပေမဲ့...'

'ဘာဒါပေမဲ့လဲ ကိုစံတုတ်ရဲ့'

'ဒီနေ့ည ဟုတ်ပြီနော်'

'အင်း...'

'ဒီနေ့ည ဆယ့်နှစ်နာရီတိတိမှာ မြို့သားက ဖြူစန္ဒာကြည်ကို နိုးရမှာနော်'

'အင်းလေ'

'ဖြူစန္ဒာကြည်ကလည်း မြို့သားနဲ့ နိုးရာလိုက်မှာ'

'ဟုတ်တယ်လေ၊ အဲဒါ ဘာနှလုံးတည်းနဲ့ ရှုပ်နေရတာလဲ'

'ရှုပ်တာမဟုတ်ဘူး မြို့သားရဲ့၊ ရှင်းပြမလို့၊ ခုနကပြောသလို မိဖြူ(ဖြူစန္ဒာကြည်)မြို့သားနဲ့ နိုးရာလိုက်ခဲ့ပြီဆိုပါတော့

www.burmeseclassic.com



'အင်း... ပြော'

'အဲဒီလို မြို့သားနဲ့ နိုးရာလိုက်ပြီး ထားလိုက်တော့၊ လိုက်ပြီး ထားလိုက်...'

'အင်း...လိုက်ပြီး ထားလိုက်ပြီ၊ ဟာ...ခင်ဗျားစကားက ဘယ်လိုကြီးလဲဗျ၊ ကိုစံတုတ်စကားအဓိပ္ပာယ်က ရှုပ်စရာကြီး'

'ဟာ... ကျုပ်က အဲဒီလိုက်ပြီးကိုပြောတာ မဟုတ်ပါဘူး မြို့သားရဲ့၊ မြန်မာလို ရိုးရိုးပြောနေတာကို ပါဠိတွေ၊ အနက်တွေ တွေးမနေစမ်းပါနဲ့၊ ဒီအရက်ကို အဲဒီ အောင်ပွဲအကြိုအဖြစ်နဲ့ ချလိုက်စမ်းပါ၊ အောင်သေအောင်သားအဖြစ်နဲ့ အကြိုဂုဏ်ပြုပွဲကလေးလို့ သဘောထားလိုက်၊ ရော့'

ကိုစံတုတ်က ချထားသည့် အရက်ခွက်ကို ပြန်ကောက်ပေးသည်။

ကျွန်တော် 'ဂွပ်'ခနဲ မော့သောက်ချလိုက်သည်။

ရေပင် မသောက်နိုင်သေးဘဲ ဆတ်သားခြောက်မျှင်များကို ပါးစပ်ထဲထိုးသွတ်၍ ဝါးလိုက်သည်။

'ငှဲ့ပါဦး နောက်တစ်ခွက်၊ ဒါပေမဲ့ ဒါ ရဲဆေးတင်တာ မဟုတ်ဘူးနော်၊ အောင်ပွဲအကြို'

ကျွန်တော့်အပြောကို နားထောင်ရင်း ကိုစံတုတ်က အရက်ထပ်ငှဲ့ပေးသည်။

'အရက်ကတော့ ဒီအရက်ပဲ၊ သောက်တဲ့အဓိပ္ပာယ် မတူဘူးဆိုတာ လက်ခံပါတယ် မြို့သားရဲ့၊ ဟဲ... ဟဲ... ချ... ချ...'

'ဂွပ်...'

ငှဲ့ပြီးသားအရက်ကို တစ်ရှိန်ထိုး သောက်ချလိုက်မိပြန်သည်။

'ကောင်းလိုက်တာ၊ နောက်တစ်ခွက်'

'ဟုတ်ပြီ မြို့သား'

'ဂွပ်... ဟူး...'

ဒီလိုနဲ့... ဒီလိုနဲ့...

ဒီလိုနဲ့...

ငါးပိသည်က အိပ်နေပြီး
ဆားသည်က ယင်ခြောက်ဆိုသလို
မှုန်ရှုံ့နေသော ကျွန်တော့်ကိုယ်စား
ကိုစံတုတ်က နိုးပေးရာကို
လိုက်လာခဲ့ရခြင်းကပင်
သူမအဖို့ သိက္ခာတွေ
ဘယ်လောက်ကျလိုက်မည်နည်း။
ဘယ်လောက်များ
ရှက်စရာ
ကောင်းလိုက်ပါသနည်း။



www.burmeseclassic.com

# -၂၁-

'ဟာ…'

မျက်နှာပေါ်ထိုးကျလာသော နေရောင်စူးစူးကြောင့် အလန့်တကြား ထကာ ငုတ်တုတ်ထိုင်လိုက်သည်။ ကိုယ်ပေါ်တွင် လွှမ်းခြုံထားသည့်စောင်များကို ခပ်ကြမ်းကြမ်းဆွဲဖယ်ပစ်လိုက်မိသည်။

'ငါ ဘယ်… ရောက်… ဟိုက်…'

လက်စသတ်တော့ ကိုစံတုတ်တို့ နွားစာသိုလှောင်ထားသော နွားတင်းကုပ်ပေးက နွားစာခန်းထဲ ရောက်နေတာကိုး။ နေပါဦး… ဘယ့်နှယ် လုပ်ပြီး ဒီပေါ်ရောက်နေတာပါလိမ့်။

ဟာ… သွားပြီ။ ညက သူမကိုခိုးဖို့ ချိန်းဆိုထားခဲ့သည်ပဲ။

အောင်ပွဲကို အကြိုလွှန်သွားပြီး အိပ်ပျော်သွားခဲ့သည်။

သေစမ်း… ငါ့လောက် မိုက်မဲတဲ့ကောင် မရှိပါလား။ ဒုက္ခပဲ။

ညတုန်းက ပါးကွက်ကျားမကလေး ကျွန်တော့်အလာကို အမျှော်ကြီး မျှော်နေပေလိမ့်မည်။ ယုံကြည်အားကိုးခြင်းများစွာဖြင့် စောင့်ကြိုနေခဲ့လိမ့်မည်။

အခု ကျွန်တော့်ဖြစ်ပုံက ထီမပေါက်ခင်(ထီလက်မှတ်ဖန်းပြပြီး) ငွေချေးသုံးမိပြီး အကြွေးတင်သည့်လူလို။ ပန်းတိုင်မရောက်ခင် တက်ထောင်မိသည့် လေလျော်သားလို။ ဂိုးပေါက်ထဲ ဘောလုံးမဝင်ဘဲ အကိုျပြုတ်ပစ်



လိုက်မိသည့် ဘောလုံးသမားလို အနီကတ်နှင့် တိုက်ရိုက်ထိရသလို။

သွားပြီ။ သူမ ကျွန်တော့်ကို နာကြည်းမုန်းတီးသွားတော့မည်။

နာကြည်းမုန်းတီးခြင်း၏ နောက်ဆက်တွဲ၌ အရွဲ့တိုက်ကာ ပေးစားသူနှင့် ယူလိုက်လိမ့်မည်။

ဒီလိုတော့ အဖြစ်မခံနိုင်။ ဘယ်နည်းနှင့်မျှ ကျွန်တော့်ချစ်သူ တစ်ပါးသူလက်ထဲ မကျရောက်စေရ။ မှားခဲ့သမျှကို ချစ်သူ ကျေနပ်သည် အထိ ဝပ်စင်းခယတောင်းပန်မည်။ ညတုန်းက မခိုးခဲ့ရသည့် ချစ်သူကို ယခုမနက် ချက်ချင်းခိုးမည်။ ချစ်သူအပေါ် တင်ခဲ့သော အချစ်အကြွေး၊ ကတိအကြွေး၊ သစ္စာအကြွေးတို့ကို အပြေးဆပ်မည်။ ထိုအကြွေးများဖြင့် အလွှမ်းနွံမှာ အနစ်မခံနိုင်။

ကိုယ်လာပြီ ပါးကွက်ကျားမကလေးရေ။

*

'ဟိုက်…'

နွားတင်းကုပ်အောက်သို့ဆင်းရန် တစ်ဖက်သို့ လှည့်လိုက်သည်တွင် ကျွန်တော့်ကိုကျောပေး၍ ဒူးကလေးနှစ်လုံးကိုပိုက်ကာ ထိုင်နေသော သူမကို တွေ့လိုက်ရသည်။

အိပ်မက်များလား၊ ထင်ယောင်ထင်မှား ဖြစ်မှုများလား။

သူမ၏ နောက်ကျောသို့ကပ်ကာ သူမ၏ ဝင်းဝါစိုအိနေသော လက်မောင်းသားတလေးကို သွားဆိတ်ကြည့်လိုက်သည်။

'အိုး… လူကို ဘာလို့လာဆိတ်ဆွဲရတာလဲ'

ဟာ… အိပ်မက်မဟုတ်တာ သေချာပြီ။ ဘယ့်နှယ်လုပ်ပြီး သူမက ကျွန်တော့်ဆီ ရောက်နေရသည်မသိ။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ မလို့မတောင်မှ လူတစ်ယောက်လုံး ဒီရောက်လာအောင်တော့ မသယ်လာနိုင်မှာမဟုတ်။

'မ…'

www.burmeseclassic.com



ကျွန်တော် သူမကို ခေါ်ကြည့်လိုက်သည်။

သူမက မထူးပါ။

'မ...'

'... ...'

'မ ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲဟင်'

'... ...'

'ကိုယ့်ကို စကားလေးဘာလေး ပြောပါဦး'

'... ...'

'ဒုက္ခပဲ'

ထိုအချိန်တွင် ကိုစံတုတ်က ဖလုံတွေ၊ ပန်းကန်တွေရွက်ကာ တင်းကုပ်ပေါ် တက်လာသည်။

'ရော့... မြို့သား၊ မျက်နှာလေးသစ်လိုက်ဦး၊ အောက်မဆင်းနဲ့၊ ဒီအပေါ်ကပဲ သစ်ချလိုက်တော့'

ကိုစံတုတ် လှမ်းပေးသော ရေဖလားကိုယူကာ မျက်နှာသစ်၊ အာလုတ်ကျင်းလိုက်သည်။

'မြို့သားရော၊ မိဖြူရော ထမင်းစားလိုက်ကြဦး၊ ကျုပ် ရွာထဲသွားပြီး အခြေအနေကို စုံစမ်းလိုက်ဦးမယ်'

ထမင်းများ၊ ဟင်းများကို ချပေးပြီး အောက်ပြန်ဆင်းရန် ပြင်နေသော ကိုစံတုတ်ကို လက်လှမ်းဆွဲက...

'နေပါဦး... သူ... သူက ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာတုံး'

ကျွန်တော့်အမေးကြောင့် ကိုစံတုတ်က မျက်လုံးကို တမင်ပြူးကာ...

'ညက ကိုယ်တော်ကလေး ခေါင်းထောင်မထူနိုင်လို့ ကျွန်တော်မျိုးကြီးကိုယ်တိုင် ဆောင်ကြဉ်းပေးထားတာပါ ဘုရား၊ တို့ခြားမှာ သွားပုန်း



တာထက် အနီးအနားမှာပုန်းတာ အလုံခြုံ စိတ်ချရဆုံးမို့လို့ တင်းကုပ်ပေါ် တင်ထားရတာ၊ ကျုပ် တာဝန်ကျေပါတယ်နော် မြို့သား'

'အကြွင်းမဲ့ တာဝန်ကျေပါတယ် ကိုစံတုတ်ရယ်၊ ကျေးဇူးအကြီး အရမ်းတင်ပါတယ်ဗျာ၊ နို့မို့ဆို ကျွန်တော်တို့ သေရမှာ'

ကိုစံတုတ်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ဆိုမိလိုက်သည်။

'ကဲ... အခုတော့ မသေရတော့ဘူး မဟုတ်လား၊ နေရစ်ခဲ့ကြဦး၊ ကျုပ် ရွာထဲသွားလိုက်ဦးမယ်၊ ဟော့... မိဖြူ ဘာမှအားမငယ်နဲ့၊ အားလည်း မနာနဲ့နော်၊ တစ်ရွာတည်းသားချင်းတွေပဲဟာ၊ ကိုယ့်အိမ်လိုပဲ သဘောထားနေ၊ ဟုတ်ပြီလား'

ဝါးလှေကားမှတစ်ဆင့် ကိုစံတုတ် ပြန်ဆင်းသွားသည်။

သူမကတော့ သည်အတိုင်း ငုတ်တုတ်။ နည်းနည်းကလေး ရွေ့လှုပ်။

'မ ထမင်းစားရအောင်လေ'

'... ...'

'မ ထမင်းစားရအောင်ဆို'

'... ...'

'မ... မရေ... ဟွး... မောလိုက်တာ'

'... ...'

*

ဆွမ်းခံတွေ ဝင်သည်အထိ သူမက ကျွန်တော့်ကို စကားမပြောသေး။ ကျောက်ဆစ်ရုပ်ကို ကြိုးတုပ်ပြီး မေ့ဆေးပေးထားသည့်အတိုင်း တောင့်မလှုပ်။ ငုတ်တုတ်မေ့နေတာလား မသိ။

သူမကို ဒီလောက်အထိခေါင်းမာနိုင်လိမ့်မည်ဟု ကျွန်တော် မထင်ခဲ့။

www.burmeseclassic.com



သူမဘက်မှ တွေးကြည့်ပြန်တော့လည်း ဟုတ်မှန်နေပြန်သည်။

ကျွန်တော့်ကို ချစ်လွန်း၍သာ လိုက်လာခဲ့ရသည်။ ငါးပိသည်က အိပ်နေပြီး ဆားသည်က ယင်ခြောက်ဆိုသလို မူးရူးနေသော ကျွန်တော့ ကိုယ်စား ကိုစံတုတ်က ခိုးပေးရာကို လိုက်လာခဲ့ရခြင်းကပင် သူမအဖို့ သိက္ခာတွေ ဘယ်လောက်ကျလိုက်မည်နည်း။ ဘယ်လောက်များ ရှက်စရာ ကောင်းလိုက်ပါသနည်း။ ကျွန်တော့်အပေါ် ဒီထက်မက ဒေါသဖြစ်သင့်ပါ သည်။ စိတ်ဆိုးစိတ်ကောက်ပိုင်ခွင့် ရှိပါသည်။ ဟိုသီချင်းထဲကလို ကိုယ့် အလွန်ပဲ ရှိပါစေလို့သာ။

'တိတ်တိတ်နေကြနော်၊ မိဖြူ အဖေနဲ့ အမေရော ဇည့်သည်တစ် ယောက်ရော ရောက်လာပြီး မေးလားမြန်းလားလုပ်နေတယ်၊ ကျုပ် အိမ် ရှေ့သွားပြီး ကြည့်ထိန်းလိုက်ဦးမယ်'

တင်းကုပ်အောက်မှ လှမ်း၍ ကိုစံတုတ်က အသံအုပ်အုပ်ဖြင့် ပြော ကာ သုတ်သုတ်နှင့် ပြန်ထွက်သွားသည်။

ဒီမှာပင် တစ်မနက်လုံး မလှုပ်မယှက်နေခဲ့သော သူမက သတ်ခနဲ ထရပ်ကာ လှေကားဆီသို့ လှမ်းလိုက်သည်။

'ဟာ... မ ဘာလုပ်မလို့လဲ'

အလန့်တကြား မေးလိုက်သော ကျွန်တော့်အမေးကို သူမက ခပ်ဆတ်ဆတ်ပြန်ဖြေသည်။

'ဖေဖေတို့နဲ့ ပြန်လိုက်သွားတော့မလို့'

ပြောပြောဆိုဆိုနှင့် သူမ၏ ခြေထောက်တစ်ဖက်က ဝါးလှေကား ထစ်ပေါ်သို့ နင်းလိုက်သည်။

'မ ဒီလိုမလုပ်နဲ့လေ'

သူမ၏လက်မောင်းတစ်ဖက်ကို လှမ်းဆွဲလိုက်သည်။

'အို... ဖယ်ပါ'

သူမက ကျွန်တော့်လက်ကို ပုတ်ထုတ်ကာ နောက်ထပ်လှေကား



တစ်တစ်သို့ ဆင်းလိုက်ပြန်သည်။

'မ ဒီလိုမလုပ်ပါနဲ့ မရယ်'

ကြမ်းပြင်စွန်းတွင် လက်တစ်ဖက်ထောက်ကာ ကျွန်တော် လက်တစ်ဖက်ဖြင့် သူမကို လှမ်းဆွဲလိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင် ထောက်မိသည့်ကြမ်းမှာ ပိုးထိုးထားသည့် ဝါးခြမ်းဖြစ်နေ၍...

'ဂွတ်... ဝုန်း'

'အောင်မယ်လေး... လုပ်ကြပါဦး'

သူမ၏ ကျောပြင်ပေါ်မှကျော်၍ ဒိုင်ဗင်ထိုးကာ နောက်ချေး (နွား ချေး)နှင့် နွားသေးဗွက်တွင် 'ဖွမ်း'ခနဲ။

'သူ... သူ... ဘာဖြစ်သွားသေးလဲဟင်'

ကမန်းကတန်း အပြေးအလွှားလာ၍ပွေ့ထူလာသော သူမ၏ရင်ခွင် ထဲမှနေ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

'အား... စပ်... စပ်တယ်'

နဖူးပေါ်မှ စီးကျလာသော နွားချေးနှင့် နွားသေးများက မျက်စိ ထဲဝင်၍ စပ်သောကြောင့် မျက်လုံးကိုပြန်မှိတ်ကာ လက်ခုံဖြင့် ပွတ်သပ် လိုက်ရသည်။

'ဟော့... ဘာဖြစ်ကြတာလဲ'

ကိုစံတုတ်၏ အသံနှင့်အတူ ခြေသံများ အနားသို့ရောက်လာသည်။

'ဟာ... သမီး'

လူကြီးတစ်ယောက်၏ အသံ။

'သမီးတို့ချစ်ခြင်းကိုမခွဲပါနဲ့ ဖေဖေနဲ့ မေမေတို့ရယ်၊ သမီး သူ့ ကိုပဲ ချစ်တယ်၊ ဖေဖေတို့ပေးစားမယ့်သူကို မယူချင်ဘူး၊ သမီးတို့ချစ်ခြင်း ကို မခွဲပါနဲ့နော်၊ သမီး တောင်းပန်ပါတယ်'

သူမက ကျွန်တော့်ကို ပွေ့ဖက်ထားလျက်မှ ငိုကြွေးသံ

www.burmeseclassic.com



ပြောနေသော တောင်းပန်စကား။

(ထိုအချိန်တွင် ကိုစံတုတ်က ရေဖလားခပ်လာ၍ ကျွန်တော့် မျက်နှာပေါ် လောင်းချပေးသည်။)

'အေးကွယ်… သမီးတို့ ချစ်ခြင်းကို မခွဲပါဘူး၊ ဒါပေမဲ့ ဖေဖေတို့ ပေးစားမယ့်သူကိုတော့ သမီး ယူရမယ်'

'ရှင်…'

'ဟုတ်တယ် သမီး၊ သမီးချစ်တဲ့သူနဲ့ ဖေဖေတို့ ပေးစားမယ့်သူ ဟာ တစ်ယောက်တည်းဖြစ်နေလို့ပဲ'

'ဗျာ…'

အံ့သြခြင်းများစွာဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

သူမ၏ ဖခင်ဖြစ်သူဟု ယူဆရသည့် လူကြီးနံဘေးတွင် ရပ်နေ သော ရှေ့နေကြီး ဦးသောင်းယုကို တွေ့လိုက်ရသည်။

ဦးသောင်းယုက ခပ်မိန့်မိန့်ပြုံး၍…

'ဟုတ်တယ် ငါတူရဲ့၊ ဟောဒီက ဦးကြည်နဲ့ မင်းအဖေဟာ အရင်တုန်းက ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နေလာခဲ့ကြတဲ့ သူငယ်ချင်းတွေ ပဲ၊ ဦးကြည်က ဝန်ထမ်းဘဝနဲ့ ဟိုမြို့ရောက်၊ ဒီမြို့ရောက်နဲ့မို့လို့ မင်း အဖေ သေခါနီး ငါးနှစ်လောက်အလိုမှာ အဆက်အသွယ်ပြတ်သွားရတာ၊ ငါတူတို့အိမ်မှာနေတဲ့ ဘကြီးသက်ဆိုတဲ့ အဘိုးကြီးကိုလည်း ဟောဒီ ဦးကြည်ကပဲ လာပို့ပေးထားတာ၊ ငါတူနဲ့ ဟောဒီက တူမကို ပေးစားဖို့ အစကတည်းက အစီအစဉ်ရှိပါတယ်၊ ဒါပေမဲ့ လူငယ်ချင်း သဘောတူ ကြည်ဖြူကြမှ ပိုပြီးကောင်းမယ်ထင်လို့ အခုလို လျှို့ဝှက်ထားခဲ့ကြတာပဲ၊ ကဲ… အခုတော့ မင်းအဖေရဲ့ဆန္ဒအတိုင်း ငါတူ အသက်နှစ်ဆယ့်ငါးနှစ်မှာ ဟောဒီက ဦးကြည်ရဲ့သမီးနဲ့ လက်ထပ်ပေးပြီး အမွေတွေလွှဲပေးဖို့ပဲ ရှိတော့ တာပေါ့၊ ကဲ… ကဲ… ဦးတို့ အိမ်ထဲကို သွားနှင့်မယ်၊ ငါတူတို့ လိုက်ခဲ့ကြ တော့'



ညီပွေယိမ်းကလေး။

ကိုစံတုတ်ကအစ အကုန်လုံး၏ ခြေလှမ်းများက အိမ်ရှေ့ဆီသို့ ဘယ်ညာညီညီ လှမ်းသွားကြသည်။

ရင်ထဲတွင် ပြောမပြတတ်လောက်အောင် အပျော်တို့က တစိမ့်စိမ့် ကြည်နူးလိုက်ဖို့စွာ သူမ၏မျက်နှာကလေးကို ပြုံး၍ကြည့်လိုက်သည်။

သူမ၏ အပြုံးတစ်ခုက ကျွန်တော့်နှလုံးသားကို ဒုတ်ခနဲဝင်တိုက် သည်။

'ထတော့ကွာ… နောက်ချေးဗွက်ထဲမှာ တစ်ကိုယ်လုံး ပေရောလို့'

သူမ၏ ချိုမြမြစကားကို ခေါင်းယမ်းကာ ငြင်းပယ်လိုက်သည်။

'မထဘူး'

'ဘာလို့လဲ'

'ဟို ဓာတ်တော်ထဲကလိုလေ'

'ဘယ်ဓာတ်လဲ၊ ဖိုးချစ်တို့ဓာတ်လား'

'ဟာ…မဟုတ်ဘူး၊ ဟိုဓာတ်လေ၊ ဘာတဲ့ ပပဝတီနဲ့ ဟို စမ်းသပ် ဆိုလား၊ ကာကွယ်မင်းဆိုလား'

'ဟင်း… ဟင်း… ကြံကြံဖန်ဖန် နောက်တယ်၊ စမ်းသပ်တာ လည်း မဟုတ်ဘူး၊ ကာကွယ်တာလည်း မဟုတ်ဘူး၊ ကုသတာလေ'

'အဲ… အဲ… အဲဒီ ကုသမင်းနဲ့ ပပဝတီ ဓာတ်သိမ်းခန်းလိုလေ ပပတူမှ ထမယ်ဆိုလိုပေါ့'

'လူလည်… သွား… မထူဘူး'

'တကယ်လား'

'တကယ်ပေါ့၊ ထူကို မထူပါဘူး'

'ဒါဆို ဟောဒီလို လှဲအိပ်ချလိုက်မယ်'

နွားချေးဗွက်ထဲမှာ ပြန်လှဲချလိုက်သည်။

'ဟော့… အဲဒီလို မလုပ်နဲ့လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား…'

နွားချေး၊ နွားသေးအိုင်ထဲတွင် ပျော်မွေ့ကာ သဘောခွေ့နေကြသော ကျွန်တော်တို့နှစ်ယောက်ကိုကြည့်၍ အထူးအဆန်းဖြစ်နေပုံရသော ချည်တိုင်မှ နွားကြီးက မာကဓဘာသာစကားဖြင့် လှမ်းအော်ပြောလိုက်သည်။

'ဝဠ်ပဲ… ဝဠ်ပဲ'

ဟူ၍…

*စာဖတ်ပရိသတ်ကြီးအား ပျော်တော်ဆက်ဦးမည်…*

ညိုနောင်

BURMESE CLASSIC .com

www.burmeseclassic.com